ကြေးမုံ
The Mirror Daily
ဝန္ဍာရဏ ဓြဇိ ဘဝ်တွင် စတင်ကြည်အောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ စနေနေ့။ Saturday, 30 May 2020 ၁၀၀၂၈

စိုးရိမ်ကြောင့်ကြမှုမရှိ

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ဝိယဝဂ်(ဓမ္မပဒ-၂၁)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီစစ်ဆေးရေးဂိတ်၌ စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး

နေပြည်တော် မေ ၂၉

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီစစ်ဆေးရေးဂိတ်၌ စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရင်းအင်းအချက်အလက်များ ကောက်ခံရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာမ ဒေါ်ခင်ဥမ္မာမြင့်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့နှင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကြိုဆိုရေး၊ ပြန်လည်လက်ခံရေးနှင့် သက်ဆိုင်ရာဒေသအသီးသီးသို့ ပို့ဆောင်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခြေအနေများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း စနစ်တကျ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ COVID-19 နှင့်ပတ်သက်သည့် ကာကွယ်ရေးပစ္စည်းများအား လိုအပ်သည့်နေရာများသို့ စနစ်တကျ ပြန်လည်ဖြန့်ခွဲပေးနေမှု၊ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သတင်းဖြန့်ဝေပေးမှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နေမှု၊ ပြန်လည်ဝင်ရောက်လာသူများ၏ စားသောက်နေထိုင်ရေးနှင့် စည်းကမ်းလိုက်နာမှုအခြေအနေ၊ ပြည်သူများ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ စာရင်းအင်းအချက်အလက်များ ကောက်ခံရေးတွင် ပါဝင်ဆောင်ရွက်နေသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီစစ်ဆေးရေးဂိတ်၌ စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးစဉ်။

- နယ်စပ်မှ ပြန်လာသည့် ပြည်သူများနှင့် ပတ်သက်၍ အဓိက တာဝန်ယူရသည်မှာ ကရင်ပြည်နယ် အစိုးရနှင့် ကရင်ပြည်နယ် ပြည်သူလူထုဖြစ်
- အားလုံးပူးပေါင်း ဆောင်ရွက်သည့်အတွက် ယခုကဲ့သို့ ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ခဲ့
- ကနဦးပိုင်းတွင် စိုးရိမ်ပူပန်မှုများရှိသော်လည်း ပူးပေါင်းဆောင်ရွက်သည့်နေရာတွင် အင်မတန်လေးစားစရာကောင်း
- ကရင်ပြည်နယ်မှ အစိုးရပိုင်း၊ အုပ်ချုပ်ရေးပိုင်း ဝန်ထမ်းများ၊ စေတနာဝန်ထမ်းများနှင့် ပြည်သူအားလုံးကို ကျေးဇူးတင်ရှိ

ကြေးမုံ ယနေ့ ဖတ်စရာ

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး
စာမျက်နှာ » ၄

ကိုဗစ်-၁၉ ကာလအတွင်း နေရပ်ပြန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများအား ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ညှိနှိုင်းဆွေးနွေး
စာမျက်နှာ » ၅

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိသည်မှာ ရက်သတ္တလေးပတ်အတွင်း ဝင်ရောက်ခဲ့ပြီဖြစ်
စာမျက်နှာ » ၁၂

နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၉

နေပြည်တော် ဥတ္တရသီရိမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော် လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ရတနာသိဒ္ဓိ ကျောင်းဆောင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညိုု

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဏိဓောတိက ကျွဲရှင်း ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဒုမ အမှူးပြုသော ဆရာတော်ကြီး ငါးပါးကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မဏိဓောတိက ကျွဲရှင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဒုမထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါး သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖွဲ့သရဇ္ဈာယ်တော်မူကြသည့် ရတနာသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

အနုမောဒနာတရား နာကြား

ထို့နောက် နေပြည်တော် ဥတ္တရသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရာဇဓာနီသာမဏေကျော်ကျောင်းတိုက် ပဓာနနာယက၊ ဂန္ဆဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသ ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တို့ပြန်နေစဉ်ကာလအတွင်း နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၆၅ ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၉၆၀၊ သီလရှင် ၁၃ ပါး၊ စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၉၇၃ ပါးတို့အတွက် ဆွမ်းဆန်တော်အိတ် ၁၉၈ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၅-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၅၀၀	၁၁,၀၀၀	၂,၃၀၄	၂၅,၁၇၃,၀၀၀
MTSH	၃,၈၀၀	၃,၈၀၀	၄၁၂	၁,၅၆၁,၆၀၀
MCB	၈,၂၀၀	၈,၂၀၀	၃၅၂	၂,၈၆၆,၄၀၀
FPB	၂၃,၀၀၀	၂၃,၅၀၀	၁၁	၂၅၅,၅၀၀
TMH	၂,၈၅၀	၂,၈၅၀	၃,၆၁၆	၁၀,၃၀၅,၆၀၀
EFR	၂,၇၀၀	၂,၇၅၀	၅,၀၄၀	၁၃,၆၁၆,၃၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၉

ရန်ကုန်(ရွှေဈေး) ၁၂၁၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၄၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်		မန္တလေး	
(က) ဒီဇယ်	တစ်လီတာ	၄၉၀/၅၂၀	ကျပ်	၅၃၀/၅၄၀	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၅၄၀/၅၆၅	ကျပ်	၆၁၅/၆၃၀	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၄၁၅/၄၆၀	ကျပ်	၄၈၀/၄၉၀	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၀၀/၅၃၅	ကျပ်	၅၄၀/၅၅၅	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၄၀	ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၄၅၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၃၈၅/၃၉၀	ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း **မြန်မာငွေကျပ်**

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၄၀၁.၀
(ခ) ဥရောပ	တစ်ယူရို	=	၁၅၅၇.၂
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၆.၁၇
(ဃ) ထိုင်း	တစ်ဘတ်	=	၄၄.၀၃၆
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၂.၄၀
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၅၄၇
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၃၁.၄၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၉၂.၀၀
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၃၀၆.၄
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၃.၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စည်းကမ်းလိုက်နာ၍ ဖြေလျှော့မှုများကိုရယူ

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ် မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးသည့် ကိစ္စရပ်များမပါ)အား ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ် ဆောင်ရွက်ထားပါကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက မေလ ၂၈ ရက်နေ့တွင် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရေးတို့အတွက် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ဧပြီလ ၁၆ ရက်နေ့တွင် လူ ငါးဦးဖြစ်စေ၊ လူ ငါးဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့်ကိစ္စရပ်များ ထုတ်ပြန်ခဲ့ပြီး ယခု ရက်တိုးခြင်းကို ထပ်မံဆောင်ရွက်ခဲ့သည်။ သို့သော် အဆိုပါကိစ္စရပ်တွင် အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများနှင့် စာသင်ကျောင်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းကိစ္စများကို ထပ်မံဖြည့်စွက်ပေးထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ယခုဖြေလျှော့ပေးမှုများသည် စည်းကမ်းလိုက်နာခြင်းအားဖြင့် Covid ကာကွယ်ရေးကို ဖေးမပေးခြင်း၏ အကျိုးဖြစ်တာကြောင့် Covid ကို အနိုင်ရရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ဆက်ပြီးကူညီကြပါလို့ မေတ္တာရပ်ခံပါကြောင်း"ငင်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် မေလ ၂၈ ရက်နေ့က သတင်းစကားပါး ရေးသားထားသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု မရှိခြင်းအခြေအနေ ရက်သတ္တနှစ်ပတ်မျှ ရှိလာပြီဖြစ်ရာ ယင်းကို နောက်ထပ် ဇွန်လ ၁၅ ရက်နေ့အထိ ထိန်းသိမ်းထားနိုင်မည်ဆိုပါက ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်ထားနိုင်သည့်အဆင့်သို့ ရောက်လာပြီဟု ဆိုရမည်ဖြစ်သည်။ အခြေအနေကောင်းများရှိလာသောကြောင့် မေလ ၃၁ ရက်နေ့အထိ ရောဂါ မပြန့်ပွားရေးအတွက် ချမှတ်ထားသည့် သတ်မှတ်ချက်အချို့ကို ဇွန်လ ၁ ရက်နေ့မှစ၍ ဖြေလျှော့ပေးမည်ဖြစ်ရာ နိုင်ငံအတွင်း တဖြည်းဖြည်း အဆင့်ဆင့်ပုံမှန်လည်ပတ်နိုင်ရေးကို သတိကြီးစွာဖြင့် ဆောင်ရွက်ကြရတော့မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အမြဲမပြတ်စောင့်ကြည့်ပြီး ပြည်သူများအကျိုးအတွက် စဉ်းစားချင့်ချိန်၍ အကောင်းဆုံးအဖြေကို ရှာဖွေလျက်ရှိသည်။ ယခု အခြေအနေကောင်းတစ်ခုကို ရရှိလာသဖြင့် ဖြေလျှော့မှုအချို့ကို ပြုလုပ်ပေးခြင်းသည် ညွှန်ကြားချက်များကို လိုက်နာကြခြင်း၏ အကျိုးရလဒ်ဟု ဆိုရမည်ဖြစ်သည်။ စည်းကမ်းလိုက်နာခြင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတွင် ဖေးမပေးခြင်း၏ အကျိုးဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါကို လုံးဝအနိုင်ရရှိရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်း၊ လိုက်နာဆောင်ရွက်ခြင်း ဆက်လက်ပါဝင်ကူညီကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် သတ်မှတ်ထားသောအချိန်ကာလတိုးမြှင့်ခြင်း၊ ဖြေလျှော့ခြင်းတို့ကို ဆောင်ရွက်ခြင်းသည် ပြည်သူလူထုကျန်းမာရေး ဘေးကင်းလုံခြုံ စိတ်ချမှုရှိစေရန်အတွက်ဖြစ်သည်။ ယခုလက်ရှိကာလတွင်လည်း မေ ၂၈ ရက်က ထုတ်ပြန်လိုက်သည့် အသိပေးကြေညာချက်နှင့်အညီ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များကို လူတိုင်းလူတိုင်း အလေးထားလိုက်နာခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကို အောင်မြင်စွာ အနိုင်ယူကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ **သတင်းထောက်များ** ဦးသန်းတင်အောင်၊ ဒေါ်ခင်မိုမိုအောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီစစ်ဆေးရေး ဂိတ်၌ စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးစဉ်။

*** ရှေ့ဖုံးမှ**

ဆရာမ ဒေါ်ခင်ဥမ္မာမြင့်က ပြည်ပမှ ဝင်ရောက်လာသူများ ပြန်လည်လက်ခံရာ၌ ပါဝင်စာရင်းကောက်ခံပေးခဲ့မှု၊ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ရေးတွင် စာရင်းအင်းနှင့်အညီ စနစ်တကျဖြစ်စေရေး ဆောင်ရွက်မှုနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို လည်းကောင်း၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြန်လည်ဝင်ရောက်လာသည့် မြန်မာ့ရွှေ့ပြောင်းအလုပ်သမားများအား မော်တော်ယာဉ်များဖြင့် နွေးနွေးထွေးထွေး သွားရောက်ကြိုဆိုမှု၊ စနစ်တကျ ပြန်လည်လက်ခံမှု၊ နေရပ်အသီးသီးသို့ စနစ်တကျ ပြန်လည်ပို့ဆောင်နေမှုနှင့် ယာယီနေထိုင်ရန် နေရာများနှင့် နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ ပြန်လည်လက်ခံမှု၊ နေရပ်အသီးသီးသို့ စနစ်တကျ ပြန်လည်ပို့ဆောင်မှုနှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိရေး ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID-19 နှင့်ပတ်သက်၍ စိန်ခေါ်မှုမှာ ရုပ်ပိုင်းဆိုင်ရာ ခွာခွာနေသည်နှင့်မျှ စိတ်ပိုင်းဆိုင်ရာနီးစပ်ရန် အင်မတန်အရေးကြီးပါကြောင်း၊ ယခုအချိန်တွင် အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

အားလုံးက တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ စာနာမှုရှိမှ ယင်းစိန်ခေါ်မှုကို အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် လူသားများ၏ သဘာဝကို လည်း လျစ်လျူရှုထား၍မရပါကြောင်း၊ တင်းကျပ်သည့် စည်းကမ်းများကို ကြာကြာထိန်းသိမ်းထားရန် မလွယ်ကူပါကြောင်း၊ အခြေအနေ ပိုကောင်းလာသည်နှင့်အမျှ ဖြေလျှော့ပေးရန် စဉ်းစားရပါကြောင်း၊ သိပ်အဆင်မပြေပါက နည်းနည်း နောက်ပြန်ဆုတ်သင့်ပါက နောက်ပြန်ဆုတ်ရမည်ဖြစ်ပါကြောင်း။

ပညာရေးကိုလည်း လျစ်လျူရှုထား၍ မရပါကြောင်း၊ စာသင်ကျောင်းများကို ဇူလိုင်လတွင် အထက်တန်းကစပြီး ဖွင့်ရန် စတင်စီစဉ်နေပါကြောင်း၊ ဇူလိုင်လ ဆန်းပိုင်းတွင် ကျောင်းများပြန်လည်ဖွင့်ရန် အဆင်ပြေ၊ မပြေကို တစ်ချိန်လုံး ချင့်ချိန်နေရပါကြောင်း။

စည်းလုံးမှုအင်အားကို အားကိုးရမည်

COVID-19 နှင့်ပတ်သက်၍ တဖြည်းဖြည်း တိုးတက်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းရောဂါနှင့်ပတ်သက်ပြီး ရောဂါကာကွယ်ရေးနှင့် ရောဂါပျောက်ကင်းရေးတို့သည် ဆေးပညာနှင့်သက်ဆိုင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဆေးပညာဘက်တွင် ထိပ်တန်းနိုင်ငံမဟုတ်သည့်အတွက် အခြားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ကာကွယ်ဆေး၊ ကုသဆေးရှာဖွေနေသည့် အခြေအနေဖြစ်ပါကြောင်း၊ မိမိတို့တွင် သိပ္ပံပညာအင်အား၊ ဖွံ့ဖြိုးရေးအင်အား မရှိသော်လည်း ပြည်သူလူထု၏ စည်းလုံးမှုအင်အားကို အားကိုးရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုက စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်မည်ဆိုပါက အခြေအနေကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ထိန်းသိမ်းထားနိုင်ပါက အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု COVID-19 ကို ရင်ဆိုင်သည့်အခါတွင် ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ကျော်လွှားနိုင်မည်ဟု ယုံကြည်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ကရင်ပြည်နယ်မှ ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နယ်စပ်မှ ပြန်လာသည့် ပြည်သူများနှင့်ပတ်သက်၍ အဓိက တာဝန်ယူရသည်မှာ ကရင်ပြည်နယ် အစိုးရနှင့် ကရင်ပြည်နယ်ပြည်သူလူထုဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်သည့်အတွက် ယခုကဲ့သို့ ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကနဦးပိုင်းတွင် စိုးရိမ်ပူပန်မှုများရှိသော်လည်း ပူးပေါင်းဆောင်ရွက်သည့်နေရာတွင် အင်မတန် လေးစားစရာကောင်းပါကြောင်း၊ ကျေးဇူးတင်စရာကောင်းပါကြောင်း၊ ကရင်ပြည်နယ်မှ အစိုးရပိုင်း၊ အုပ်ချုပ်ရေးပိုင်း ဝန်ထမ်းများ၊ စေတနာဝန်ထမ်းများနှင့် ပြည်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအတိုင်း ဆက်လက်သွားမည်ဆိုပါက COVID-19 စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

သတင်းစဉ်

အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည့် ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/Transponder(VMS ကိရိယာ)များကို ၃၁-၁-၂၀၂၀ ရက်နေ့တွင် တပ်ဆင်ခဲ့ပြီးဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာန၏ VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ၁-၂-၂၀၂၀ ရက်နေ့မှ ၃၁-၅-၂၀၂၀ ရက်နေ့ထိ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ Marine Protected Area အဖြစ် သတ်မှတ်ထားသော လန်ပိကျွန်းဇရိယာနှင့် တားမြစ်ထားသည့် ငါးဖမ်းကွက် (F13, F14, F20, F21)များအတွင်းသို့ ဝင်ရောက်ငါးဖမ်းဆီးသော စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ တရားဝင်ရေယာဉ်ကိုယ်စားလှယ်များအား ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့် သတိပေးခြင်း၊ အလားတူစည်းကမ်းဖောက်ဖျက်မှုမျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခြင်း၊ MRTV ရုပ်သံတို့မှ အသိပေးကြေညာခြင်းနှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်စာရင်းအား ငါးလုပ်ငန်းဦးစီးဌာန၏ Website တွင်(၅)ကြိမ်တိုင်တိုင် အသိပေးကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တည်နေရာသတင်းအချက်အလက် ပေးပို့မှုမရှိသည့် ရေယာဉ်များ(Silent Vessels)၏ ပိုင်ရှင်များ၊ တရားဝင်ကိုယ်စားလှယ်များအား ရေယာဉ်၏ တည်နေရာ သတင်းအချက်အလက် ပေးပို့မှုပြတ်တောက်စေမည့် စက်ဖြုတ်ခြင်း၊ စက်ပိတ်ခြင်းတို့ကို လုံးဝမပြုလုပ်စေရန်၊ ရေယာဉ်၏ တည်နေရာပြန်လည်ပေးပို့စေရန်နှင့် အလားတူကိစ္စရပ်မျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန်အတွက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် မေ ၂၉

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းတိုးချဲ့ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF)ထံမှ အမေရိကန်ဒေါ်လာသန်း ၂၀ ချေးငွေ ရယူရေးနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တံတားကြီး တည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို အချိန်တိုအတွင်းဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒလမြို့သစ်စီမံကိန်းနှင့် တွဲတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် တံတားကြီးဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါ ဒလတံတားမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးသို့လည်း ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးလမ်းမှတစ်ဆင့် အလွယ်တကူ သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ-ကိုရီးယားချစ်ကြည်ရေးဒလတံတားကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အချိန်မီ ပြီးစီးနိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများအား ဟန်ချက်ညီညီနေ့၊ ညမပြတ်အချိန်ပြည့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရေလမ်းကင်းလွတ်အကျယ်တိုးချဲ့တည်ဆောက်ရေးအတွက် လိုအပ်သည့် အမေရိကန်ဒေါ်လာသန်း ၂၀ ကို EDCF ထံမှ ချေးယူမည့်ကိစ္စအား ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒလတံတားစီမံကိန်းအတွက် ထပ်မံလိုအပ်သည့် အမေရိကန်ဒေါ်လာသန်း ၂၀ ကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ(EDCF)ထံမှ ရယူနိုင်ရေး လွှတ်တော်က သဘောတူ

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူမည့် ကိစ္စကို လွှတ်တော်က အတည်ပြုပြီးသည့်အခါတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရန်အတွက် EDCF နှင့် ညှိနှိုင်းခြင်း၊ စာချုပ်လက်မှတ်ရေးထိုးခြင်း၊ စာချုပ်အသက်ဝင်ရန် ဆောင်ရွက်ခြင်း၊ သတ်မှတ်ချိန်အတိုင်း ချေးငွေထုတ်ယူရရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှု၊ တိုးတက်မှု၊ အခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပုံမှန်အစီရင်ခံတင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒလတံတားစီမံကိန်းအတွက် ထပ်မံလိုအပ်သည့် အမေရိကန်ဒေါ်လာသန်း ၂၀ ကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ ရယူနိုင်ရေးကိစ္စအပေါ်တွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

ဒုတိယဝန်ကြီး
ဦးလှကျော်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက က အဆိုပါချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရှိ ၃၃ သန်းရယူရေး လွှတ်တော်က သဘောတူ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ၊ Unicredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရှိ ၃၃ သန်းရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယင်းအီလက်ထရောနစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစီမံကိန်းသည် နိုင်ငံတော်၏ ပထမဆုံးလုပ်ငန်းဖြစ်ပါကြောင်း၊ လုပ်ငန်းပမာဏကြီးမားသည့် နည်းပညာအသုံးပြုဆောင်ရွက်ရမည့် စီမံချက်တစ်ခုလည်းဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် အဆိုပါစနစ်ကို စတင်ကျင့်သုံးနေသည်မှာ ၁၀ စုနှစ်များစွာ ရှိနေပြီဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင်လည်း အခက်အခဲများ၊ အားနည်းချက်များ တွေ့ကြုံနိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့နယ်မြေများတွင် ယင်းလုပ်ငန်းဆောင်ရွက်သည့်အခါ လမ်းညွှန်ဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထို့ပြင် ယင်းလုပ်ငန်းအောင်မြင်ရေးအတွက် အချိန်ပြည့် e-ID စနစ်လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီကို အကြံဉာဏ်များ ပေးနိုင်ပါကြောင်းနှင့် သိရှိလိုသည့်အချက်များကိုလည်း မိမိတို့အနေဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးယူမည့် ယူရှိ ၃၃ သန်းကိစ္စကို အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်က အတည်ပြုပြီးသည့်အခါတွင် ချေးငွေစာချုပ် ချုပ်ဆိုရန်အတွက် ဩစတြီးယားနိုင်ငံ Unicredit Bank နှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် ပါဝင်သည့် အဆင့်များအလိုက် ချေးငွေထုတ်ယူသုံးစွဲနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ချေးငွေနှင့်ပတ်သက်၍ ပုံမှန်အစီရင်ခံတင်ပြသွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက က အဆိုပါ ချေးငွေ ရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေး စနစ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ အမေရိကန် ဒေါ်လာသန်း ၂၀၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးလှကျော်က ယခုစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုခွင့်ပြုမှု ရရှိပြီးသည်နှင့် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းအစီအမံများကို ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ချေးငွေပေးမည့် အဖွဲ့အစည်း၏ ဖွန့်လတွင် ကျင်းပမည့် ရန်ပုံငွေဆိုင်ရာ ဘုတ်အဖွဲ့အစည်းအဝေးမှ အတည်ပြုမှုရရှိသည်နှင့် တစ်ပြိုင်နက် လုပ်ငန်းစဉ်အရ ချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ အကြံပြုချက်နှင့်အညီ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်ကွပ်ကဲမှုအဖွဲ့များ၊ အကောင်အထည်ဖော်မည့်အဖွဲ့များကို ဖွဲ့စည်းပြီး မိမိတို့ဌာနဆိုင်ရာများ၊ ဒေသအလိုက်လွှတ် တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်အလိုက် ဆောင်ရွက်သွားမည့် အသေးစိတ် Work Plan များနှင့်အညီ ချေးငွေကိုထိရောက်စွာ သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေရယူရေးအပေါ်တွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေကို လွှတ်တော်ကအတည်ပြုပြီးသည့်အခါတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ကမ္ဘာ့ဘဏ်နှင့်ဆက်လက်ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပြီး ချေးငွေများသတ်မှတ်ချိန်အတိုင်း ထုတ်ယူရရှိစေရန်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ချေးငွေနှင့် ပတ်သက်သည့် အစီရင်ခံစာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပုံမှန်တင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ ကြောင့် ချေးငွေအပေါ်တွင် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က အဆိုပါ ချေးယူရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဓမ္မဒိန်းမဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ကျန်းမာရေးလုံခြုံမှုဆိုင်ရာ စီမံကိန်းနှင့် COVID-19 ကဲ့သို့သော ကမ္ဘာ့ကူးစက်မြန်ရောဂါများကုသရေးဝန်ဆောင်မှု အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၃၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူနှင့် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီတို့က ဆွေးနွေးကြသည်။

အဆိုပါ ချေးငွေနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက က အဆိုပါချေးငွေ ရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏ်စိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြပြီး ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက က လွှတ်တော်၏ အဆုံးအဖြတ်

ဖာပွန်မဲဆန္ဒနယ်မှ
ဦးစောထွန်းမြအောင်

လွိုင်ကော်မဲဆန္ဒနယ်မှ
ဒေါက်တာခင်စည်သူ

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ
ဦးအာမိုးဆီ

အတည်ပြုရမှာဖြစ်သည်နှင့် လုပ်ငန်းစဉ်အရ ချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ အကြံပြုချက်နှင့်အညီ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်ကွပ်ကဲမှုအဖွဲ့များ၊ အကောင်အထည်ဖော်မည့်အဖွဲ့များကို ဖွဲ့စည်းပြီး မိမိတို့ဌာနဆိုင်ရာများ၊ ဒေသအလိုက်လွှတ် တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်အလိုက် ဆောင်ရွက်သွားမည့် အသေးစိတ် Work Plan များနှင့်အညီ ချေးငွေကိုထိရောက်စွာ သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေရယူရေးအပေါ်တွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေကို လွှတ်တော်ကအတည်ပြုပြီးသည့်အခါတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ကမ္ဘာ့ဘဏ်နှင့်ဆက်လက်ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပြီး ချေးငွေများသတ်မှတ်ချိန်အတိုင်း ထုတ်ယူရရှိစေရန်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ချေးငွေနှင့် ပတ်သက်သည့် အစီရင်ခံစာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပုံမှန်တင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ ကြောင့် ချေးငွေအပေါ်တွင် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က အဆိုပါ ချေးယူရယူနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဒုတိယ နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ် ပြီးစီးပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့တစ်ဝန်း COVID-19 ရောဂါဖြစ်ပွားခြင်းတွင် ပြုလုပ်ရသည့် အစည်းအဝေးကာလ နှစ်ပတ်အတွင်း လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ထိုက်သင့်သလောက်ပြီးစီးအောင် ပူးပေါင်းပါဝင်ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထောက်အကူပြုဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာသည်။

အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)

AustCham Myanmar က ဦးဆောင်ကျင်းပသည့် Webinar သို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ဆွေးနွေး

နေပြည်တော် မေ ၂၉

AustCham Myanmar က ဦးဆောင်ကျင်းပသည့် နိုင်ငံခြားကုန်သည်ကြီးများအသင်းနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များဆိုင်ရာ Webinar ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနခွဲ Video Conference စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဆက်အောင်၊ ဦးဗရတ်ဆင်းတို့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ငွေကြေးထောက်ပံ့လျက်ရှိ

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မိမိတို့အနေဖြင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေးအတွက် ယခုကဲ့သို့သော ဆွေးနွေးမှုများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စက်ရုံအလုပ်ရုံများနှင့် အိမ်ထောင်စုများ ကြုံတွေ့ရလျက်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများကို လျော့ပါးစေရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေနှင့် ဥရောပသမဂ္ဂ၏ ငွေကြေးပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် "မြန်ကူ"အစီအစဉ် ကဲ့သို့သော အစီအစဉ်များမှတစ်ဆင့် ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဆက်အောင်က စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP) နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအမံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေဆဲဖြစ်သော်လည်း လက်ရှိဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံကျော် စီးဝင်ပြီးဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကို ပြည့်မီနိုင်မည်ဟု မျှော်မှန်းကြောင်း ဆွေးနွေး ပြောကြားသည်။

AustCham Myanmar ၏ Chairperson ဖြစ်သူ Mr. Chris Hughes က နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်မှုများကို တိုက်ရိုက်သိရှိခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်း၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် မိမိတို့ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အစိုးရနှင့်ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားကုန်သည်ကြီးများအသင်း ၁၅ ခုတို့မှ ကိုယ်စားလှယ်ပေါင်း ၄၀၀ ကျော်ပါဝင်တက်ရောက်ကြောင်း သိရှိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ကာလအတွင်း နေရပ်ပြန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများအား ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၉

ကိုဗစ်-၁၉ ကာလအတွင်း နေရပ်ပြန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများအား ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသမီးအရေး တက်ကြွစွာဆောင်ရွက်ပေးနေကြသည့် ကော်မတီဝင်အမျိုးသမီးအဖွဲ့အစည်းများနှင့် ယနေ့မွန်းလွဲပိုင်းတွင် Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

အဆိုးထဲမှအကောင်း

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလအတွင်း မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို ကျေပွန်အောင်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထိခိုက်လွယ်အုပ်စုများတွင် ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ တိုက်ပွဲရှောင်နှင့် IDP စခန်းနေသူများအတွက်လည်း စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ၂၀၂၀ ပြည့်နှစ်သည် ပေကျင်းကြေညာစာတမ်း (၂၅)နှစ်ပြည့် မြောက်သောနှစ်ဖြစ်ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို စွမ်းစွမ်းတမံအရှိန်အဟုန်မြှင့် ဆောင်ရွက်ကြမည့်နှစ်ဖြစ်ကြောင်း၊ သို့သော်လည်း ကမ္ဘာတစ်လွှား ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကြောင့် အမျိုးသမီးကဏ္ဍတွင် ရရှိပြီး တိုးတက်မှုများ ယုတ်လျော့မသွားအောင် ကိုဗစ်-၁၉ ဖြစ်စဉ်နှင့်ယှဉ်တွဲ၍ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ၏ သက်ရောက်မှုနှင့်ပတ်သက်၍ အဆိုးထဲမှအကောင်းများကို ဖော်ထုတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများသည် အိမ်ထောင်စုများ၌ အရေးပါသည့် ကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများကို ကုစားရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့ကော်မတီတွင် ဌာနဆိုင်ရာများအပြင် အမျိုးသမီးအဖွဲ့ ၁၁ ဖွဲ့ရှိလာပြီဖြစ်ပြီး အဖွဲ့အသီးသီးက စီးပွားရေးဆိုင်ရာကဏ္ဍတွင် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေး ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း မိမိတို့နိုင်ငံတွင် အလုပ်လက်မဲ့ဖြစ်သွားသူ နှစ်သိန်းကျော်ရှိသည်ဟု သိရှိရကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာကြသည့် သူများထဲတွင် ပြန်လည်ထွက်ခွာခြင်းမပြုတော့မည့် အမျိုးသမီးများလည်းရှိကြောင်း၊ နေရပ်သို့ပြန်လည်ဝင်လာသည့် အမျိုးသမီးများထဲတွင် သူတို့၏ကျွမ်းကျင်မှုအလိုက် အရည်အချင်းများ ပါလာမည်ဖြစ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် အဆိုပါအမျိုးသမီးများအတွက် သင့်လျော်သောအလုပ်အကိုင်အခွင့်အလမ်းများ စဉ်းစားဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့နိုင်ငံရှိ ကျေးလက်ဒေသနေ အမျိုးသမီးများ၊ မြို့ပေါ်တွင်နေ၍ လှုပ်ရှားရုန်းကန်နေကြသည့် အမျိုးသမီးများအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အစိုးရက ကူညီနိုင်မည့် အကောင်းဆုံးအစီအစဉ်များကို စီစစ်လျက်ရှိပါကြောင်း၊ ဤကာလတွင် အခက်အခဲများကို ဖြေရှင်းနိုင်ရန် ငွေကြေးထောက်ပံ့ခြင်း၊ အလုပ်အကိုင်ဖော်ဆောင်ရန် ငွေကြေးအရင်းအနှီးစိုက်ထုတ်ပေးခြင်း၊ ရင်းနှီးငွေထုတ်ချေးပေးခြင်း စသည့်နည်းလမ်း တစ်မျိုးမျိုးကို ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ကာလအတွင်း အဆိုပါအမျိုးသမီးများအတွက် ဆောင်ရွက်ပေးနိုင်မည့် အကောင်းဆုံးနည်းလမ်းများ၊ သုံးစွဲသည့် ငွေကြေးများ အကျိုးရှိစွာလည်ပတ်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးပေးရန် ယနေ့အစည်းအဝေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရည်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ အမျိုးသမီးအဖွဲ့များကွန်ရက်၊ စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ ဝိသာခါဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် စသည့် အဖွဲ့များမှ တာဝန်ရှိသူများက အသီးသီးဆွေးနွေးကြရာ နေရပ်ပြန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများအား အစိုးရနှင့်အတူပူးပေါင်း၍ ကူညီဆောင်ရွက်ပေးရန် ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG)များနှင့်အတူ "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း အသင့်ရှိသည့်အခြေအနေများ၊ လတ်တလော၊ ရေတို အလျင်အမြန် ဆောင်ရွက်ပေးနိုင်သည့်ကိစ္စများ၊ ဆက်လက်အကောင်အထည်ဖော်နိုင်မည့် ရေရှည်စီစဉ်ဆောင်ရွက်ပေးနိုင်ရေးကိစ္စများ၊ ဒေသအလိုက် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဖန်တီးပံ့ပိုးကူညီပေးနိုင်ရေးနည်းလမ်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပေး၍ ရင်းနှီးစိုက်ထုတ်ပေးနိုင်မည့် နည်းလမ်းများ၊ ရှေ့ပြေးစီမံကိန်းဒေသများသတ်မှတ်၍ ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ လက်ရှိဆောင်ရွက်နေသည့် စီမံချက်အတွေ့အကြုံများ၊ ဈေးကွက်ရှာဖွေပေးရေးကိစ္စများ၊ လိုအပ်သော စစ်တမ်းများ ကောက်ယူနိုင်ရေးကိစ္စများ၊ ကိုဗစ်-၁၉ ကာလအလွန် စဉ်းစားဆောင်ရွက်ရမည့် ကိစ္စများကို တင်ပြဆွေးနွေးခဲ့ကြသည်။

စီစဉ်လျက်ရှိ

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ဆွေးနွေးခဲ့ကြပြီး ကော်မတီဝင်အဖွဲ့များအနေဖြင့် ဆောင်ရွက်စေလိုသည့် စီမံချက်များကို ရေးဆွဲအကြံပြု၍ ဝန်ကြီးဌာနသို့ ပေးပို့နိုင်ရေးတိုက်တွန်းခဲ့သည်။ အစိုးရက ရေးဆွဲဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID –19 Economic Relief Plan) အရ ငွေကြေးပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များက အစိုးရနှင့်အတူ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေသွဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကိုဒေသအလိုက် စိုက်ပျိုးရေး၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။

ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေးနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငယ်ပေါင်းကြီးဖော်များ

ရေနံ့သာမောင်ကျော်ညွန့်

ကလေးကဗျာများသည် ကျွန်တော်တို့၏**"ငယ်ပေါင်းကြီးဖော်များ"**ဖြစ်ကြပါသည်။ကျွန်တော်တို့ကလေးအရွယ် ငယ်စဉ်ကတည်းက နှစ်နှစ်ကာကာ၊ မြတ်မြတ်နိုးနိုး၊ ပျော်ပျော်ရွှင်ရွှင်သီဆိုခဲ့ရသော ကလေးကဗျာများသည် ကျွန်တော်တို့ အသက်အရွယ် ကြီးရင့်လာလင့်ကစား ကျွန်တော်တို့နှင့်အတူ မခွဲမခွာဘဲ ပူးတွဲကပ်ပါလာသည်။ ကျွန်တော်တို့ အသက်အရွယ် ကြီးရင့်လာသော်ငြား ကျွန်တော်တို့၏ ငယ်ပေါင်းကလေးကဗျာများက ကျွန်တော်တို့၏ နှလုံးသည်းပွတ်ထဲတွင် စွဲတည်လျက် သတိတရအောက်မေ့ရဆဲ၊ နှစ်သက်မြတ်နိုးရဆဲ၊ စိတ်လိုလက်ရ သီဆိုနေရဆဲဖြစ်၏။ ကျွန်တော်တို့ အသက်အရွယ်ကြီးရင့်သည်အထိ ကျွန်တော်တို့၏ အဖော်မွန်များဖြစ်နေကြ၏။ ထို့ကြောင့် ကလေးကဗျာများသည် ကျွန်တော်တို့၏ **"ငယ်ပေါင်းကြီးဖော်များ"**ဖြစ်ကြပါသည်။

ကျွန်တော်တို့၏ **"ငယ်ပေါင်းကြီးဖော်များ"**ဖြစ်ကြသော **"ကလေးကဗျာများ"** ကို ဆန်းစစ်လေ့လာကြည့်မိပါသည်။ ပုခက်တွင်းရင်ခွင်ပိုက်အရွယ် ကလေးငယ်များ ငိုကြွေးကြသည့်အခါ မိခင်ဖြစ်သူများက **"အို အိုး အို"** အသံပေးပြီး အငိုတိတ်အောင်ချော့မော့ကြ၏။ ထိုအခါ ကလေးငယ်သည် အငိုတိတ်လေတော့၏။ အငိုတိတ်သွားသောကလေးငယ်ကို မိခင်ဖြစ်သူက **"အေ အေး အေ"**၊ **"အေ အေး အေ လူကလေးအိပ်ပါတော့လေး"** ဟူ၍ လေးလေးတွဲ့တွဲ့၊ အေးအေးနွဲ့နွဲ့၊ ဆွဲဆွဲငင်ငင် သီဆိုပေးနေပြန်ပါသည်။ ထိုအခါ ကလေးငယ်သည် အငိုတိတ်ရုံမက အိပ်ပျော်သွားရလေတော့သည်။ ကလေးငယ်များ အငိုတိတ်ပြီး အိပ်ပျော်သွားသည်အထိ မိခင်များက သီဆိုပေးသော **" အို အိုး အို"**၊ **" အေ အေး အေ"**၊ **"အေ အေး အေ လူကလေးအိပ်ပါတော့လေး"** သံစဉ်ကို ပညာရှင်ကြီးများက **"သားချော့တေး"**ဟူ၍ အမည်ပေးအပ် ကင်ပွန်းတပ်ခဲ့ကြ၏။ ထိုမျှမကသေး **"ကလေးကဗျာအစသားချော့တေးက"** ဟူ၍ပင် ဆိုစမှတ်ပြုခဲ့ကြပြန်ပါသည်။

ကလေးငယ်များသည် မိခင်နို့တိုက်ကျွေးရသည့် အရွယ်လွန်မြောက်၍ "ဝါးဖတ်တော်"ခွံ့ကျွေးရသည့် အရွယ်သို့ ရောက်လာကြသည်။ ထိုအရွယ်တွင်လည်း မိခင်၊ လူကြီးသူမများက

"ဖိုးလမင်းရေ
ထမင်းဆီဆမ်း
ရွှေလင်ပန်းနဲ့ပေးပါ၊ ဝါး...ဝါး...ဝါး" အသံပေးပြီး ဝါးဖတ်တော် ခွံ့ကျွေးပေးရပြန်ပါသည်။ ထို့နောက် ကလေးငယ်တို့၏ ပြောင်းလဲကြီးပြင်းလာသော အရွယ်ကိုလိုက်ပြီး ကလေးငယ်များ အငိုတိတ်အောင်၊ အလိုကျအောင်၊ ပျော်ရွှင်အောင် သားချော့တေးအမျိုးမျိုးကို သီဆိုပေးကြပါသည်။ **"လူကလေးရဲ့ငို၊ ခိုဖမ်း လို့ပေး"**၊ **"အိပ်ချင်တဲ့မျက်တောင် မှေးယောင်ယောင်"**၊ **"ရွှေလမှာယုန်ဝပ်လို့ ဆန်ဖွပ်တဲ့ အဖိုးအို"**၊ **"ကြောင်ဖားကြီးခြီးတံတို၊ အဆီကိုစားပါလို့၊ အသားကိုမျို"**၊ **"လူကလေးရဲ့ ချော့စရာ၊ မိတ္ထိလာ ကန်တော့အောက်က၊ ဖားကောက်ခဲ့ပါ"**၊ **"လူကလေးရဲ့ အိပ်ချိန်တန်၊ ဗျိုင်းရှေ့ကပျံ"** စသည့် သားချော့တေး ကလေးကဗျာများ ဖြစ်ပါသည်။

တစ်ဆင့်တက်ပြီး ကြီးပြင်းလာသည့်အခါ အမိအဖ လူကြီးသူမများ မကြာခဏ ရွတ်ဆိုလေ့ရှိသည့် **"မမ လေးပန်စရာ"**၊ **"စံပယ် လေးရံ"**၊ **"ဗောဓိရွှေကျောင်း"**၊ **"စီစီတဲ့ရိရိ"**၊ **"တောင်တောရယ်သာ"**၊ **"ဖိုးတောင်သူတဲ့"** စသည့် ကလေးကဗျာများကို အဖန်တလဲလဲ ကြားနေရသောကြောင့် ကလေးများ နားရည်ဝလာကြသည်။ နားရည်ဝလာရာမှ တစ်ဆင့် နှုတ်တက်ရ နှုတ်တိုက်သီဆိုနိုင်ကြလေတော့၏။ မည်သည့်ခေတ် မည်သည့်အခါတွင်မည်သူမည်ဝါက ဖွဲ့ဆိုသီကုံးထားခဲ့မှန်းမသိရသော ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့သည့် ပိုင်ရှင်မဲ့ ရှေးရေးကလေးကဗျာများ ဖြစ်ပါသည်။

အင်းဝခေတ်ရောက်သည့်အခါ၌ ကလေးများအတွက် ကလေးကဗျာများ ရေးသားဖွဲ့ဆိုလာသည်ကို တွေ့ရှိရပါသည်။ နန်းတွင်း ရင်သွေးကလေးများအတွက် **"ဧချင်း"** ကဗျာများမှ အစပြုပြီး ကလေးအရွယ်မှသည် လူကြီးအရွယ်အထိ မှတ်သားနာယူ ကျင့်သုံးအပ်သော ကလေးကဗျာအမျိုးမျိုးကို ရေးဖွဲ့လာကြပါသည်။ အင်းဝခေတ်မှအစပြု၍ ခေတ်အဆက်ဆက်တွင် ကလေးများအတွက် ကလေးကဗျာများကို ရဟန်းစာဆို၊ လူစာဆိုများက ရေးဖွဲ့လာကြသည်။ ကလေးများအတွက် ကလေးကဗျာများကို ရေးသားသီကုံးဖွဲ့ဆိုကြရာတွင် အကြောင်းအရာများက အမျိုးမျိုးအဖုံဖုံ စုံလင်လှသကဲ့သို့ ဖွဲ့နည်းဖွဲ့ဟန် ပုံသဏ္ဌာန်များကလည်း အမျိုးမျိုးအဖုံဖုံ စုံလင်လှပေသည်။ သံပေါက်၊ လင်္ကာ၊ ရှစ်လုံးဘွဲ့၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုးစသည့် ပုံသဏ္ဌာန်အမျိုးမျိုးကို တွေ့ရပါသည်။

ထိုခေတ် ထိုအခါ ထိုကာလများ၌ ကလေးများကို စာပေသင်ကြားပေးရာနေရာများသည် ဘုန်းတော်ကြီးကျောင်းများသာ ဖြစ်ပေသည်။ ဘုန်းတော်ကြီးကျောင်းများရှိ ဘုန်းတော်ကြီးများ၏ ကျေးဇူးကြောင့် သာ ကလေးများ စာရေး၊ စာဖတ် တတ်မြောက်ခဲ့ရခြင်းဖြစ်ပါသည်။ ဘုန်းတော်ကြီးများက မြန်မာစာအမွေအနှစ်များကို လက်ဆင့်ကမ်းသယ်ဆောင်လာကာ လက်ဆင့်ကမ်း ပြန်လည်ဖြန့်ဝေပေးနေကြပါသည်။ ဘုန်းတော်ကြီးများက တပည့်တို့အား လောကရေး၊ ဓမ္မရေး၊ ရာဇရေး အခြေခံကောင်းများကို နားလည်လွယ်ပြီး မှတ်မိလွယ်စေရအောင် ကဗျာ၊ လင်္ကာ၊ သံပေါက်များဖြင့် သင်ကြားဆုံးမလမ်းညွှန်ပြခဲ့ကြ၏။ ထိုသို့ သွန်သင်ညွှန်ပြဆိုဆုံးမခဲ့သော ကဗျာလင်္ကာ၊ သံပေါက် စသည်များသည် ကလေးများအတွက် ကလေးတို့နှင့် လိုက်ဖက်သည့် ကလေးကဗျာများအဖြစ် ထင်ကျန်ရစ်ခဲ့ပါသည်။

နီတိလမ်းညွှန်ကလေးကဗျာများအပြင် **"ပညာသည်သာ ရတနာ၊ ပညာသည်သာ အခရာ"** ဖြစ်ကြောင်း သိစေချင်၊ မြင်စေချင်၊ နာယူစေချင်၊ မှတ်သားစေချင်သောကြောင့် **"ခွဲခြားသိမြင်နိုင်သော အသိဉာဏ်ရှိဖို့ ပညာတတ်ရန်၊ ပညာတတ်ဖို့ စာဖတ်ရန်၊ စာဖတ်ဖို့ စာတတ်ရန်၊ စာတတ်ဖို့ စာသင်ရန်"** အားပေးတိုက်တွန်းသော ဘဝလမ်းညွှန် ကလေးကဗျာများကိုလည်း ကလေးများက သဘောကျနှစ်သက်ကြ၏။ တပည့်ကလေးများကိုယ်တိုင်က လိုလိုလားလား၊ မြတ်မြတ်နိုးနိုး ရွတ်ဆိုချင်သော၊ ရွတ်ဆိုနေသော ကလေးကဗျာများ ဖြစ်လာပါသည်။

ကိုလိုနီခေတ်တွင် ဆရာကြီး ဦးရွှေကြူး၊ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်း၊ ဆရာကြီး ဦးဖေမောင်တင်၊ ပညာဝန်ဆရာကြီး ဦးစံရွှေ စသည့် ပညာရှင်များက **"ဒေါင်းတံဆိပ်မြန်မာဖတ်စာ"**၊**"ခြင်္သေ့တံဆိပ်မြန်မာဖတ်စာ"**၊ **"လင်းယုန်တံဆိပ်မြန်မာဖတ်စာ"** စာအုပ်များကို ရေးသားပြုစုကြသည်။ ဆရာကြီးများ ရေးသားပြုစုသည့် မြန်မာဖတ်စာ စာအုပ်များတွင် အတန်းလိုက်၊ အရွယ်လိုက် ကလေးများနှင့်သင့်တော့်မည့် ကလေးကဗျာများကို ရွေးချယ်ဖော်ပြပေးထားသည်။ အမည်မသိ ရှေးရေးကဗျာများနှင့် အင်းဝခေတ်မှ ကိုလိုနီခေတ်အတွင်း ရေးသားဖွဲ့ဆိုသီကုံးထားသည့် သားချော့တေးများ၊ ရာသီဘွဲ့များ၊ တောတောင်ရေမြေဘွဲ့များ၊ လင်္ကာ၊ သံပေါက် ဆုံးမစာများသာ ပါဝင်သည်။ ဆိုရသော် ထိုစဉ်က ကလေးများခမျာ မိတ်သစ်ဆွေသစ် တိုးမလာဘဲ မိတ်ဟောင်း ဆွေဟောင်းများနှင့်သာ ဖက်လဲတကင်း ကြီးပြင်းကြရရှာပါသည်။

ကလေးတို့အတွက် မိတ်ဟောင်းဆွေဟောင်းများအပြင် မိတ်သစ်ဆွေသစ်များ တိုးပွားစေချင်သော စေတနာရှင် ဆရာကြီးနှစ်ဦး ပေါ်ထွန်းလာပါသည်။ ဆရာကြီး မင်းသုဝဏ်နှင့် ဆရာကြီး ဒေါက်တာမောင်ဖြူး ဖြစ်ပါသည်။ ဆရာကြီးနှစ်ဦးစလုံးသည် ကလေးများအတွက် ကလေးကဗျာ အသစ်အဆန်းများ ဖန်တီးရန် စိတ်အားထက်သန်လှ၏။ ရှိရင်းစွဲကလေးကဗျာ အဖွဲ့အနွဲ့ သီကုံးဟန်တို့ကို မထိခိုက်၊ မပွန်းရှ၊ မပျက်ယွင်းစေဘဲ အရိုးကိုအရွက် မဖုံးစေရအောင် သတိချပ်လျက် လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ကြလေတော့၏။

ဆရာကြီးမင်းသုဝဏ်က ၁၉၃၁ ခုနှစ် ဇွန်လ ၁၁ ရက် နေ့တွင် **"ဝါဆိုဝါခေါင်ရေတွေကြီးလို့"** အစချီ **"သပြေသီးကောက်"**ကလေးကဗျာကို ပုံသဏ္ဌာန်အသစ်ဖြင့် ရေးဖွဲ့သီကုံးပါသည်။ ထိုပုံသဏ္ဌာန်အသစ်ကို ဆရာကြီးမင်းသုဝဏ်ကိုယ်တိုင်က သဘောကျနှစ်သက်မြတ်နိုးသောကြောင့် ထိုနေ့မှာပင် **"ဆွမ်းအုပ်နီနီ အမေရွှက်လို့"** အစချီ **"ဥပုသ်စောင့်"** ကလေးကဗျာကို **"သပြေသီးကောက်"**ပုံသဏ္ဌာန်အတိုင်း ရေးဖွဲ့သီကုံးလိုက်ပြန်ပါသည်။

"သပြေသီးကောက်" ပုံသဏ္ဌာန်တူ ကဗျာများကို ဆက်တိုက်ရေးနေရင်းက **"ဝက်ပါ"** ကလေးကဗျာကို ရေးဖွဲ့သီကုံးလိုက်ပြန်ပါသည်။

"ဝက်ပါ"
အေးရိပ်သာတဲ့ ပညောင်ညို
ဥသြ တွန်သံချို၊
ဒိုယိုစီးတဲ့ နဒီတွင်း
သမင် ရေသောက်ဆင်း။
မြက်ခင်းလွဲလဲ့ မြေညီညီ
ကံ့ကော်ဝတ်မှုန်စီ၊
ဇလီပျော်တဲ့ ကျောင်းသခင်မ်း
လူလေးသွားချင်စမ်း။ ။

ဆရာကြီးရေးဖွဲ့သီကုံးသည့် **"ဝက်ပါ"** ကလေးကဗျာ ပုံသဏ္ဌာန်သည် **"သပြေသီးကောက်"** ကလေးကဗျာ ပုံသဏ္ဌာန်မျိုးမဟုတ်ဘဲ ကလေးကဗျာ ပုံသဏ္ဌာန်သစ်တစ်မျိုးကို ထပ်မံဆန်းသစ် တီထွင်လိုက်ခြင်း ဖြစ်ပါသည်။ **"ဝက်ပါ"** ကလေးကဗျာ ပုံသဏ္ဌာန်သစ်သည် ဆရာကြီးမင်းသုဝဏ်၏အရိုးကိုအရွက်မဖုံးစေဘဲလမ်းရိုးဟောင်းတွင် ဆင့်ကာထွင်လိုက်သည့် ကလေးကဗျာ ပုံသဏ္ဌာန်အသစ်ဖြစ်ပါသည်။ ဆရာကြီး မင်းသုဝဏ်၏**"ဝက်ပါ"** ကလေးကဗျာ ရေးဖွဲ့နည်း ပုံသဏ္ဌာန်အသစ်ကို မြန်မာစာပေသုတေသီပညာရှင်တို့က အချီနှစ်ချို့၊ အခံတစ်ချို့၊ အအုပ်တစ်ချို့ဖြင့် ရေးဖွဲ့ထားသော အချိုးလေးချိုးပါသည့် **"လေးချိုးငယ်"**ဟူ၍ မှတ်တမ်းတင်ထားကြပါသည်။ ထို့ပြင် မြန်မာစာပေသုတေသီတစ်ဦးလည်းဖြစ်ပြီး ကဗျာစာဆိုဆရာကြီးတစ်ဦးလည်းဖြစ်သည့် ဆရာကြီး ဦးစိန်လှိုင် (မဟာဝိဇ္ဇာ) (ကဗျာစာဆို သူရဇော်) ၏ ၁၉၈၁ ခုနှစ် စာပေဗိမာန် စာတမ်းဖတ်ပွဲတွင် တင်ပြသည့် **"မြန်မာကလေးကဗျာ"** စာတမ်းနှင့် ဆရာကြီး သူရဇော်၏**"အချိုးကဗျာ"** စာအုပ်တို့တွင်လည်း **"ဝက်ပါ"**ကလေးကဗျာ အမျိုးအစားကို **"လေးချိုးငယ်"** ဖြစ်ကြောင်း သုတေသနပြု တင်ပြထားပါသည်။

ဆရာကြီးမင်းသုဝဏ်က ကလေးများအတွက် ကလေးကဗျာများ ရေးဖွဲ့သီကုံးနေသကဲ့သို့ ဆရာကြီး ဒေါက်တာမောင်ဖြူးကလည်း ကလေးများအတွက် ပုံပြင်၊ ပြဇာတ်၊ ဝတ္ထုတို့နှင့် ကလေးကဗျာများကိုလည်း ရေးသားဖွဲ့သီနေပါသည်။ ဆရာကြီးမင်းသုဝဏ်ရေးဖွဲ့သီကုံးသည့် **"သပြေသီးကောက်"**၊ **"ဝက်ပါ"**စသည့် ကလေးကဗျာများကို ကလေးတို့က နှစ်သက်သဘောကျ မြတ်နိုးနေကြသလို ဆရာကြီး ဒေါက်တာမောင်ဖြူး ရေးဖွဲ့သီကုံးသည့် **"မောင်ရေခဲ"**၊ **"မရွှေဖဲ"**၊ **"ကိုအေးနဲ့ မခွေး"** ကလေးကဗျာများကိုလည်း ကလေးတို့က နှစ်သက်သဘောကျ မြတ်နိုးကြပါသည်။ **"ကိုအေးနဲ့ မခွေး"** ကဗျာသည် အင်္ဂလိပ်ကဗျာကို မြန်မာကလေးကဗျာဖြစ်အောင် ဖန်တီးပေးထားခြင်း ဖြစ်ပါသည်။

"Jack and Jill went up the hill
To fetch a pail of water
Jack fell down and broke his crown,
And Jill came tumbling after."
"ကိုအေးနဲ့ မခွေး
ရေခပ်ဖို့ တောင်ပေါ်ပြေး။
ကိုအေးလဲရာ ခေါင်းကွဲရာ
နောက်မှာမခွေး ဒလိမ့်ခေါက်ကွေး။"

ဆရာကြီးဒေါက်တာမောင်ဖြူး၏ မြန်မာဆန်ဆန် ဘာသာပြန် ကလေးကဗျာများကိုလည်း ကလေးတို့က နှစ်သက်သဘောကျ မြတ်နိုးကြပါသည်။ မှတ်သားနာယူအပ်သော ကလေးကဗျာရေးဖွဲ့နည်းအသစ်လည်း ဖြစ်ပါသည်။ ကျွန်တော်၏ **"ငယ်ပေါင်းကြီးဖော်များ"** စာရင်းထဲတွင် အစဉ်အဆက် မြန်မာကလေးကဗျာများ၊ ဆရာကြီးမင်းသုဝဏ်၏ **"သပြေသီးကောက်"**၊ **"ဝက်ပါ"**၊ ဆရာကြီးဒေါက်တာမောင်ဖြူး၏ **"ကိုအေးနဲ့ မခွေး"**၊ **"မောင်ရေခဲ"**၊ **"မရွှေဖဲ"** တို့နှင့်အတူ ဆရာကြီး ဒဂုန် ဦးထွန်းမြင့်၏ **"လူမိုက်ဆိုလျှင် ရှောင်သွေ့လွဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ"** အစချီမင်္ဂလာကဗျာများ ထင်ကျန်လျက်ရှိပါသည်။

တစ်ဆက်တည်းမှာပင် ကလေးကဗျာနယ်ပယ် အဝန်းအဝိုင်းကို ရောင်စုံပန်းဥယျာဉ်ကြီးကဲ့သို့ မြင်ယောင်နေမိပါသည်။ ရောင်စုံပန်းဥယျာဉ်ကြီးထဲတွင် ပန်းအမျိုးအမည်တစ်ခုတည်းမဟုတ်ဘဲ ပန်းအမျိုးအမည် စုံလင်လှသကဲ့သို့ ကလေးကဗျာဥယျာဉ်ကြီးထဲတွင် ကလေးကဗျာအမျိုးအမည်တစ်ခုတည်း မဟုတ်ဘဲ ကလေးကဗျာ အမျိုးအမည်စုံလင်လှပါသည်။ ရောင်စုံပန်းဥယျာဉ်ခြံကြီးထဲတွင် မြတ်လေး၊ စံပယ်၊ ဒေါနာ၊ နှင်းဆီ စသည်ဖြင့် ပန်းအမျိုးအမည် စုံလင်နေသကဲ့သို့ ကလေးကဗျာဥယျာဉ်ကြီးထဲတွင်လည်း သံပေါက်၊ လင်္ကာ၊ ရှစ်လုံးဘွဲ့၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ အချိုးတွဲ စသည်ဖြင့် ကဗျာအမျိုးအမည် စုံလင်နေပါသည်။

သံပေါက်၊လင်္ကာ၊ရှစ်လုံးဘွဲ့၊ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ အချိုးတွဲ စသည်တို့သည် ကလေးကဗျာအုပ်စု၊ ကလေးကဗျာစာရင်းထဲတွင် ပါဝင်နေသော်ငြား သံပေါက်၊ လင်္ကာ၊ ရှစ်လုံးဘွဲ့၊ဒွေးချိုး၊တြိချိုး၊ လေးချိုး၊ အချိုးတွဲ စသည်တို့ဖြင့် ရေးဖွဲ့သည့် ကဗျာအားလုံးတို့သည် ကလေးကဗျာများချည်း မဟုတ်ကြချေ။ **ကလေးများနှင့် ကျွမ်းဝင်သောအကြောင်းအရာ၊ နားစွဲသောအသံ၊ နားလည်လွယ်သော စကားလုံးများဖြင့်** ရေးဖွဲ့သီကုံးသော သံပေါက်၊ လင်္ကာ၊ ရှစ်လုံးဘွဲ့၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ အချိုးတွဲ စသည်တို့သာလျှင် ကလေးကဗျာများ ဖြစ်ပါသည်။ ကလေးကဗျာကို မည်သည့် စပ်ထုံးစပ်နည်းဖြင့် ရေးသည်ဖြစ်စေ ကလေးတို့၏ လိုအင်ကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် ကလေးတို့က စွဲစွဲလမ်းလမ်း၊ တမ်းတမ်းတတ၊ နှစ်နှစ်ကာကာ၊ မြတ်မြတ်နိုးနိုး၊ ခုံခုံမင်မင် ရှိချေမည်။ ထိုသို့သော ကလေးကဗျာများသည်သာလျှင် ကလေးတို့၏ **"ငယ်ပေါင်းကြီးဖော်များ"** ဖြစ်နေလတ္တံ့။ ။

ကလေးများနှင့် ကျွမ်းဝင်သောအကြောင်းအရာ၊ နားစွဲသောအသံ၊ နားလည်လွယ်သော စကားလုံးများဖြင့် ရေးဖွဲ့သီကုံးသော သံပေါက်၊ လင်္ကာ၊ ရှစ်လုံးဘွဲ့၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ အချိုးတွဲ စသည်တို့သာလျှင် ကလေးကဗျာများ ဖြစ်ပါသည်။ ကလေးကဗျာကို မည်သည့် စပ်ထုံးစပ်နည်းဖြင့် ရေးသည်ဖြစ်စေ ကလေးတို့၏ လိုအင်ကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် ကလေးတို့က စွဲစွဲလမ်းလမ်း၊ တမ်းတမ်းတတ၊ နှစ်နှစ်ကာကာ၊ မြတ်မြတ်နိုးနိုး၊ ခုံခုံမင်မင် ရှိချေမည်။ ထိုသို့သော ကလေးကဗျာများသည်သာလျှင် ကလေးတို့၏ "ငယ်ပေါင်းကြီးဖော်များ"ဖြစ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော် ပုံနှိပ်စက်ရုံ၊ သတင်းစာတိုက်များနှင့် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာနတို့ကို ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ လုပ်ငန်းလိုအပ်ချက်များအား ဆွေးနွေးမှာကြားစဉ်။

နေပြည်တော် မေ ၂၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်တို့တွင် လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် လူထုအခြေပြုဗဟိုဌာနတို့ကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် နေပြည်တော် ပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ခေတ္တ ညွှန်ကြားရေးမှူးချုပ်က ကိုဗစ် - ၁၉ ရောဂါ ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့် အညီ လိုက်နာဆောင်ရွက်ပြီး ကျောင်းသုံးစာအုပ်များ အချိန်မီ ပြီးစီးအောင် ပုံနှိပ်ဖြန့်ချိခဲ့မှု၊ စက်ရုံ၊ အလုပ်ရုံစစ်ဆေးရေးအဖွဲ့များက ပုံနှိပ်စက်ရုံများ လာရောက်စစ်ဆေးခဲ့မှု၊ စက်ရုံများ၊ စာပေဗိမာန်၊ စာအုပ်အရောင်းဆိုင်နှင့် စာကြည့်တိုက်တို့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ စာပေဗိမာန်မှ ထုတ်ဝေလျက်ရှိသည့် စာအုပ်စာစောင်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဖော်ပြခဲ့မှုများ၊ စာပေဆုများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် လက်မှတ်စာအိတ် ဆောင်ရွက်နေမှု လုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမသို့ ရောက်ရှိရာ ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူးက သတင်းစာတိုက်အလိုက် ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု အခြေအနေ၊ ရန်ကုန်မြို့တွင် ဝန်ထမ်းများအား မော်တော်ယာဉ်များဖြင့် ကြို/ပို့ ဆောင်ရွက်ပေးမှု၊ သတင်းစာများ ပို့ဆောင်ရာတွင် သတ်မှတ်ဝတ်စုံများ၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်၍ ပို့ဆောင်ဖြန့်ချိနေမှု၊ သတင်းစာတိုက်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ နိုင်ငံပိုင် ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုံနှိပ်စက်ရုံအတွင်း စက်ကြိုခိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကြိုတင်ဆန္ဒမဲ သတင်းစာများနှင့် Myanmar Digital News တို့တွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နေ့စဉ်ဖော်ပြခဲ့မှုများ၊ စက်ရုံ၊ အလုပ်ရုံ စစ်ဆေးရေးအဖွဲ့များက သတင်းစာတိုက်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့မှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြေးမုံသတင်းစာတိုက် စာတည်းခန်း၊ ပုံနှိပ်စက်ခန်းနှင့် မြန်မာ့အလင်း သတင်းစာတိုက် စာတည်းခန်းတို့ကို လည်းကောင်း၊ ဝန်ထမ်းအိမ်ရာတွင် လေးခန်းတွဲလေးထပ်အဆောက်အအုံ ဆောက်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် လူထုအခြေပြုဗဟိုဌာနသို့ ရောက်ရှိပြီး ကိုဗစ်-၁၉ ကာလတွင် စာကြည့်တိုက်အတွင်း Social Distancing ဖြင့် စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ကလေးစာဖတ်ခန်းနှင့် နံရံကပ်ပိုစတာများ ပြင်ဆင်ထားရှိမှုကို လည်းကောင်း၊ ကိုဗစ်-၁၉ ကာလ အလွန်တွင် သင်တန်းများဖွင့်လှစ်ရန် ပြင်ဆင်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးက ယနေ့တွင် ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများသည် နည်းပညာများ အသုံးပြုလာပြီဖြစ်သည့်အတွက် ပြောင်းလဲလာသည့် နည်းပညာများကို မျက်ခြည်မပြတ် စေရန်၊ မိမိတို့ ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မရှိသော်လည်း ဂရုပြုပြီး လုပ်ငန်းများ ပုံမှန်စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန်၊ စာပေဗိမာန် အရောင်းဆိုင်များသည် စာအုပ်စာပေကောင်းများစွာ ရရှိနိုင်သည့်နေရာတစ်ခု ဖြစ်သည်ကို ပြည်သူများသိရှိစေရေး ဆောင်ရွက်သွားစေရန်၊ စာကြည့်တိုက်များကို ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ပြင်ဆင်ဖွင့်လှစ်သွားရန်၊ မိမိတို့သတင်းစာများကို ဒစ်ဂျစ်တယ်သတင်းစာများဖြစ်အောင် အဆင့်မြှင့်တင် ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပျဉ်းမနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။

ပန်းတနော်မြို့နယ်၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ပျိုးပင်ပေါင်း ၂၉၀၀၀ ကျော် အခမဲ့ဖြန့်ဝေ

ပန်းတနော် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ သစ်တောမပြုန်းတီးစေရေးအတွက် ရည်ရွယ်ပြီး လူထုဖြန့်ပျိုးဥယျာဉ်တွင် ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ မန်ဂျန်ရှား၊ မအူ၊ ကဒွီး အစရှိသည့် ပျိုးပင်ပေါင်း ၂၉၀၀၀ ကျော်ကို ပျိုးထောင်ထားသည်။

အဆိုပါပျိုးပင်များကို မေလကုန် ဇွန်လဆန်းပိုင်းတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ NGO များ၊ ရပ်ကွက်၊ ကျေးရွာများရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများသို့ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

သစ်ပင်များကို မိုးရာသီတွင် စိုက်ပျိုးခြင်းဖြင့် မြေအောက်ရေထိန်းသိမ်းနိုင်ပြီးလေထုသန့်ရှင်းမှု ဖြစ်ပေါ်စေကာ ရာသီဥတုလည်း မှန်ကန်စေခြင်းကြောင့် နှစ်စဉ် မိုးရာသီရောက်တိုင်း ပျိုးပင်များကို ပြည်သူလူထုထံသို့ အခမဲ့ဖြန့်ဝေ စိုက်ပျိုးစေခဲ့ကြောင်း သိရသည်။

ထွေး(ပန်းတနော်)

Doing Business ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၉

Doing Business ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် Ease of Doing Business Ranking တိုးတက်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက Doing Business 2021 အစီရင်ခံစာ အတွက် ပြုပြင်ပြောင်းလဲမှုများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် လာမည့် ၂၀၂၂ အတွက် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေများ၊ e-Government တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်မည့်အခြေအနေများကို

ဆွေးနွေးပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနအသီးသီးမှ Video Conferencing ဖြင့် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ဘဏ်၊ International Finance Corporation(IFC) မှ Country Officer ဒေါ်ခင်သီတာမော်၊ Senior Private Sector Specialist-Mr. Jose Ricardo Silva၊ Consultant-Mr. Antony Dickinson တို့က ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ် ရုံးခွဲတာဝန်ခံများကို Video Conferencing ဖြင့် တွေ့ဆုံ

နေပြည်တော် မေ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ် ရုံးခွဲတာဝန်ခံများကို Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် mission ပြောင်းလဲသွားပြီဖြစ်သည့်အတွက် ဝန်ကြီးဌာန၏ဆောင်ပုဒ် motto အနေဖြင့် ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်သည့် Service Ministry အဖြစ် ပေါ်ထွက်လာရေးကို ဦးတည်ချက်ထားပြီး “ဝန်ဆောင်မှုအဓိက” “ခရီးသွားများ ခရီးသွားလုပ်ငန်းများမှသည် ပြည်သူဆီသို့” “To Serve Better” “Service to Tourists, Tourism Industry to the Public” ဆိုပြီး ပြောင်းလဲထားရှိပြီးဖြစ်ပါကြောင်း၊ motto ပြောင်းတာနှင့်အညီ လက်တွေ့ဝန်ဆောင်မှုပေးဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ၏ mindset ပြောင်းလဲရန်လိုအပ်ကြောင်း၊ ၂၀၁၈ ခုနှစ် ခရီးသွားလုပ်ငန်းဥပဒေသစ်အရ ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားကော်မတီများကို လွှဲပြောင်းပေးခဲ့ခြင်းသည် သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခုဖြစ်ပါကြောင်း၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ထုတ်ပြန်ချက်၊ ညွှန်ကြားချက်များကို ဝန်ထမ်းများ ကိုယ်တိုင် ရှင်းရှင်းလင်းလင်း နားလည်သိရှိရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် လုပ်ဆောင်မည့် Tourism Strategic Road Map ကို ဆက်လက်ရပ်တည်နိုင်ရေး (Survival)၊ ပြန်လည်ဖွင့်လှစ်ခြင်း (Reopening) နှင့် ပြန်လည်ဖိတ်ခေါ်ခြင်း (Relaunching) ဟူသော အဆင့် သုံးဆင့်နှင့် ရေးဆွဲပြီး စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း။

ဆက်လက်ရပ်တည်နိုင်ရေး Survival အဆင့်တွင် သက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသကော်မတီနှင့် ဒေသစီမံခန့်ခွဲရေးကော်မတီ (DMO) များ၏ အစီအစဉ်ဖြင့် နေ့တွက်ပေးသည့် သင်တန်းများပေးမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အခွန်ငွေဖြစ်သည့် နိုင်ငံတော်၏ ထောက်ပံ့ငွေနှင့်လုပ်ဆောင်၍ အမှန်တကယ်အကျိုးရှိရန် လိုအပ်ကြောင်း၊ ယခု ကိုဗစ်-၁၉ ကပ်ရောဂါကာလ ဒေသန္တရလိုအပ်ချက်အရ ပိတ်ထားသည့် ဟိုတယ်များထဲက ပြန်ဖွင့်ချင်သူများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ လမ်းညွှန်မှုဖြင့် အစစ်ဆေးခံပြီး အမြန်ပြန်ဖွင့်နိုင်ရေး ကူညီရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းကို Domestic Tourism ဖြင့် ပြန်လည်စတင်မှာဖြစ်၍ စားသောက်ဆိုင်များ လုပ်ထုံးလုပ်နည်းနှင့် အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ခရီးသွားများလည်ပတ်ရန်နေရာများ ပြန်လည်ဖွင့်လှစ်ရန် အတွက်လည်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ပြန်ထားသည့် Quarantine နှင့်ပတ်သက်သည့် ကန့်သတ်ချက်များကိုလည်း ပြည်တွင်းခရီးသွားများအချိန်နှင့်တစ်ပြေးညီ အလွယ်တကူသိရှိနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အသင်းများ၊ Media မှတစ်ဆင့် အသိပေးရန်လိုအပ်ကြောင်း၊ ဧည့်စာရင်းတိုင်ခြင်း လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Guest List Management System ကို မေလမှ စတင်အသုံးပြုနိုင်ရေး ခရီးသွားလုပ်ငန်းကော်မတီက ဆုံးဖြတ်ထားပြီးဖြစ်သည့်အတွက် ပါဝင်ဆောင်ရွက်ရေးနှင့် အခက်အခဲများ တင်ပြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်က ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့အစည်း (DMO)များ ဖွဲ့စည်းဆောင်ရွက်ရာတွင် Destination Management Plan အပါအဝင် လုပ်ငန်းစီမံချက်များ ကြိုတင်ရေးဆွဲတင်ပြဆောင်ရွက်ရန် ဦးစွာလိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းများ ဆက်လက်ရှင်သန်နိုင်ရန်အတွက် လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ် ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်အသက်ဝင်လာစေရေးအတွက် COVID-19 Myanmar Tourism Relief Plan သတ်မှတ်ဖော်ဆောင်သွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများ၏ Facebook page များမှတစ်ဆင့် မိမိဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဒေသဆိုင်ရာ ခရီးသွားအချက်အလက်များအား ပြည်သူများသိရှိနိုင်စေရေး အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရုံးခွဲတာဝန်ခံများမှ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဟိုတယ်များ ပြန်လည်ဖွင့်လှစ်လျက်ရှိသည့် အခြေအနေများအား သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်စွမ်းရည်သရုပ်ပြမှု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသော အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ် LUF-60 (Robotic Fire Fighting Vehicle) မီးငြိမ်းသတ်စွမ်းရည်

သရုပ်ပြသနေမှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးမုခ်ဦးရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

အဝေးထိန်းစက်ရုပ် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်စွမ်းရည် သရုပ်ပြသမှုကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ဦးဆောင်သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြပြီး မီးသတ်ယာဉ် အသုံးပြုမှုများနှင့် အသုံးဝင်ပုံ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပြန်လည်မှာကြားခဲ့သည်။

အဆိုပါ အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ်သည် ပိုလန်နိုင်ငံထုတ် ယာဉ်အမျိုးအစားဖြစ်ပြီး စက်သုံးဆီသို့လောင်ကန်ကြီးများမီးလောင်မှု၊ ရေနံထွက်ပစ္စည်းထုတ်စက်ရုံ၊ အလုပ်ရုံများနှင့် သိုလှောင်ရုံများ မီးလောင်မှု၊ အထပ်မြင့်အဆောက်အအုံများရှိ Basement Car Parking များအတွင်း မီးလောင်မှုများနှင့် လူနေအိမ်အဆောက်အအုံအများအပြား မီးလောင်မှုများတွင် ထိရောက်စွာချဉ်းကပ်ငြိမ်းသတ်နိုင်ခြင်း၊ မီးခိုးငွေ့နှင့် အဆိပ်ငွေ့များ ထူထပ်သိပ်သည်းစွာ ပိတ်မိနေသောမီးလောင်မှုကြီးများတွင် မီးခိုးငွေ့နှင့် အဆိပ်ငွေ့များကို အလျင်အမြန် ရှင်းလင်းဖယ်ရှားနိုင်ခြင်း၊ အောက်ဆီဂျင် ပြတ်တောက်နေသော နေရာများ၌ အောက်ဆီဂျင်ထည့်သွင်းပေးနိုင်ခြင်း၊ အပူလှိုင်းဖြတ်၍ ရာသီဥတုပူပြင်းလွန်းသည့်ကာလများတွင် ရေမှုန်ရေမွှားဖြင့် အအေးပေးပြီး အပူချိန်လျှော့ချပေးခြင်းအပြင် သုံးတန်အလေးချိန်ရှိ ယာဉ်များကိုလည်း အလွယ်တကူ စွဲထုတ်နိုင်ခြင်း၊ ၆၀၀ ကီလိုဂရမ်အလေးချိန်ရှိ အရာဝတ္ထုပစ္စည်းများကိုပါ အလွယ်တကူ မတင်ဖယ်ရှားခြင်းလုပ်ငန်းများကို အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်၍ လျင်မြန်စွာလုပ်ဆောင်နိုင်ကြောင်း သိရသည်။

ယင်းအဝေးထိန်းစက်ရုပ် မီးသတ်ယာဉ် LUF-60 (Robotic Fire Fighting Vehicle) ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၂၈၄ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အေးမင်းသူ

ရန်ကုန်နည်းပညာတက္ကသိုလ်၌ ဥရောပသမဂ္ဂ၏ အထောက်အပံ့ဖြင့် စွမ်းအင်ဆိုင်ရာ နိုင်ငံတကာသုတေသနစီမံကိန်း ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၉

ရန်ကုန်နည်းပညာတက္ကသိုလ်သည် ဥရောပသမဂ္ဂ Erasmus + Capacity building in Higher Education Program ရန်ပုံငွေအထောက်အပံ့ဖြင့် ဖင်လန်နိုင်ငံမှ Alto University၊ နယ်သာလန်နိုင်ငံမှ Eindhoven University of Technology၊ စလိုဗေးနီးယားနိုင်ငံမှ University of Ljubljana၊ မြန်မာနိုင်ငံမှ မန္တလေးနည်းပညာတက္ကသိုလ်၊ ဗီယက်နမ်နိုင်ငံမှ Ho Chi Minh City University of Technology, Eastern International University, Vietnamese German University, TRUONG DAI HOC THU DAU MOT University တို့ ပူးပေါင်း၍ “Developing Energy Efficient and Smart Lighting Education in Vietnam & Myanmar (DESL)” သုတေသနစီမံကိန်းအား ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ သုတေသနစီမံကိန်းသည် (၃)နှစ်တာ ကြာမြင့်မည်ဖြစ်ပြီး တိုင်းပြည်၏ စွမ်းအင်လုံလောက်မှုနှင့် အရည်အသွေးမြင့်မားသော မီးအလင်းပေးစနစ် အလေ့အကျင့်ကောင်းများဖွံ့ဖြိုးမှုနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနိုင်ရန် အဓိကရည်ရွယ်ခြင်းဖြစ်သည်။

စီမံကိန်းကာလအတွင်း မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံရှိ အဖွဲ့ဝင်တက္ကသိုလ်များ၏ Energy Efficient and Smart Lighting System ပညာရေးနားလည်လွယ်မှုနှင့် အရည်အသွေးမြင့်မားမှုအတွက် သင်ကြားရေးနှင့် သုတေသနများ ဆောင်ရွက်ရန် ဆရာ ဆရာမများအား ဖင်လန်၊ နယ်သာလန်၊ ဗီယက်နမ်နှင့် စလိုဗေးနီးယားနိုင်ငံများတွင် စွမ်းဆောင်ရည်မြင့်သင်တန်းများ ပေးအပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်း၊ လက်ရှိလိုအပ်ချက်ပေါ်မူတည်၍ လုပ်ငန်းခွင်နှင့်ဆက်စပ်သော လျှပ်စစ်စွမ်းအင်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ညှိနှိုင်းရေးဆွဲခြင်း၊ သင်ကြားရေးအထောက်အကူပြု ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထောက်ပံ့တပ်ဆင်ခြင်းနှင့် အဖွဲ့ဝင်တက္ကသိုလ်များအကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း စသောလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တရားခံလည်း မဟုတ်ဘဲနဲ့

စည်သူ ဗိုလ်ကလေးတင့်အောင်

သက်ကြီးရွယ်အိုဘဝမှာ ကိုဗစ်နဲ့ တွေ့နေရတယ်ဗျာ။ ခန္ဓာကိုယ်ရဲ့ သဘာဝ ယိုယွင်း အားနည်းလာပြီဖြစ်တဲ့အတွက် ဘယ်မှမထွက်တော့ဘဲ အိမ်တွင်းမှာသာ အနေများရတဲ့အထဲ ကူးစက်ရောဂါဆိုး ကိုဗစ်က အလည်ဝင်လာသေးတယ်။ ဒီတော့ ဝေးဝေးနေ၊ ခွာခွာနေတာ အကောင်းဆုံးဆိုတဲ့ တားမြစ်ချက်တွေ ထွက်လာပြီး လက်ထိပ်ခတ်မခံရဘဲ အိမ်တွင်းပုန်း လုပ်နေရတော့တယ်။

အသက် (၈၀) ကျော်အထိ မြန်မာနိုင်ငံအနှံ့ ခြေဆန့်ခဲ့တဲ့ ကျွန်တော် အိမ်ထဲမှာ ကားခနဲမိတော့တာပဲ။ ဘေးကင်းရန်ကင်း ကိုယ့်မိသားစုနဲ့ အတူနေရတာ ကောင်းပါတယ်။ ဒါပေမယ့် ကိုယ့်ဘဝက ပရိသတ်နဲ့ တွေ့ထိပြီး လူများလေ ကြိုက်လေဆိုတဲ့ ဘဝမျိုးဆိုတော့ အချိန်ကြာလာတဲ့အခါ ပျင်းလာတယ်။ ဝန်းကျင်ကို ငေးမောကြည့်ရှုရင်း လွမ်းလာတယ်။ အခုတော့ တရားခံလည်း မဟုတ်ပါဘဲနဲ့ အချုပ်ထဲ ရောက်နေသလို စိတ်ကမြန် လူကနှေး ။ ဝိဘိကလေးငယ် လေးဘက်ထောက် ဘဝကိုအလိုလို ပြန်ရောက်သွားသလားလို့ ထင်မှားမိပါတယ်။

ကျွန်တော်တို့မြန်မာပြည်သူ၊ ပြည်သားတွေအားလုံး တညီတညာတည်း နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနတို့ရဲ့ ညွှန်ကြားမှုကိုလိုက်နာပြီး သိုသိုသိပ်သိပ် ဆိတ်ဆိတ်ကလေး ဆက်နေကြမယ်ဆိုရင် ကိုဗစ်လည်း ရောက်မလာနိုင်တော့ဘဲ ပြေးရရှာမှာပါ။

ဂျပန်ခေတ်ကို သတိရတယ်။ သံချောင်းခေါက်ရင် ကျင်းထဲဝင်၊ လေယာဉ်ပြေးမှ ထွက်ကြရဆိုသလိုပါပဲ။ ညှဉ်းစ်တဲ့ ကိုဗစ်လို အဖြစ်က အေးမှ စုစုဝေးဝေး ဆွေးနွေးတိုင်ပင် ပျော်ရွှင်ကြရတော့မှာပါ။ အင်း .. လူဘဝ .. လူဘဝ .. စုံလဲစုံပါပေ့။

ဆရာဦးသုခရဲ့ ဘဝသံသရာသီချင်းကို ဆိုကြည့်လိုက်ရဦးမယ်...။ ဘဝသံသရာ ရှည်လျား ထွေပြား မနေမနား တစ်သွားထဲ သွားကြတာ။

"ကျွန်တော်တို့မြန်မာပြည်သူ၊ ပြည်သားတွေအားလုံး တညီတညာတည်း နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနတို့ရဲ့ ညွှန်ကြားမှုကို လိုက်နာပြီး သိုသိုသိပ်သိပ်ဆိတ်ဆိတ်ကလေး ဆက်နေကြမယ်ဆိုရင် ကိုဗစ်လည်း ရောက်မလာနိုင်တော့ဘဲပြေးရရှာမှာပါ။

စည်သူဗိုလ်ကလေးတင့်အောင်ကို အဘ ဦးဘသင်၊ အမိ ဒေါ်ဖွားသိမ်းတို့မှ ၁၉၂၂ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့၌ မွေးဖွားခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ အနုပညာရှင်ဘဝအနေဖြင့် ၁၉၄၀ ပြည့်နှစ်တွင် သီချင်းများ စတင်ရေးသားခဲ့ပြီး သီချင်းရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ စာရေးဆရာ၊ အမျိုးသားစာပေဆုရှင်၊ လူမှုထူးချွန်ဆု၊ စည်သူဘွဲ့ စသည်ဖြင့် အနုပညာနယ်ပယ်၊ စာပေနယ်ပယ်၊ လူမှုနယ်ပယ်တို့တွင် ထင်ရှားကျော်ကြားပြီး ယခုအသက် ၉၈ နှစ် အရွယ်ထိတိုင် ဂီတ၊ ပြဇာတ်၊ စာပေတာဝန်များကို ထမ်းဆောင်နေဆဲဖြစ်သည်။ (စာတည်း)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့ ဆောင်ပုဒ်ဖြင့် ကျင်းပမည်

နေပြည်တော် မေ ၂၉

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Digital Campaign တစ်ရပ်အား တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီ ထိန်းသိမ်းကြစို့ ဆောင်ပုဒ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် FM Radio လိုင်းမှတစ်ဆင့် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးခြင်း၊ WED 2020 Quiz (Facebook Live) မေး/ဖြေ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းနှင့် ဆုချီးမြှင့်ခြင်း အစီအစဉ်တို့အား ကျင်းပသွားမည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်နိုင်ပါရန်နှင့် အသေးစိတ် အချက်အလက်များသိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website ဖြစ်သော www.ecd.gov.mm နှင့် facebook page Environmental Conservation Department- ECD တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

Digital Campaign နှင့်အတူ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (National Clean and Green School Award) ချီးမြှင့်ခြင်းနှင့် အိမ်တိုင်ရာရောက် ပျိုးပင်များဖြန့်ဝေ၍ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်တို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ချင်းရွှေဟော်မြို့၌ တရုတ်နိုင်ငံမှ ပြန်လာသည့် နေရပ်ပြန်ပြည်သူ ၂၆၉ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် မေ ၂၉

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ရွှေ့ပြောင်းအလုပ်သမားများသည် ကိုးကန့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီက နေရပ်ပြန်ပြည်သူ ၂၆၉ ဦး ထပ်မံဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ရွှေ့ပြောင်း အလုပ်သမား ၂၆၉ ဦးတွင် အမျိုးသား ၁၄၂ ဦး၊အမျိုးသမီး ၁၂၇ ဦးတို့ဖြစ်ကာ မန္တလေးတိုင်းဒေသကြီးမှ ၂၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၊ ပဲခူးတိုင်းဒေသကြီးမှ ၁၇၂ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၃၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၅ ဦး၊ ကချင်ပြည်နယ်မှ လေးဦးနှင့် ရခိုင်ပြည်နယ်မှ ငါးဦးတို့ဖြစ်ပြီး ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များက မော်တော်ယာဉ်များစီစဉ်ပြီး လားရှိုးမြို့သို့ စနစ်တကျလွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ရွှေ့ပြောင်းအလုပ်သမားများကို ဧပြီ ၃၀ ရက်မှ စတင်ပြီး ၎င်းတို့၏ သက်ဆိုင်ရာနေရပ်ဒေသများသို့ စနစ်တကျလွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ အမျိုးသား ၅၀၀၆ ဦးနှင့် အမျိုးသမီး ၃၇၀၂ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန် ပြည်သူရွှေ့ပြောင်းအလုပ်သမား ၈၇၀၈ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

၎င်၎င်(ပြန်/ဆက်)

ဇူလိုင်လတွင် စာသင်ကျောင်းများပြန်ဖွင့်မည့်အပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၂၀)

၁။ မြန်မာနိုင်ငံတွင် COVID-19 ကူးစက်ခံရသည့် ပထမဆုံးလူနာကို စတင်တွေ့ရှိခဲ့ချိန်မှစ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့သည် ကိုရိုနာဗိုင်းရပ်စ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်လမ်းညွှန်မှုအပေါ် ပြည်သူလူထု၏ ယုံကြည်မှုအပြည့်အဝရှိခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် လက်တွေ့ကျသည့် အမိန့်နှင့် ညွှန်ကြားချက်များကြောင့် ပြည်သူလူထုအနေဖြင့် အဆိုပါအမိန့်၊ ညွှန်ကြားချက်များကို တိတိကျကျ လေးစားလိုက်နာမှုရှိခဲ့ပါသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် အကန့်အသတ်များစွာရှိသော်လည်း ကူးစက်မြန်ကပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် ယခုအချိန်အထိ ကျေနပ်အားရဖွယ်ရာ အောင်မြင်ဖြစ်ထွန်းမှုများစွာကို ရရှိစေခဲ့ပါသည်။ ဤသို့သော အောင်မြင်ဖြစ်ထွန်းမှုများက ပြည်သူလူထု ပြည့်ပြည့်ဝဝ ပူးပေါင်းပါဝင်ခြင်းအားဖြင့် အားကောင်းခိုင်မာလာသော ထူးခြားပြောင်မြောက်လှသည့် ခေါင်းဆောင်မှုဆိုင်ရာ အောင်မြင်မှုဖြစ်စဉ်တစ်ရပ်ကို ဖော်ပြနေပေသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ တွင် “လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်” ဟု ဖော်ပြထားပါသည်။ COVID-19 ကြောင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ ကလေးငယ် ၁.၅ ဘီလီယံကျော်၏ ပညာသင်ယူခွင့် ဆုံးရှုံးလျက်ရှိကြောင်း လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း ကျောင်းများကာလတာရှည် ပိတ်ထားသည့်အပေါ် ကော်မရှင်အနေဖြင့် များစွာစိုးရိမ်ပူပန်မိပါသည်။ မျှော်မှန်းထားသည်ထက် ပိုမိုကြာရှည်စွာ ကျောင်းများကို ပိတ်ထားမည်ဆိုပါက ပညာသင်ယူခွင့် အခွင့်အရေးကိုသာမက ကလေးငယ်များ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ကိုပါ ထိခိုက်လာနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ကလေးငယ်များကို နေအိမ်တွင်း၌ ကာလတာရှည်စွာ ကန့်သတ်ထားရှိခြင်းဖြင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများကဲ့သို့သော အန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ပါသည်။

၃။ အခြေခံပညာအထက်တန်းကျောင်းများကို ဇူလိုင်လ ၂၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောက်ထပ်သီတင်းနှစ်ပတ်အကြာတွင် အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မေလ ၂၇ ရက်နေ့က ကြားသိရသည့်အတွက် ကော်မရှင်အနေဖြင့် ကျေနပ်အားရမိပါသည်။ အဆိုပါ အစီအမံများကို တိုင်းပြည်၏ရောဂါတိုက်ဖျက်ရေး၌ အဆိုးဆုံးကြုံတွေ့နေရသည့် အခြေအနေတွင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းအစီအမံများအပေါ် စိုးရိမ်ပူပန်မှုများ ရှိနေကြောင်းကို အထူးသဖြင့် ကျောင်းသားမိဘများက ကျိုးကြောင်းတကျ ထုတ်ဖော်ပြောဆိုမှုများရှိနေပြီး ဆရာ ဆရာမများကပင် စိုးရိမ်ပူပန်မှုများရှိကြောင်း ပြောဆိုခဲ့ကြပါသည်။ ယင်းသို့သော စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ မျိုးစုံဖြစ်နေပါသည်။ အကြောင်းရင်းတစ်ရပ်မှာ အရွယ်ရောက်ပြီးသူများနှင့် နှိုင်းစာပါက ကလေးများအနေဖြင့် ကျန်းမာရေးဆိုင်ရာ ဥာဏ်ကြားချက်များနှင့် အညီ စာသင်ကျောင်းများတွင် တစ်ချိန်လုံး ပြုမူနေထိုင်ရန်ဆိုသည်မှာ ကလေးများ၏ သဘာဝအရ မျှော်လင့်၍ရနိုင်မည်မဟုတ်ပေ။ အခြားအကြောင်းရင်းတစ်ရပ်မှာ စာသင်ခန်းအကျယ်အဝန်းများသည် နေရာအကန့်အသတ်နှင့်သာ ရှိနေသည်ဖြစ်ရာ ကလေးငယ်များအကြား ခပ်ခွာခွာနေထိုင်ရေးအတွက် စီစဉ်ရာတွင် နောက်ထပ်အခက်အခဲတစ်ရပ်ရှိနေခြင်းဖြစ်သည်။ ထို့ပြင် စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူအရေအတွက်များပြားလှသောကြောင့် ရောဂါကူးစက်မှုတစ်ခုဖြစ်ပွားခဲ့ခဲ့တွင် ရောဂါပျံ့နှံ့မှုကို တားဆီးရန်အတွက် ကိုင်တွယ်ရခက်ခဲစေမည့် အချက်ဖြစ်သည်။ ပို၍နိုင်နိုင်နင်းနင်းရှိသော ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် အခက်အခဲများရှိကြောင်း ကြားသိနေရခြင်းမှာလည်း အရေးပါသည့်အကြောင်းရင်းတစ်ချက်ဖြစ်သည်။ ၎င်းအပြင် ကျောင်းနေကလေးငယ်များတွင် တစ်ဦးနှင့်တစ်ဦး တုပ်ကွေးရောဂါ ကူးစက်မှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည်။

၄။ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်ပြီးနောက်ပိုင်းမှသာ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် မိဘများက ဆန္ဒရှိကြပါသည်။ သို့ရာတွင် အဆိုပါအခြေအနေသို့ ရောက်ရှိရေးမှာ မျှော်မှန်းရခက်ခဲနေဦးမည်ဖြစ်ပြီး မည်သို့မျှ ကြိုတင်မှန်းဆ၍ မရနိုင်သည့်အခြေအနေတစ်ခုသို့ရောက်မှ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ချက်ကို ဆုပ်ကိုင်ထားခြင်းက ကျောင်းသား ကျောင်းသူများကို ရေရှည်အကျိုးဖြစ်စေမည် မဟုတ်ပေ။ သို့ဖြစ်၍ စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့် အစီအစဉ်များကို စေ့စပ်သေချာစွာ အသေးစိတ်စဉ်းစားသုံးသပ်ကာ ချမှတ်ဖော်ဆောင်ပြီးနောက် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန်သာ ဆောင်ရွက်ရတော့မည် ဖြစ်ပါသည်။ အစိုးရအနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရန် စီစဉ်ထားသည်များကို အသိပေးခြင်းဖြင့် မိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စိုးရိမ်ပူပန်မှုများကို လျော့နည်းစေနိုင်မည်ဖြစ်ပါသည်။ ကျောင်း ကြို/ပို့ယာဉ် ကိုယ်ပိုင်မရှိသော ကလေးငယ်များ၊ မသန်စွမ်းကလေးငယ်များ၊ တိုင်းရင်းသားလူမျိုးစုနယ်မြေများနှင့် သွားရေးလာရေး ခက်ခဲသောဒေသများရှိ နေရပ်သော ကျောင်းသားကလေးငယ်များ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်အတွက် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်မှုများက ကျယ်ကျယ်ပြန့်ပြန့်နှင့် လုံလောက်မှုရှိလိမ့်မည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါသည်။

၅။ နှာခေါင်းစည်း မျက်နှာဖုံးတပ်ခြင်း၊ သတ်မှတ်အကွာအဝေးတွင် ထိုင်စေခြင်း၊ လက်ဆေးခြင်းနှင့် ကိုယ်ပူချိန်တိုင်းတာခြင်းတို့ကို ဆရာ ဆရာမများနှင့် ကျောင်းတာဝန်ရှိသူများက သေချာစွာဆောင်ရွက်လိမ့်မည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်စိတ်ချသော်လည်း ရောဂါကူးစက်ခံရမှုကို အစောဆုံးသိရှိရေး မှာလည်း အရေးကြီးသည်ဟု မှတ်ယူပါသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အောက်ပါအတိုင်း အကြံပြုတိုက်တွန်းအပ်ပါသည်-

“ပြန်လည်ဖွင့်လှစ်မည့် ကျောင်းတိုင်းတွင် သင့်တော်သည့် ရာထူးအဆင့် ရှိသည့် ကျန်းမာရေးဝန်ထမ်းများကို လက်တွေ့လိုအပ်သည့် အရေအတွက်အထိ တရားဝင် တာဝန်ပေးခန့်အပ်ရေးကို ချမှတ်ရန် ရည်ရွယ်ထားသည့် စည်းမျဉ်းစည်းကမ်းများတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန်။ အဆိုပါဝန်ထမ်းများအတွက် အောက်ဖော်ပြပါ အဓိကတာဝန်ဝတ္တရားများ ထည့်သွင်းပြဋ္ဌာန်းပေးရန် -

(က) စာသင်ခန်းများအတွင်းရှိ ကျောင်းသားကျောင်းသူများ၏ အခြေအနေကို ကျောင်းတာဝန်ရှိသူများနှင့်အတူ စောင့်ကြည့်လေ့လာရန်၊

(ခ) ကျောင်းသား ကျောင်းသူများတွင် COVID-19 ရောဂါလက္ခဏာများ စစ်ဆေးတွေ့ရှိပါက အဆိုပါသံသယလူနာကလေးကို အခြားကလေးများနှင့် သီးခြားခွဲထားကာ မိဘများထံ အကြောင်းကြားရန် ချက်ချင်းဆောင်ရွက်ပြီး ယင်းကလေးငယ်ကို အသွားအလာ ကန့်သတ်ထားရှိ၍ စောင့်ကြည့်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ရောဂါကူးစက်ခံရသည့် ကလေးငယ်၊ သက်ဆိုင်သည့်မိသားစုနှင့် အခြားကလေးငယ်များအတွက် နှစ်သိမ့်ဆွေးနွေးပညာပေးမှုများ ပြုလုပ်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရန်၊

(ဃ) အခြားလိုအပ်ချက်များကို ထပ်မံဆောင်ရွက်နိုင်ရေးအတွက် စာသင်ခန်းအတွင်းရှိ အခြားကလေးများနှင့် သံသယရှိသည့် ကလေးငယ်တို့ကြား ထိတွေ့မှုကို ခြေရာခံနိုင်ရေး ဆောင်ရွက်ရန်၊

(င) ရောဂါထပ်ဆင့်ပြန့်ပွားမှုမရှိစေရေးအတွက် ကျောင်းတာဝန်ရှိသူများ၏ အကူအညီကိုရယူလျက် သံသယလူနာကလေးငယ်၏ မိသားစုနှင့် ညှိနှိုင်းဆောင်ရွက်ရန်။”

၆။ လက်ရှိအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဝန်နှင့် အားမမျှသည့် လူစွမ်းအားအရင်းအမြစ် အခြေအနေကို ကော်မရှင်အနေဖြင့် သတိပြုမိသော်လည်း COVID-19 လက္ခဏာများကို ဆောလျင်စွာ စစ်ဆေးသိရှိပြီး လိုအပ်သည်များကို လျင်မြန်စွာဆောင်ရွက်နိုင်ရန် သင့်တော်သည့် ရာထူးအဆင့်ရှိသော ကျန်းမာရေးဝန်ထမ်းများကို ကျောင်းများတွင် တရားဝင် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ကျောင်းပြန်ဖွင့်ချိန်တွင် ကျင့်သုံးဆောင်ရွက်မည့် စည်းမျဉ်းများထဲ၌ ထည့်သွင်းချမှတ်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်

မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေးဆပ်ကော်မတီ အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၉

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေးဆပ်ကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်ဖြင့်တင်ရေးဌာနခွဲ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့ရုပ်ရှင်ရာပြည့်မဂ္ဂဇင်းအား ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း ကဏ္ဍစုံလင်စွာဖြင့် ထူးခြားကောင်းမွန်စွာ ထုတ်ဝေနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အခမ်းအနားအား စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် အစည်းအဝေးများ ပြုလုပ်လျက်ရှိရာ ယမန်နေ့တွင် စာတမ်းဖတ်ပွဲများ ကျင်းပရေးဆပ်ကော်မတီ၏ အစည်းအဝေးကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေ လှူဒါန်းပေးလျက်ရှိ

နေပြည်တော် မေ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်စဉ် နွေရာသီကာလတွင် သောက်သုံးရေရှားပါးမှု ကြုံတွေ့လျက်ရှိသော မြို့နယ်၊ ရပ်ကွက်/ကျေးရွာများရှိ ပြည်သူလူထုများသို့ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်ဖြင့် ဖြန့်ဝေလှူဒါန်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယမန်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ ပုဗ္ဗသီရိမြို့နယ် ဖက်တဲကုန်းကျေးရွာသို့ ရေဂါလန် ၄၀၀၀ နှင့် ညောင်ကုန်းကျေးရွာသို့ရေဂါလန် ၂၀၀၀၊ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စုအလိုက် ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ယခုနှစ် နွေရာသီကာလအတွင်း ဧပြီ ၂ ရက်မှ စတင်၍ မြို့နယ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ဌာနမှရေသယ်ယာဉ်ဖြင့် ရေများသွားရောက် လှူဒါန်းပေးလျက်ရှိရာ မေ ၂၆ ရက်အထိ ပျဉ်းမနားမြို့နယ်တောင်သာကျေးရွာအုပ်စု(၁) သို့ ရေဂါလန် ၄၆၀၀၀၊ တောင်သာကျေးရွာအုပ်စု(၂)သို့ ရေဂါလန် ၁၂၀၀၀၊ ကတိုးဆိပ်ကျေးရွာအုပ်စုသို့ ရေဂါလန် ၅၆၀၀၀၊ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စုသို့ ရေဂါလန် ၄၂၀၀၀၊ ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စုသို့ ရေဂါလန် ၇၂၀၀၀၊ ရေဂါလန်စုစုပေါင်း ၂၂၈၀၀၀ အား ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျခွဲဝေလှူဒါန်းပေးခဲ့ပြီး နှစ်စဉ်ရေရှားပါးသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရပ်ကွက်များနှင့် ကျေးရွာများသို့ မိုးမကျမီကာလအထိ သန့်ရှင်းသောသောက်သုံးရေများအား ဆက်လက်၍ အလှည့်ကျ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဖိလစ်ပိုင်၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဇွန် ၁ ရက်တွင် စတင်ဖြေလျှော့ပေးမည်

မနီလာ မေ ၂၉

ဖိလစ်ပိုင်နိုင်ငံအစိုးရက မြို့တော်မနီလာနှင့် အခြားပြည်နယ်ခြောက်ခုတို့တွင် ချမှတ်ထားသည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ခရီးသွားလာခွင့်ပိတ်ပင်မှုဆောင်ရွက်ချက်များကို ဇွန် ၁ ရက်မှစတင် ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် အသွားအလာကန့်သတ်၍ သီးသန့်ခွဲထားမှုကို လူဇုန်ကျွန်းနှင့် အခြားသောနေရာများ၌ မတ် ၁၇ ရက်က စတင်ခဲ့သည်။ မနီလာမြို့အပါအဝင် ပြည်နယ်ခြောက်ခုနှင့် မြို့နှစ်မြို့တို့တွင် ကန့်သတ်မှုတချို့ ဆက်လက်ရှိနေမည်လည်းဖြစ်သည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက မေ ၂၈ ရက်တွင် ပြောကြားခဲ့သည့် ရုပ်မြင်သံကြား မိန့်ခွန်းတစ်ရပ်၌ မနီလာမြို့နှင့် အနီးဝန်းကျင်ရှိ ပြည်နယ်ခြောက်ခုတို့အတွက် အစီအစဉ်နှင့်စပ်လျဉ်း၍ ကြေညာခဲ့ခြင်းဖြစ်သည်။ ရထားနှင့် ဘတ်စ်ကားကဲ့သို့သော ပြည်သူ့ပို့ဆောင်ရေးလုပ်ငန်းကို အနည်းဆုံးခရီးသည် ၅၀ ရာခိုင်နှုန်းဖြင့် ပြန်လည်စတင်မည်ဖြစ်သည်။

အပြင်ထွက်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို အသက် ၂၀ အောက်နှင့် အသက် ၆၀ အထက် ရှိသူများအတွက် ဆက်လက်ရှိနေမည်ဖြစ်သော်လည်း အခြားသော အသက်အရွယ်အပိုင်း အခြားအုပ်စုများကိုမူ နေအိမ်မှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို ပုံမှန်လည်ပတ်နေကျ လူဦးရေ၏ ထက်ဝက်ဖြင့် လုပ်ငန်းများ ပြန်လည်စတင်ရေး ခွင့်ပြုပေးထားပြီး စီးပွားရေးလုပ်ငန်း အများအပြားကို လာမည့်တစ်ပတ်မှစတင်ကာ အပြည့်အဝ လုပ်ငန်းလည်ပတ်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သမ္မတ ဒူတာတေးသည် လက်ရှိအချိန်တွင် ကန့်သတ်ချက်များကို မည်သည့် အကြောင်းပြချက်ဖြင့် ဖြေလျှော့ပေးနေမှုနှင့် စပ်လျဉ်း၍ ပြောကြားခဲ့ခြင်းမရှိပေ။

ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူဦးရေ ၁၅၅၈ ဦးရှိကြောင်း အတည်ပြုထားပြီး ကူးစက်မှုနှုန်းတိုးမြင့်မှုမှာ ကျဆင်းလာခြင်း မရှိသေးသည့်အတွက် အစိုးရ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ကျွမ်းကျင်သူတချို့က ထုတ်ဖော်ပြောကြားခဲ့သည်။

ကိုးကား-အင်နှအိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး

တောင်ကိုရီးယား၌ ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာသဖြင့် စာသင်ကျောင်းများ ပြန်လည်ပိတ်ခဲ့ရ

ဆိုးလ် မေ ၂၉

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအများအပြား ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် မကြာသေးမီက ပြန်လည်ဖွင့်လှစ်ခဲ့သည့် စာသင်ကျောင်း ၂၀၀ ကျော်ကို ပြန်လည်ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူများ လျော့ကျသွားသည့်အတွက် မေ ၂၇ ရက်မှစပြီး စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ သို့သော် ကျောင်းများပြန်လည်ဖွင့်လှစ်ပြီးနောက် တစ်ရက်အကြာတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၉ ဦးခန့် ထပ်မံတွေ့ရှိခဲ့သည်။ အဆိုပါအရေအတွက်သည် နှစ်လအတွင်း တစ်ရက်တာ ဗိုင်းရပ်စ်ကူးစက်ခံရသူတွေ့ရှိမှုတွင် အမြင့်မားဆုံးဖြစ်သည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများကို ဆိုးလ်မြို့အပြင်ဘက်ရှိ ဂိုဒေါင်တစ်ခု၏ ဖြန့်ချိရေးလုပ်ငန်း၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဘူဆွန်မြို့ရှိ အဆိုပါ ဂိုဒေါင်ကို နိုင်ငံ၏အကြီးဆုံး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် Coupanm က ပိုင်ဆိုင်ကြောင်း သိရသည်။ ယင်းဂိုဒေါင်ရှိ လုပ်ငန်းလည်ပတ်မှုအခြေအနေသည် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများကဆိုသည်။ ထို့ပြင် အဆိုပါဂိုဒေါင်လုပ်သားများ၏ အဝတ်အစားများနှင့် ဖိနပ်များပေါ်တွင် ကိုဗစ်-၁၉ ရောဂါပိုးများကိုပင် စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါဂိုဒေါင်မှ လုပ်သားများအား ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ ဆက်လက်စစ်ဆေးမည်ဆိုပါက တောင်ကိုရီးယား၏ ဗိုင်းရပ်စ်ကူးစက်မှုနှုန်း ဆက်လက်မြင့်တက်ဖွယ် ရှိမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းများက ခန့်မှန်းပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၁၁၄၀၂ ဦး ရှိလာခဲ့ပြီး သေဆုံးသူ ၂၀၆ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဘီဘီစီ
ဘာသာပြန်-အောင်ကျော်ကျော်
■

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ မရှိသည်မှာ ခုနစ်ရက်ရှိပြီဖြစ်

ဝယ်လင်တန် မေ ၂၉

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူ မရှိသည်မှာ ယနေ့အထိ ခုနစ်ရက်ရှိသွားပြီဖြစ်ကြောင်း နှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပေါင်း ၁၅၀၄ ဦးရှိကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမှ ပြန်လည်သက်သာလာသူ အရေအတွက်သည် ၁၄၈၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ လက်ရှိတွင် တစ်ဦးသာ ကျန်ရှိတော့ကြောင်းလည်း ယင်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အောက်ကလန်အိုမင်းဖျားနာသူများ စောင့်ရှောက်ရေးဂေဟာတွင် အသက် ၉၀ အရွယ် အီလီယန်ဟန်တာ သေဆုံးခဲ့ပြီးနောက် နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်သည့် သေဆုံးသူအရေအတွက်သည် ၂၂ ဦးရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါခြေရာခံသည့် အက်ပလီကေးရှင်းကို အသုံးပြုသူအရေအတွက်သည် လက်ရှိတွင် ၄၄၆၀၀၀ အထိ စံချိန်တင်မြင့်တက်လာခဲ့ပြီး ယင်းမှာ မေ ၂၈ ရက်တွင် လူဦးရေ ၁၀၀၀၀ အထိတိုးလာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ လူဦးရေ ၁၀၀ အထိ အုပ်စုဖွဲ့ခြင်းကို ခွင့်ပြုပေးထားပြီး ယင်းသို့ခွင့်ပြုမှုတွင် ဘာသာရေးအခမ်းအနားများ၊ ပါတီပွဲများ၊ မင်္ဂလာပွဲများ၊ နာရေးများကဲ့သို့သော လူစုလူဝေးများ ပြုလုပ်ခြင်း၊ နေအိမ်တွင် အခမ်းအနားများပြုလုပ်ခြင်းနှင့် အိမ်ပြင်သို့ ထွက်ခွင့်ပြုခြင်းတို့လည်း ပါဝင်သည်။

နယူးဇီလန်နိုင်ငံ၌ လူစုလူဝေးနေရာများတွင် ကျန်းမာရေးကောင်းမွန်သူများသည်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် နှာခေါင်းစည်းဝတ်ဆင်ရန် မလိုအပ်တော့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့ သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

ကိုးလ်ကတ္တား မေ ၂၉

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်မှ ဝန်ကြီးတစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ရာ ဝန်ကြီးချုပ် မာမတာဘာနာဂျီး ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့တွင် ပထမဆုံးရောဂါကူးစက်မှုဖြစ်လာခဲ့သည်။

ယမန်နေ့ညပိုင်းက ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသည့် စမ်းသပ်မှုရလဒ်များ ထွက်လာပြီးနောက် ပြည်နယ်မီးသတ်ဌာနဝန်ကြီး ဆူဂျစ်ဘို့စ်ကို နေအိမ်၌ သီးသန့်ခွဲနေရန် အကြံပြုခဲ့သည်။ ၎င်း၏ ဇနီးသည်တွင်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည်။ အိမ်အကူတစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ် ရှာဖွေဖော်ထုတ်ပြီးနောက် ဆူဂျစ်ဘို့စ်နှင့် မိသားစုဝင်များ၏ ကိုယ်တွင်းနမူနာများ ယူဆောင်ကာ စမ်းသပ်ရန် ပို့ဆောင်ခဲ့သည်။ အနောက်ဘင်္ဂလားပြည်နယ်တွင် ယမန်နေ့က တစ်ရက်အတွင်း အမြင့်မားဆုံး ကူးစက်မှုအဖြစ် လူ ၃၄၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပြီး ကူးစက်လူနာစုဂဏန်းမှာ ကိုးလ်ကတ္တားမြို့မှဖြစ်သည်။

အနောက်ဘင်္ဂလားပြည်နယ်၌ လက်ရှိအချိန်တွင် ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၅၃၆ ဦးနှင့် သေဆုံးသူ ၂၂၃ ဦးရှိသည်။

ကိုးကား - ဝီတီအိုင်
ဘာသာပြန် - ကျော်ထိုက်စိုး

ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ရန် မလေးရှားနှင့် တူရကီ ပူးပေါင်းဆောင်ရွက်မည်

ကွာလာလမ်ပူ မေ ၂၉

ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ဆက်စပ်ဆေးဝါးများထုတ်လုပ်ရေး တူရကီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် မလေးရှားနိုင်ငံက ပြင်ဆင်ထားကြောင်း ဝန်ကြီးချုပ် တန်ဆရီမူယက်ဒင်ယာဆင်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုတိုက်ဖျက်ရေးနှင့် ကိုဗစ်-၁၉ အလွန် စိန်ခေါ်မှုများ ရင်ဆိုင်ရေးတွင် နှစ်နိုင်ငံစလုံး၏အင်အားကို အပြည့်အဝ အသုံးချရန် တူရကီသမ္မတ ရီစက်တေယက် အာဒိုဂန်တို့ သဘောတူခဲ့သည်ဟု ယာဆင်က ဆိုသည်။

ကူးစက်မှုနှင့် သေဆုံးမှုနှုန်း ကျဆင်းခဲ့ပြီး ကူးစက်ခံရသူများအနက် ၈၀ ရာခိုင်နှုန်းကျော် ရောဂါကင်းစင်လာခဲ့သည့် မတ် ၁၈ ရက်နောက်ပိုင်း အသွားအလာကန့်သတ်မှုအမိန့် အကောင်အထည်ဖော်ဆောင်မှု အပါအဝင် မလေးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ဖြစ်ပွားမှုကိုင်တွယ်မှုအတွေ့အကြုံကိုလည်း မျှဝေခဲ့ကြောင်း ၎င်းက ပြောသည်။ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ အဆင့်မြင့်ပညာရေး၊ ဆေးဘက်နှင့် ကာကွယ်ရေးဆိုင်ရာ နည်းပညာပါဝင်သော နယ်ပယ်အသီးအသီးတွင် ရှိယင်းစွဲနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည့် ကြိုးပမ်းမှုများကိုလည်း တူရကီသမ္မတနှင့် ဆွေးနွေးခဲ့ကြောင်း ယာဆင်က ပြောသည်။

မိနစ် ၃၀ ကြာ ဆွေးနွေးမှုအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြီးဆုံးပါက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်စတင်ရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြောင်း ၎င်းက ဆိုသည်။

ကိုးကား-ဘာနားမား
ဘာသာပြန်-ကျော်ထိုက်စိုး

တူရကီသမ္မတ ရီစက်တေယက်အာဒိုဂန်

မလေးရှားဝန်ကြီးချုပ် တန်ဆရီမူယက်ဒင်ယာဆင်

ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်မှုမရှိသည်မှာ ရက်သတ္တလေးပတ်အတွင်း ဝင်ရောက်ခဲ့ပြီဖြစ်

ဘန်ဒါဆရီဘီဂါဝန် မေ ၂၉

ဘရူနိုင်းနိုင်ငံတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁ ဦးရှိကြောင်းနှင့် မေ ၇ ရက်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်မှုမရှိသည်မှာ ရက်သတ္တလေးပတ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း ဘရူနိုင်းနိုင်ငံက သတင်းထုတ်ပြန်ခဲ့သည်။

ဘရူနိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၃၈ ဦးမှာ ပြန်လည်သက်သာလာပြီဖြစ်ကြောင်းနှင့် မေ ၇ ရက်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်မှုမရှိကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လက်ရှိတွင် တစ်ဦးသာကျန်ရှိပြီး အဆိုပါ ကူးစက်ခံရသူသည် အမျိုးသားသီးသန့်ခွဲထားစောင့်ကြည့်ရေးစင်တာ၌ ကုသမှုခံယူနေဆဲဖြစ်ကြောင်း ဘရူနိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားခဲ့သည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နှစ်ဦးသာရှိခဲ့ကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

ထိုင်းစတိုင် အနှိပ်ခန်းများ၊ အလှပြင်ဆိုင်များ၊ အားကစားစင်တာများအား ပြန်လည်ဖွင့်လှစ်ရန် ထိုင်းဝန်ကြီးချုပ် ဆုံးဖြတ်

ဗန်ကောက် မေ ၂၉

ထိုင်းအာဏာပိုင်များက ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အစီအမံများကို ထပ်မံဖြေလျှော့လျက်ရှိရာ ဇွန် ၁ ရက်မှစ၍ ထိုင်းနိုင်ငံအတွင်းရှိ ထိုင်းစတိုင် အနှိပ်ခန်းများ၊ အလှပြင်ဆိုင်များနှင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးစင်တာများကို ပြန်လည် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ ထိုင်းစတိုင်အနှိပ်ခန်းများ၊ အလှပြင်ဆိုင်များနှင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရေးစင်တာများကို ဖွင့်လှစ်ပြီး ယင်းနေရာများနှင့် စင်တာများ၏ ပိုင်ရှင်များ သို့မဟုတ် မန်နေဂျာများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိအောင် တင်းကျပ်စွာထိန်းသိမ်းထားရန် ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ အခြေအနေထိန်းချုပ်မှုဗဟိုဌာန ဦးဆောင်သူ ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက ယမန်နေ့တွင် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ထိုင်းအမျိုးသားလုံခြုံရေးကောင်စီ အထွေထွေအတွင်းရေးမှူး ဆွမ်ဆာခ်ရုန်ဆီတာက ပြောကြားသည်။

သို့သော် လူအများအပြားစုဝေးနိုင်ပြီး အရက်များသောက်သုံးနိုင်မည့် ယနေ့ခေတ် အနှိပ်ခန်းများ၊ အရက်ဆိုင်များနှင့် ဖျော်ဖြေရေးနေရာများကိုမူ ဖွင့်လှစ်မည်မဟုတ်သေးကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထို့ပြင် ထိုင်းအာဏာပိုင်များသည် စတိုးဆိုင်များနှင့် ကုန်တိုက်ကြီးများကိုလည်း ဇွန် ၁ ရက်မှစ၍ အချိန်တစ်နာရီ ထပ်တိုး၍ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်းသိရသည်။ ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် စတိုးဆိုင်များနှင့် ကုန်တိုက်ကြီးများကို ယခင်က ည ၈ နာရီအထိသာဖွင့်လှစ်ရန် ခွင့်ပြုထားသော်လည်း ယခုအခါ ကန့်သတ်မှုဖြေလျှော့သည့်အနေဖြင့် တစ်နာရီထပ်တိုး၍ ည ၉ နာရီအထိ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အားကစားရုံများကို ပြိုင်ပွဲအတွက် ဖွင့်လှစ်မည်မဟုတ်ဘဲ လေ့ကျင့်မှုအတွက်သာ ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ရုပ်ရှင်ရုံများကိုလည်း လူအများဆုံး ၂၀၀ အထိ အတွက်သာ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ လူ ၂၀၀ သည် နာခေါင်းစည်းများကို လုံးဝ ဝတ်ဆင်ရန် လိုအပ်ကြောင်း၊ ရုပ်ရှင်ရုံများနှင့် အားကစားရုံများ၌ တေးဂီတဖျော်ဖြေမှုများ လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် ယခင်က ညမထွက်ရအမိန့်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေ့စဉ် ည ၁၁ နာရီမှ နံနက် ၄ နာရီအထိ ပြဋ္ဌာန်းထားသော်လည်း ယခုအခါ ကန့်သတ်မှုဖြေလျှော့သည့်အနေဖြင့် ညမထွက်ရ အမိန့်ကို ည ၁၁ နာရီမှ နံနက် ၃ နာရီအထိ အချိန်တစ်နာရီ လျှော့ချလိုက်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၆၆ ဦး စံချိန်တင်စမ်းသပ်တွေ့ရှိ

နယူးဒေလီ မေ ၂၉

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၁၇၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၇၀၆ ဦးရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၆၆ ဦး စံချိန်တင်တွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၅၇၉၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပမာဏသည် နိုင်ငံအတွင်း စတင်တွေ့ရှိခဲ့ချိန်ကတည်းကစ၍ တစ်ရက်တာအတွင်း ကူးစက်မှုနှုန်း အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် မိုင်းရပ်စ်ကူးစက်ခံရသူများ မြင့်တက်လာခြင်းကြောင့် ယခုအခါ ကမ္ဘာပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အများဆုံး နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင် ဖြစ်လာခဲ့သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၇၁၁၀၆ ဦးသည် ရောဂါကင်းစင်လာသည့်အတွက် ဆေးရုံများမှ ပြန်ဆင်းသွားကြောင်း၊ ယခု လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၉၉၈၇ ဦးသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် မတ် ၂၅ ရက်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှုကို ကြေညာထားပြီး ယခုဆိုလျှင် ရက်ပေါင်း ၆၆ ရက်ထဲဝင်နေပြီဖြစ်သည်။ သို့သော် နိုင်ငံအတွင်းရှိ ရောဂါကူးစက်ပျံ့နှံ့မှု အခြေအနေအပေါ်မူတည်၍ အသွားအလာကန့်သတ်မှုကို မေ ၃၁ ရက်အထိ သက်တမ်းထပ်တိုးရန် တတိယအကြိမ် အဖြစ် ကြေညာခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ပိုင်းရပ်စ်ပိုး ကူးစက်ခံရသူ
၅၉၅၂၀၈ ဦး
သေဆုံးသူ
၃၆၂၂၀ ဦး
ပြန်လည်ကျန်းမာလာသူ
၂၆၀၈၃၆၂ ဦး

ကိုရိုနာပိုင်းရပ်စ် ကန့်သတ်ချက်များ ထပ်မံဖြေလျှော့မည်ဟု ပြင်သစ်ဝန်ကြီးချုပ် ပြော

ပါရီ မေ ၂၉

ကိုရိုနာပိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်ရန်အတွက် သတ်မှတ်ထားသည့် လူမှုရေးဆိုင်ရာ ကန့်သတ်ချက်များကို ထပ်မံဖြေလျှော့ပေးမည်ဖြစ်ကြောင်း ပြင်သစ်အစိုးရက ပြောသည်။ ယမန်နေ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝပ် ဖိလစ်က ကိုရိုနာပိုင်းရပ်စ်ဆိုင်ရာ ဆောင်ရွက်ချက်တချို့ ဖြေလျှော့မည့်အစီအစဉ်များ ကြေညာခဲ့ပြီး ကိုရိုနာပိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ပြီဟု ပြောကြားခဲ့သည်။

ဇွန် ၂ ရက်မှစ၍ နိုင်ငံအတွင်း ပြည်သူများ လွတ်လပ်စွာ သွားလာခွင့်ပြုမည်ဟု ၎င်းက ဆိုသည်။ လက်ရှိတွင် ပြည်တွင်းခရီးသွားလာမှုကို နေအိမ်မှ ကီလိုမီတာ ၁၀၀ အတွင်းသာသွားလာရန် ကန့်သတ်ထားသည်။ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များကို သတ်မှတ်ချက်အချို့ဖြင့် ပြန်ဖွင့်ခွင့်ပြုမည်ဟု ၎င်းက ပြောသည်။ ဝန်ထမ်းများ၊ စားသုံးသူများက နာခေါင်းစည်းများ ဝတ်ဆင်ရမည်ဖြစ်ပြီး စားပွဲများကို အနည်းဆုံး တစ်မီတာ အကွာအဝေးတွင် ထားရှိရမည်ဖြစ်သည်။ သို့သော် ပါရီမြို့နှင့် ကူးစက်မှုအန္တရာယ်မြင့်မားရာ ဒေသအချို့တွင် အပြင်ထိုင်ခုံဖြင့်သာ ခွင့်ပြုမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံက ဇွန် ၁၅ ရက်တွင် အခြားဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများနှင့် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်နေကြောင်း ဖိလစ်က ပြောသည်။ ကိုရိုနာပိုင်းရပ်စ်ကူးစက်မှု ပြန်လည်ဖြစ်ပွားနိုင်သည်ဟု ၎င်းက သတိပေးခဲ့ပြီး ပြည်သူများ အနေဖြင့် အတတ်နိုင်ဆုံး အိုးမကွာအိမ်မကွာ လုပ်ကိုင်ရန် ထောက်ခံခဲ့သည်။ ကူးစက်လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၏ တည်နေရာဖော်ပြသည့် အက်ပလီကေးရှင်းသစ်တစ်ခု

ကို အသုံးပြုရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

ပြင်သစ်နိုင်ငံသည် နှစ်လဝန်းကျင် အသွားအလာကန့်သတ်မှုများ ချမှတ်ပြီးနောက် မေ ၁၁ ရက်မှစ၍ အပျော်ခရီးတိုများနှင့် စီးပွားရေးကန့်သတ်ချက်များကို စတင်ရုပ်သိမ်းပေးခဲ့သည်။ **ကိုးကား-အင်နှအိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

ကိုရိုနာပိုင်းရပ်စ်ကပ်ရောဂါကြောင့် ကလေးသူငယ်များ ဆင်းရဲနွမ်းပါးမှု ပိုဆိုးစေနိုင်

ကုလသမဂ္ဂ မေ ၂၉

ကိုရိုနာပိုင်းရပ်စ်ကပ်ရောဂါ၏ ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုဂယက်ကြောင့် ၂၀၂၀ ပြည့်နှစ်အကုန်တွင် နောက်ထပ်ကလေးသူငယ်ဦးရေ ၈၆ သန်းအထိ ဆင်းရဲနွမ်းပါးသည့်အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း ကလေးသူငယ်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းနှစ်ခုက အရိပ်အမြွက် ပြောကြားခဲ့သည်။

ယခုအခြေအနေအား ထိထိရောက်ရောက်လုပ်ဆောင်မှုမပြုပါက ဝင်ငွေနိမ့်ကျသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိ နိုင်ငံများ၌ ယင်းတို့နိုင်ငံများအလျောက် ဆင်းရဲနွမ်းပါးမှု ရေချိန်များ အောက်ကျရောက်နေသည့်ဘဝများမှ ကလေးသူငယ်ဦးရေသည် ၂၀၂၀ ပြည့်နှစ်ကုန်တွင် ၆၇၂ သန်းအထိ ရှိလာနိုင်သည်ဟု ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)နှင့် Save The Children အဖွဲ့တို့က ပြောကြားသည်။

အဆိုပါကလေးသူငယ်များ၏ သုံးပုံနှစ်ပုံနီးပါးသည် ဆာဟာရတောင်ပိုင်း အာဖရိကနှင့် တောင်အာရှဒေသများ၌ နေထိုင်ကြသည်ဟု အဆိုပါအဖွဲ့များက ပြောကြားသည်။

ဥရောပနှင့် အာရှအလယ်ပိုင်းဒေသများ၌ ကလေးဦးရေပမာဏမြင့်တက်မှုကို အထင်ရှားဆုံးမြင်တွေ့နိုင်ရကြောင်း ခန့်မှန်းထားပြီး လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသများ၌ ၂၂ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့မြင်နိုင်မည်ဟု အဆိုပါနှစ်ဖွဲ့က ဖြည့်စွက်ပြောကြားခဲ့သည်။

ကိုရိုနာပိုင်းရပ်စ်ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် စီးပွားရေးအကျပ်အတည်းများက မိသားစုဝင်တွေ ဆုံးရှုံးမှုကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်ဟု ယင်းအဖွဲ့များက ပြောကြားပြီး ယင်းအချက်ကြောင့် မိသားစုဝင်များအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရေးနှင့် စားနပ်ရိက္ခာနှင့် သောက်သုံးရေ စသည့် အခြေခံလိုအပ်ချက်များရရှိရန် ခက်ခဲကြမည်ဟု ပြောကြားသည်။

ကိုးကား-အန်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကန့်သတ်မှု ဖြေလျှော့သည့်အနေဖြင့် ပိတ်ထားသည့် နိုင်ငံတကာလေကြောင်းလိုင်းများအား ပါကစ္စတန်ပြန်ဖွင့်

အစ္စလာမ္မာဘတ် မေ ၂၉

ပါကစ္စတန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ပြဋ္ဌာန်းထားသည့် အသွားအလာကန့်သတ်မှု အစီအမံများကို ဖြေလျှော့ခဲ့ပြီးနောက် ပိတ်ပင်တားမြစ်ထားသော နိုင်ငံတကာလေကြောင်းလိုင်းများကို ယနေ့ညမှစ၍ ပြန်လည်ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း ပါကစ္စတန်လေကြောင်း အာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားသည်။

ပါကစ္စတန် ဗဟိုအစိုးရ၏ ဆုံးဖြတ်ချက်အရ ပြည်ပသို့ထွက်ခွာမည့် နိုင်ငံတကာ လေကြောင်းလိုင်းများကို မေ ၃၀ ရက် နံနက် ပိုင်းမှစတင်ကာ ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းလိုင်းနှစ်ခုစလုံးကို နိုင်ငံ၏ အနောက်တောင်ဘက် ဂွာဒါနှင့် တူရ်ဘတ်လေဆိပ်များမှလွဲ၍ ပါကစ္စတန်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ပျံသန်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံတကာ လေကြောင်းလိုင်းများ အတွက် လေယာဉ်ပျံသန်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားပြီး လေကြောင်းလိုင်းများအနေဖြင့် လေယာဉ်ဆိုက်ရောက်မည့်နိုင်ငံ၏ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်လိုအပ်ကြောင်း ပါကစ္စတန် လေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပါကစ္စတန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် လုံခြုံသော အစီအမံတစ်ခုအနေဖြင့် မတ်လကတည်းက နိုင်ငံတကာလေကြောင်းလိုင်းကို ပိတ်ပင်တားမြစ်ခဲ့သော်လည်း ပြည်တွင်း လေကြောင်းလိုင်းများကို မေ ၁၆ ရက်တွင် ပြန်လည်စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျေတီ**

ကိုရိုနာပိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု မြင့်တက်နေစဉ် ဆော်ပေါလိုပြည်နယ်၌ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်မည်ဟုဆို

ဆော်ပေါလို မေ ၂၉

ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ်၌ ကိုရိုနာပိုင်းရပ်ကူးစက်ဖြစ်ပွားမှုများ အလျင်အမြန် မြင့်တက်လျက်ရှိနေသော်လည်း စီးပွားရေးလုပ်ငန်းအချို့ ပြန်လည်စတင်နိုင်ရေးအတွက် ခွင့်ပြုရန် ပြည်နယ်အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း အင်နှအိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ဆော်ပေါလိုပြည်နယ်သည် ဘရာဇီးနိုင်ငံတွင် လူဦးရေအများဆုံးနှင့် စီးပွားရေးအင်အား အကြီးမားဆုံးဖြစ်သည်။ ဆော်ပေါလိုပြည်နယ်အုပ်ချုပ်ရေးမှူး ဂျိုပိုဒေါ်ရီယာက မေ ၂၇ ရက်တွင် ၎င်း၏ အစီအစဉ်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခဲ့သည်။

ဆော်ပေါလိုပြည်နယ်အတွင်း ပြန်လည်စတင်လုပ်ကိုင်မည့် စီးပွားရေးဆိုင်ရာလုပ်ငန်းများ၌ စားသောက်ဆိုင်များနှင့် အဆောက်အအုံအတွင်း စားသောက်ကုန်ရောင်းဝယ်မှုလုပ်ငန်းများ ပါဝင်သည်။

ယင်းလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ပေးရေးအတွက် ဆော်ပေါလိုပြည်နယ် အုပ်ချုပ်ရေးမှူးက ထောက်ပြပြောဆိုရာတွင် ကျန်းမာရေးဆိုင်ရာဌာနများက ကိုရိုနာပိုင်းရပ်စ်ပိုးကူးစက်ခံရသူ လူနာများအား ကုသမှုပေးနိုင်မှုများကလည်း ၎င်း၏ ဆုံးဖြတ်ချက်တွင် အကြောင်းရင်းတစ်ခုအဖြစ်ပါဝင်သည်ဟု ဆိုသည်။

ဘရာဇီးနိုင်ငံသည် ကိုရိုနာပိုင်းရပ်စ် ကူးစက်ခြင်းခံရသူ ဦးရေ ၃၉၀၀၀၀ ကျော်ရှိနေပြီး ယင်းဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် နေ့စဉ်သေဆုံးနေရသူဦးရေမှာ လွန်ခဲ့သည့်ရက်များအတွင်း ၁၀၀၀ နီးပါး ရှိနေသည်။ ယင်းကိန်းဂဏာန်းများအရ ကမ္ဘာပေါ်တွင် ကိုရိုနာပိုင်းရပ်စ် ကူးစက်ခံရသူ ဦးရေနှင့် သေဆုံးသူအရေအတွက်သည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယအများဆုံးဖြစ်သည်။

ကိုးကား-အင်နှအိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတကာ ခရီးသွားလာမှုအခြေအနေ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ လျော့ကျနိုင်ဖွယ်ရှိ

ကုလသမဂ္ဂ မေ ၂၉

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံတကာ ခရီးသွားလာမှုအခြေအနေသည် ယခုနှစ်အတွင်း ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ လျော့ကျလာနိုင်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့က ခန့်မှန်းပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများက နယ်စပ်ဒေသများကို ဇူလိုင်လ အစောပိုင်းတွင် စတင်ဖွင့်လှစ်မည်ဆိုပါက ယခုနှစ် ခရီးသွားလာမှုနှုန်းသည် ၆၀ ရာခိုင်နှုန်း လျော့ကျသွားနိုင်ပြီး ဒီဇင်ဘာလအစောပိုင်းမှ စတင်ဖွင့်လှစ်မည်ဆိုပါက ၈၀ ရာခိုင်နှုန်း လျော့ကျသွားနိုင်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့က ၎င်း၏အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားဝန်ဆောင်မှုဆိုင်ရာ အလုပ်အကိုင်သန်း ၁၂၀ ခန့် ဆုံးရှုံးမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ထည့်သွင်းရေးသားထားကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းရှိ ခရီးသွားလာမှုလုပ်ငန်းများသည် လာမည့်နှစ်အတွင်းမှသာ ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်းနှင့် စီးပွားရေးဆိုင်ရာ သွားလာမှုများထက် မိတ်ဆွေသူငယ်ချင်းများနှင့် ဆွေမျိုးသားချင်းများဆီသို့ သွားလာလည်ပတ်မှုများက ပိုမိုလျင်မြန်စွာ စတင်နိုင်ဖွယ်ရှိသည်ဟု ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့က ခန့်မှန်းထားသည်။

ခရီးသွားလာရေးဝန်ဆောင်မှုများ အဆင်ပြေချောမွေ့စေရန်အတွက် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် သံတမန်များအား လုံခြုံမှုအပြည့်အဝပေးနိုင်ရေးတို့အတွက် လမ်းညွှန်ချက်များကိုလည်း ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါလမ်းညွှန်ချက်များတွင် ခန္ဓာကိုယ်အပူချိန် တိုင်းတာခြင်းများနှင့် လေယာဉ်ထိုင်ခုံများ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများ ပါဝင်ကြောင်း သိရသည်။ **ကိုးကား-အင်နှအိတ်ချ်ကေ**
ဘာသာပြန်-အောင်ကျော်ကျော်

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ သဇင်မြိုင် ရဲကင်းစခန်းအား AA အကြမ်းဖက်သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်

နေပြည်တော် မေ ၂၉

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ သဇင်မြိုင် ရဲကင်းစခန်းအား AA အကြမ်းဖက်သောင်းကျန်းသူများက ယနေ့ နံနက် ၂ နာရီခန့်တွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ မိသားစုဝင် ကလေးတစ်ဦးအပါအဝင် သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်လျက်ရှိ

ဖြစ်စဉ်မှာ ရသေ့တောင်မြို့နယ် သဇင်မြိုင် ရဲကင်းစခန်းရှိ ပင်မစခန်းနေရာအား AA အကြမ်းဖက်သောင်းကျန်းသူ ၁၀၀ ခန့်က စခန်း၏ အနောက်မြောက်ဘက်မှ နံနက် ၂ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကြီး၊ လက်နက်ငယ်များအသုံးပြုကာ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ကြောင်း၊ နံနက် ၅ နာရီခန့်တွင် ရဲတပ်ဖွဲ့ဝင် အချို့မှာ ကာကင်းကုန်းစခန်းသို့ သွားရောက်ပူးပေါင်းနိုင်ခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင်အချို့မှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ အဆိုပါ ရဲကင်းစခန်းနေရာသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တပ်မတော်စစ်ကြောင်းများက စစ်ကူပေးနိုင်ရေး သွားရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ မြို့နယ်ကျေးရွာများ လုံခြုံရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေသော ရဲကင်းစခန်းများအား တိုက်ခိုက်ခဲ့မှုအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဧန်နဝါရီ ၄ ရက်တွင် ဘူးသီးတောင်မြို့နယ်ရှိ ကထီးလှ၊ ငမြင်းဘော်၊ ဂုပ္ပိနှင့် ကျောက်တောင် ရဲကင်းစခန်းလေးခုအားလည်းကောင်း၊ မတ် ၉ ရက်တွင် ပုဏ္ဏားကျွန်း မြို့နယ်ရှိ ယိုးတရုတ် ရဲကင်းစခန်းအားလည်းကောင်း၊ ဇွန် ၁၀ ရက်တွင် မြောက်ဦးမြို့ရှိ ရဲတပ်ရင်းဌာနချုပ်အား လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် ဘူးသီးတောင်မြို့နယ်ရှိ ညောင်ချောင်းနယ်မြေ ရဲကင်းစခန်းအားလည်းကောင်း တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၂၂ ဦး ကျဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကာ မိသားစုဝင်များနှင့် ရဲတပ်ဖွဲ့ဝင်အချို့ ပျောက်ဆုံးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ရသေ့တောင်မြို့နယ် နယ်မြေ(၁၁)ရှိ သဇင်မြိုင်ရဲကင်းစခန်းအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လာရောက်ပစ်ခတ်၍ ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ



A1 သင်္ကန်းတိုက်တွင် ငွေကျပ် ၅၉ သိန်းကျော် ခိုးယူခံရ

ကသာ မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ သူဌေးကုန်းရပ်ကွက်ရှိ A1 သင်္ကန်းတိုက်တွင် ယမန်နေ့က ငွေကျပ်သိန်း ၅၀ ကျော် ခိုးယူခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ဦးသန့်စင်သည် ၎င်း၏ A1 သင်္ကန်းတိုက် ဈေးဆိုင်အတွင်း အရောင်းအဝယ်ကိစ္စဖြင့် ငွေပေးချေရန် ထည့်ထားသော ကောင်တာအံဆွဲအား ဖွင့်ကြည့်ရာအံဆွဲအတွင်း ငွေစက္ကူရောရာ ကျပ် ၅၉၇၈၀၀၀ မှာ ပျောက်ဆုံးနေကြောင်း သိရသဖြင့် ဈေးဆိုင်အတွင်း တပ်ဆင်ထားသော CCTV မှတ်တမ်းအား ပြန်လည်ကြည့်ရှုရာ ယမန်နေ့ နံနက် ၃ နာရီခွဲက အမျိုးသားတစ်ဦးသည် ဈေးဆိုင်အတွင်းသို့ ဝင်ရောက်လာ၍ အံဆွဲအား ဖွင့်ကာငွေများ ခိုးယူသွားကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖော်ထုတ်နိုင်ရေး ကသာမြို့မရဲစခန်းက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အေးမြသက်ထား

အောင်ဇေမိုး၊ ကျော်နိုင်(ခ)ကျော်ခိုင်တို့အား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

ရွာငံမြို့နယ်၌ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ည ၁၀ နာရီက ရွာငံမြို့နယ် တပ်ကုန်းကျေးရွာအနီး အောင်ပန်း-ရွာငံသွားကားလမ်းတွင် အောင်ဇေမိုး မောင်းနှင်လာသော ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၃၄ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ ဆက်လက်၍ အဆိုပါ နေရာ၌ ကျော်နိုင်(ခ)ကျော်ခိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၂၁ ကီလိုကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် အောင်ဇေမိုး၊ ကျော်နိုင်(ခ)ကျော်ခိုင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ထန်တလန်မြို့၌ ဆာကိုဗိုင်းရပ်စ်ကြောင့် ဝက် ၁၈၇ ကောင် သေဆုံး

ထန်တလန် မေ ၂၉

ချင်းပြည်နယ် ထန်တလန်မြို့၌ ယနေ့တွင် Porcine Circovirus Type-2 (PCV-2) ဝက်အားနည်းရောဂါကြောင့် ဝက် ၁၈၇ ကောင် သေဆုံးမှုဖြစ်ပွားကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ချင်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျန်းမာရေးမကောင်းသည့် အိမ်မွေးဝက်သုံးကောင်၏ သွေးနမူနာများ ရယူပြီး မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ ဝက်အားနည်းရောဂါဖြစ်ကြောင်း၊ အဆိုပါ ဝက်အားနည်းရောဂါသည် အိမ်မွေးဝက်နှင့်တောဝက်များတွင်အဖြစ်များပြီး ရောဂါလက္ခဏာအနေဖြင့် အစာမစားခြင်း၊ အသည်းရောင်အသားဝါဖြစ်ခြင်း၊ အပြာကွက်များထခြင်း၊ ရောဂါပြင်းထန်ပြီး အခြားရောဂါများဝင်ရောက်၍ သေဆုံးခြင်း၊ ရောဂါလက္ခဏာမပြဘဲ ရုတ်တရက် သေဆုံးခြင်း စသည့်ရောဂါလက္ခဏာများတွေ့ရပြီး ၎င်းရောဂါသည် လူသို့ ကူးစက်နိုင်ခြင်းမရှိဘဲ ဝက်အချင်းချင်းသာ ကူးစက်နိုင်ရောဂါဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝက်အားနည်းရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် မွေးမြူရေးတိရစ္ဆာန်များကို လုံခြုံသောခြံဝင်းဖြင့် သီးခြားထားရှိခြင်း၊ ခြံအတွင်းသို့ လူ၊ ယာဉ်၊ ပစ္စည်းအဝင်၊ အထွက်ထိန်းချုပ်ခြင်း၊ သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ခြင်းသည် ရောဂါကူးစက်မှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထန်တလန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးနေ့စဉ်ဖျန်းပေးခြင်း၊ ဝက်အားနည်းရောဂါဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်တာဝန်ခံ ဦးလျန်ဘွေးက ပြောကြားသည်။

ယောန(ပြန်/ဆက်)

သထုံမြို့နယ်၌ တရားမဝင် ပိတောက်သစ်ခွဲသား တန် ၁၀၀ ခန့် သိမ်းဆည်းရမိ

သထုံ မေ ၂၉

မွန်ပြည်နယ် သထုံမြို့ သုဓမ္မဝတီနယ်မြေ ရဲစခန်းပိုင် ကြက်တူရွေးသောင်းကျွန်းအနီး၌ တရားမဝင် ပိတောက်သစ်ခွဲသား တန် ၁၀၀ ခန့်ကို ယနေ့တွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သထုံမြို့ နယ်မြေခံ တပ်မတော်သားများ၊ သထုံသစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းထက်နှင့်အဖွဲ့ဝင်များ၊ ကြက်တူရွေးသောင်အုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက တရားမဝင်ပိတောက်သစ်များနှင့် စောအယ်ဂွယ် ဘားအံမြို့နယ် ကျော်ခုချောမြိုင်ကြီးဂူ ကရင်ပြည်နယ်၊ ကျော်နိုင်ထွန်းသဲကုန်းရွာ မြိုင်ကလေးကျေးရွာ ကရင်ပြည်နယ်နေသူတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၉

သစ်တောဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်လံမြို့နယ်၊ အရှေ့ရိုးမ ကြိုးပိုင်းအကွက်အမှတ် (၂၇၊ ၂၉)အတွင်း တရားမဝင်သစ်မျိုးစုံခွဲသား ၁၆ တန်ခန့်၊ အရှေ့ရိုးမကြိုးပိုင်းအကွက်အမှတ် (၄၇)ဒေသအခေါ် (နွားထူး မြောင်)နှင့် အရှေ့ရိုးမကြိုးပိုင်းအကွက်အမှတ်(၃၉) ဒေသအခေါ်(ပျားကြီးအုံမြောင်) နေရာတို့မှ တရားမဝင် ပျဉ်းကတိုးခွဲသား ၁၁ တန်ခန့်၊ မြိုင်မြို့နယ် သနပ်ရင်း-ဌေးအောင် ရွာချင်းဆက်လမ်းပေါ် ယာဉ်တစ်စီးပေါ်မှ တရားမဝင်သစ်မျိုးစုံခွဲသား ငါးတန်ခန့်၊ မုံရွာမြို့နယ် ကျောင်းစုကျေးရွာ၏ အနောက်ဘက် ငါးမိုင်ခန့် အကွာ၌ တရားမဝင်အင်သစ် ခြောက်တန်၊ ယင်းမာပင်မြို့နယ် နဘူတော တောပြင်နေရာ၌ တရားမဝင် သစ်မျိုးစုံခွဲသားငါးတန်၊ ရေးမြို့နယ် နှင်းစုံကျေးရွာအနီးမှ တရားမဝင်ကတွတ်ခွဲသား တန် ၂၀ တို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၉-၅-၂၀၂၀) ရက်နေ့ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၄၆၉)ခု၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၂) ခု၊ စုစုပေါင်း (၅၆၁)ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၂၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၇) ဦးရှိပါသည်။

၃။ (၂၉-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၄) ဦး (Case-78, 138, 145, 168) ရှိခဲ့သဖြင့် စုစုပေါင်း (၁၃၀) ဦးရှိပြီး ၎င်းတို့အနက် (၁၂၂) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၈-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၉-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၅) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၉ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၉-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၄၆၉) ခု
(၂၉-၅-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၉၂) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၁) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၉ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၂၀၇) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၄) ဦး	(၁၃၀) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၂၉-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်ခဲ့သည့်ဒေသ	COVID-19 ရောဂါအတည်ပြုလူနာများနှင့် တိုတွေ့ပုံ	ပြည်ပက လိုက်ပါပြုစုစောင့်ရှောက်သူ ရှိ/မရှိ	ဆေးကုသမှုခံယူမေည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအခြေ	မှတ်ချက်
207	၄၄ နှစ်	ကျား	မော်လမြိုင်ကျွန်းမြို့နယ်၊ ရောဂါကိုင်းဝေကြီး	မရှိ	ရှိ (မောလမြိုင်)	ပြည်သူ့ဆေးရုံကြီး ၇ဝဝ်ပြဿနာ	တွေ့ရှိ	အသွားအလာ ကန့်သတ်ထား ရှိသူ (ပူးပေါင်းပြီးနောက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၉ - ၅ - ၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၈ - ၅ - ၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၄၆၂) ခုနှင့် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (၃၇) ခုတို့တွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၈ - ၅ - ၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ဓာတ်ခွဲနမူနာ (၉၃၂)ခု၊ ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၄၈)ခု၊ ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၃၁) ခု၊ စုစုပေါင်း (၁၂၁၁) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၃။ (၂၉ - ၅ - ၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆)ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၉ - ၅ - ၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

(၂၈-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၉၃၂) ခု
(၂၈-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၁၄၈) ခု
(၂၈-၅-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၁၃၁) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လာရောက်လှူဒါန်း

နေပြည်တော် မေ ၂၉

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူရှင်များက ယနေ့မွန်းလွဲပိုင်းတွင် အလှူငွေများ လာရောက်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက လှူဒါန်းမှုအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားပြီး လှူဒါန်းမှုများကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၊ MPT သုံးစွဲသူ မိဘပြည်သူများ၏ SMS မှတစ်ဆင့် လှူဒါန်းငွေကျပ် ၂၀၆၉၁၅၀ နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူးများအဖြစ် ရာထူးတိုးမြှင့်ခံရသူ ၁၇ ဦးက ငွေကျပ်လေးသိန်းတို့ကို လှူဒါန်းခဲ့သည်။

သတင်းစဉ်

ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၂၉

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဇူလိုင် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် ၁၆-၃-၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ရာတွင် Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အား သရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်

Bank Name	–	Myanmar Economic Bank(H.O),Forex Operation
Account No.	–	CF 004880(MMK)
	–	EDN 600010(US$)
Swift Code	–	MYEBMMMY
Account Name	–	National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address	–	Myanmar Economic Bank(H.O), Loan & Supervision Dept., No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘာ့ဧဘဏ်

Bank Name	–	KBZ Bank Ltd.
Account No.	–	034 103 034 0232 8301 (MMK)
	–	034 109 034 0232 8301 (US$)
Swift Code	–	KBZBMMMY
Account Name	–	Coronavirus Disease 2019 (COVID-19)(National Level Central Committee For Preventing and Containing the Virus)
Bank Address	–	No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address	–	No.1, Bank Ward, Oaktaya Thiri Township, Naypyitaw

(ဂ) ဧရာဝတီဘဏ်

Account No.	–	000 110 501 002 5635 (MMK)
	–	000 110 503 000 0425 (US$)
Swift Code	–	AYABMMMY
Account Name	–	CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address	–	No.416/ Mahabandoola Road, Kyauktada Towship, Yangon, Myanmar
Branch Address	–	No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်

Account No.	–	0093 1005 0000 1333 (MMK)
	–	0093 1012 0000 2957 (US$)
Swift Code	–	CPOBMMMY
Account Name	–	CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

စဉ်	အမည်	ရာထူး/ဌာန	ဖုန်းနံပါတ်
(က)	ဒေါ်ခင်လေးညို	ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန	၀၆၇၃-၄၁၁၁၄၀ ၀၉-၄၂၃၃၀၃၈၃၃
(ခ)	ဒေါက်တာအေးမြမြကျော်	ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန	၀၉-၅၀၉၂၂၉၃

Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

အင်းစိန်ကမ်းနားအနောက် လှိုင်မြစ်ကမ်းနံဘေးရှိ ရေလုပ်သားများအား ငါးသယ်ဇာတ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

ရန်ကုန် မေ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မေလ နှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌ ဥများဖြင့် ပြည့်ဝနေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေပြီး ငါးရစ်တက်ကြသည်ဖြစ်သည်။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပြီး ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီ၌ ငါးသားပေါက်များ ရှင်သန်ကြီးထွားချိန်တို့တွင် ဖမ်းဆီးမှုများ မပြုလုပ်ကြရန် အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်နိုင်လင်းက ယနေ့နံနက် ၁၁ နာရီတွင် ကမ်းနားအနောက်ရပ်ကွက် အောင်ဇေယျတံတားအောက် လှိုင်မြစ်ကမ်းနံဘေး၌ ဒေသခံရေလုပ်သားများအား ငါးသယ်ဇာတ ထိန်းသိမ်းရေးဆိုင်ရာများ သိရှိနားလည်၍ ပူးပေါင်းလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့ ပူးပေါင်း၍ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ဝေသော ငါးသယ်ဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များကို ရေလုပ်သားများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

မြောက်ဥက္ကလာပမြို့နယ်၌ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက်ဖြင့် ကျန်းမာရေးစစ်ဆေး

ရန်ကုန် မေ ၂၉

ကိုဗစ်-၁၉ ရောဂါ ပြည်သူလူထုအတွင်း ကူးစက်မှုမရှိစေရေး ကွင်းဆင်းရှာဖွေဆောင်ရွက်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီတို့၏ အစီအစဉ်ဖြင့် အလိုအလျောက် ကိုယ်အပူချိန်တိုင်းစက်(Infrared Thermal Detection Unit)တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ပြည်သူ့ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ပြုလုပ်သည်။

ကျန်းမာရေးစစ်ဆေး

မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာစိန်က "ကျွန်မတို့မြို့နယ်မှာ ကိုဗစ်-၁၉ အတည်ပြုလူနာ နှစ်ဦးရှိပါတယ်။ သူတို့နှစ်ဦး နေထိုင်တဲ့ရပ်ကွက်တွေကို အဓိကထားပြီး ကျန်းမာရေးစစ်ဆေးမှု လုပ်တာပါ။ ကြိုတင်ကောက်ယူထားတဲ့ ကျန်းမာရေးစစ်တမ်းအချက်အလက်တွေကို စစ်ဆေးပြီး ကိုယ်အပူချိန်တိုင်းတာစစ်ဆေးမှုတွေ ပြုလုပ်တာဖြစ်ပါတယ်။ အခုလို ဆောင်ရွက်ခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလူနာရှိနေရင် စောစောတွေ့ရှိပြီး ကုသမှုတွေကို အမြန်ဆုံး ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များက မြောက်ဥက္ကလာပမြို့နယ် စံပြ(၈)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၅၁၄ စုမှ လူဦးရေ ၆၈၉၈ ဦးနှင့် (၄)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၁၁၉ စုမှ လူဦးရေ ၅၂၀၀ တို့၏ ကြိုတင်ကောက်ခံထားသည့် မိသားစုကျန်းမာရေးစစ်တမ်းများကို ကြည့်ရှုစစ်ဆေးကာ အလိုအလျောက် ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း

ကျန်းမာရေးစစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးသည့်အပြင် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များက အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ပေးကြသည်။

ကြိုတင်အသိပေး

ထိုသို့ဆောင်ရွက်မှုအပေါ် မြောက်ဥက္ကလာပမြို့နယ် စံပြ(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်မိုးက "ရပ်ကွက်နေပြည်သူတွေအားလုံး ကျန်းမာရေးစစ်ဆေးမှုခံယူနိုင်ဖို့ ကြိုတင်အသိပေးမှုတွေလုပ်ခဲ့တယ်။ စစ်ဆေးတဲ့အချိန်မှာလည်း အကုန်လုံးနီးပါး လာရောက်စစ်ဆေးမှုပြုလုပ်ကြတယ်။ အခုလိုစစ်ဆေးမှုခံယူလိုက်တော့ သူတို့အနေနဲ့လည်း ကျန်းမာရေးဆိုင်ရာ ယုံကြည်မှုတွေ ရရှိသွားနိုင်သလို ကျန်းမာရေး မကောင်းသူတွေရှိနေရင်လည်း အမြန်ဆုံးသိရှိပြီး ကာကွယ်ထိန်းချုပ်မှုတွေ ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ နှစ်ဦးတွေ့ရှိထားသည့်အတွက် ထိုကဲ့သို့ ဆောင်ရွက်မှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အသိပညာပေးလှုပ်ရှားမှုများကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးဆောင်ရွက်

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အတည်ပြုလူနာ အများဆုံးတွေ့ရှိထားသော အင်းစိန်မြို့နယ် အပါအဝင် မရမ်းကုန်း၊ တာမွေ၊ လှိုင်သာယာမြို့နယ်တို့တွင် မြို့နယ်အဆင့်အနေဖြင့် ဆောင်ရွက်ခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတွေ့ရှိထားသော မြို့နယ်များတွင် အတည်ပြုလူနာနေထိုင်သည့် လမ်းနှင့် ရပ်ကွက်များအတွင်း၌ ထိုသို့စစ်ဆေးဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင်လည်း ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

သတင်း - ဇော်ကြီး
ဓာတ်ပုံ - ဖေဇော်

မေ ၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်ဆက်တိုက် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တွေ့ရှိခြင်းမရှိခဲ့ဘဲ မေ ၂၉ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၇ ဦး ရှိသွားပြီ

နေပြည်တော် မေ ၂၉

မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တွေ့ရှိခြင်းမရှိခဲ့ဘဲ မေ ၂၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ တစ်ဦး တွေ့ရှိကြောင်း၊ ၎င်းမှာ မလေးရှားနိုင်ငံမှပြန်လာသည့် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် နေသူဖြစ်ပြီး ပုသိမ်မြို့၌ အသွားအလာကန့်သတ်ထားသည့် အသက် ၄၄ နှစ်အရွယ် အမျိုးသားဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၇ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၀၇ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၃၀၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၁၂၂ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

စောင့်ခဲ့စစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၂၃၅၅၁	၂၀၇
ရောဂါပိုးကင်းစင်လာသူ	**သေဆုံးသူ**
၁၃၀	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၈၈၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၂၂ ဦး၊ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၁၆၁	၅
၂	ချင်း	၉	
၃	ပဲခူး	၇	၁
၄	စစ်ကိုင်း	၇	
၅	မန္တလေး	၃	
၆	ရှမ်း(ရွှေ)	၃	
၇	ရှမ်း(တောင်)	၂	
၈	နေပြည်တော်	၂	
၉	ရှမ်း(မြောက်)	၂	
၁၀	ကရင်	၂	
၁၁	ရခိုင်	၂	
၁၂	မကွေး	၂	
၁၃	ဧရာဝတီ	၂	
၁၄	တနင်္သာရီ	၁	
၁၅	မွန်	၁	
၁၆	ကချင်	၁	
	စုစုပေါင်း	**၂၀၇**	**၆**

❖ ယနေ့အချိန်ထိ ကယာပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၉-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၁၇၇၁၆၃၁	၄၉၉၁၁၃	၁၀၃၄၁၇
ဘရာဇီး	၄၃၈၈၁၂	၁၉၃၁၈၁	၂၆၇၆၄
ရုရှား	၃၈၇၆၂၃	၁၅၉၂၅၇	၄၃၇၄
စပိန်	၂၈၄၉၈၆	၁၉၆၉၅၈	၂၇၁၁၉
ဗြိတိန်	၂၆၉၁၂၇	၈၈၈၈၁	၃၇၈၃၇
အီတလီ	၂၃၁၇၃	၁၅၀၆၀၄	၃၃၁၄၂
ပြင်သစ်	၁၈၆၂၃၈	၆၇၁၉၁	၂၈၆၆၂
ဂျာမနီ	၁၈၂၇၁၀	၁၆၄၁၀၀	၈၅၇၇
အိန္ဒိယ	၁၆၉၀၁၁	၇၂၅၄၃	၄၈၂၀
တူရကီ	၁၆၀၉၇၉	၁၂၄၃၆၉	၄၄၆၁

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
စင်ကာပူ	၃၃၈၆၀	၁၈၂၉၄	၂၃
အင်ဒိုနီးရှား	၂၅၂၁၆	၆၄၈၂	၁၅၂၀
ဖိလစ်ပိုင်	၁၆၆၃၄	၃၇၂၀	၉၄၂
မလေးရှား	၇၇၃၂	၆၂၃၅	၁၁၅
ထိုင်း	၃၀၇၆	၂၉၄၅	၅၇
ဗီယက်နမ်	၃၂၇	၂၇၉	၀
မြန်မာ	၂၀၇	၁၃၀	၆
ဘရူနိုင်း	၁၄၁	၁၃၈	၂
ကမ္ဘောဒီးယား	၁၂၄	၁၂၂	၀
လာအို	၁၉	၁၆	၀

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ချင်းပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်း

ဟားခါး မေ ၂၉

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်သည့် ကိုဗစ်-၁၉ ရောဂါ ချင်းပြည်နယ်အတွင်း ပြန့်ပွားမှုမရှိစေရေးအတွက် MPT၊ ရွှေကမ္ဘာလင်းကုမ္ပဏီနှင့် ကားပစ္စည်းရောင်းဝယ်ရေး(ပခုက္ကူ)တို့က ယနေ့နံနက် ၁၁ နာရီတွင် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများပေးအပ် လှူဒါန်းကြကြောင်း သိရသည်။

လက်ခံရယူ

ယနေ့လှူဒါန်းပွဲတွင် ချင်းပြည်နယ်အတွင်း ကန့်သတ်စောင့်ကြည့်ထားသူများ အသုံးပြုနိုင်ရန်အတွက် MPT မှ Top up card အခု ၅၀၀၊ ဘောပင် အချောင်း ၁၀၀၊ အိတ်ငါးခုနှင့် စာအုပ် ၂၀ အားလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ဦးစိုးဌေးလှိုင် မိသားစု (ရွှေကမ္ဘာလင်းကုမ္ပဏီ ပခုက္ကူ)က ငွေကျပ် သုံးသိန်း တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ ဦးကျော်ကျော်မောင် မိသားစု (ကားပစ္စည်းရောင်းဝယ်ရေး ပခုက္ကူ)က ငွေကျပ် တစ်သိန်းနှစ်သောင်း တန်ဖိုးရှိ အရက်ပြန် ငါးဂါလန်တစ်ပုံးနှင့် လက်ဆေးရည် ၁၀ ဘူး တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ချင်းပြည်နယ် ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၉

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၄ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၉ မြို့နယ်ရှိ နေရာ ၆၁ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၈ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၅ ကီလိုဂရမ်၊ ရေဂါလန် ၄၃၈၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ Summer Palace Hotel ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီတံတားအမှတ် (၂)မှ ၁၂၀၂ ဦး ဆက်လက်ဝင်ရောက်

မြဝတီ မေ ၂၉

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၂၀၂ ဦးသည် မြဝတီချစ်ကြည်ရေးတံတားအမှတ်(၂)မှတစ်ဆင့် ယနေ့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၄၁၁ ဦးသည် ကား ၁၉ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏သဘောတူညီနှိုင်းမှု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၇၉၁ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကချင်ပြည်နယ်မှ ၅၀၊ ကယားပြည်နယ်မှ ကိုးဦး၊ ကရင်ပြည်နယ်မှ ၁၃၁ ဦး၊ မွန်ပြည်နယ်မှ ၁၅၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၀၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၃၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀၀၊ နေပြည်တော်မှ ၅၅ ဦး၊ ရှမ်းပြည်နယ်မှ ၆၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃ ဦး၊ ရခိုင်ပြည်နယ် မှ ၁၃ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၉၀ စုစုပေါင်း ၁၂၀၂ ဦးဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ မေ ၂ ရက်က ၅၄ ဦး၊ မေ ၃ ရက်က တစ်ဦး၊ မေ ၄ ရက်က ၄၄ ဦး၊ မေ ၅ ရက်က ၂၃ ဦး၊ မေ ၆ ရက်နှင့် မေ ၇ ရက်တို့တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၈ ရက်က ၁၀၀၊ မေ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၃၈ ဦး၊ မေ ၁၄ ရက်တွင် ၅၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀၊ မေ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၀ ရက်နှင့် မေ ၂၁ ရက်တို့တွင် ဝင်ရောက် ခြင်းမရှိဘဲ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ယနေ့အထိ စုစုပေါင်း ၈၉၈၁ ဦးထိရှိပြီဖြစ်သည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ရွှေနေနှင့် စာအုပ်

ဦးဟန်ညွှန့် (ဥပဒေ)

နိဒါန်း

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရွှေနေနှင့် စာအုပ်ပါတဲ့"

"အကျိုးအကြောင်း ရှင်းပြပါဦးဆရာ"

"စာရေးဆရာကြီး မောင်ထင်ရဲ့ ထင်ရှားတဲ့ အရေးအသားတွေအကြောင်း စွဲမက်ဖွယ်တင်ပြချင်လို့ပါ"

"ဘယ်လိုစွဲမက်ဖွယ်တွေပါလဲ၊ သိပါရစေ"

"ကိုင်း----ဒါဖြင့် ဖတ်ကြည့်ကြပါစို့"

စာအုပ်

စာအုပ်များအကြောင်း ကြေးမုံတွင် ကျွန်တော်ရေးသားတင်ပြနေခဲ့သည်မှာ ကာလအတန်ကြာပြီ ဖြစ်ပါသည်။ စာရေးဆရာကြီး၊ဆရာမကြီးများ၏လေ့လာမှတ်သားဖွယ် စာအုပ်များအကြောင်း ကျွန်တော်ဖတ်ရှုလေ့လာမိသမျှ တင်ပြခဲ့ခြင်းဖြစ်ပါသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့်အတိုင်း စာအုပ်နှင့်ပတ်သက်၍ လေ့လာမိသမျှ၊ ဖတ်ရှုမိသမျှ သင်ခန်းစာရသအဖုံဖုံကို မိမိ၏အတွေ့အကြုံများနှင့် ပေါင်းစပ်၍ တင်ဆက်ခဲ့ခြင်း ဖြစ်ပါသည်။

စာအုပ်ဆိုသည်မှာ အဘယ်နည်း

စာအုပ်ဆိုသည်မှာအဘယ်နည်း။ ရေးသားပုံနှိပ်ထားသောစာရွက်များကို အအုပ်ကလေးတစ်ခု ဖြစ်အောင်တွဲ၍ ချုပ်ထားသောပစ္စည်းကို စာအုပ်ဟုခေါ်သည်။ ဤကား ထင်လွယ်မြင်လွယ်သော အဓိပ္ပာယ်ဖြစ်၏။ ထိုထက် အလွန်စဉ်းစားကြည့်လျှင် လောကၻ "စာအုပ်" ထက် အံ့သြဖွယ်ကောင်းသောပစ္စည်းမရှိဟု ဆိုနိုင်သည်။ စာအုပ်ကို ရုပ်ဖြဲပ်တစ်ခုဟု ကျွန်ုပ်တို့မြင်ကြ၏။ သို့သော် စာအုပ်ထဲတွင် အသက်ဝိညာဉ်ကိန်းအောင်းနေသည်ဟု ဥပစာကားဖြင့် ဆိုနိုင်ပါသေးသည်။ စာအုပ်ထဲတွင် ကိန်းအောင်းနေသော အသက်မှာ လူသားတို့၏ အတွေးအခေါ် အမြော်အမြင် ဗဟုသုတများပင်ဖြစ်ကြောင်း စာရေးဆရာကြီး မောင်ထင်က ရေးသားခဲ့ပါသည်။ (စာ - ၁၁)

စာရေးဆရာကြီး မောင်ထင်

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့သား။ ၁၉၀၉ မှာမွေး။ ၁၉၃၃ တွင် ဘီအေ (ဝိဇ္ဇာဘွဲ့) ရ ။ ၁၉၃၆ - ၄၂ တွင် မြို့ပိုင်ဖြစ်။ ၁၉၄၃ - ၄၄ တွင် နိုင်ငံခြားရေးဌာနလက်ထောက်အတွင်းဝန်။ ၁၉၄၆- ၄၇ တွင် အသံလွှင့်ဌာန ညွှန်ကြားရေးဝန်။ ၁၉၅၀ - ၅၅ တွင် ရန်ကုန်သတင်းစာ အယ်ဒီတာ။ ၁၉၅၅-၅၈ တွင် စာပေဗိမာန် စွယ်စုံကျမ်းအတိုင်ပင်ခံ။ ၁၉၅၅ - ၇၇ တွင် လန်ဒန်တိုင်း သတင်းထောက်နှင့် အလွတ်သတင်းစာဆရာ ဖြစ်လာ။

၁၉၅၄ တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ။ ၁၉၅၉တွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ ထင်ရှားသော ဘဝတ္ထုအပါအဝင် စာအုပ်များရေးသားပြုစုခဲ့သည်။ ၂၀၀၃ အမျိုးသား စာပေ တစ်သက်တာစာပေဆု(ဝိဇ္ဇာဘာသာရပ်)ရရှိခဲ့သည်။ ၂၀၀၆ တွင် ကွယ်လွန်ရှာသည်။

ဟောပြောပွဲများ

စာရေးဆရာကြီး မောင်ထင်ကို ကျွန်တော် ကြည်ညိုသည်။ လေးစားသည်။ ဆရာကြီးက စာပေအတွေ့အကြုံများသည်။ အုပ်ချုပ်ရေးအတွေ့အကြုံ ကြွယ်သည်။ အဟောအပြော ကောင်းသည်။ ဆရာကြီး၏ စာပေဟောပြောပွဲများသို့ ကျွန်တော် တက်ရောက်ဖူးသည်။ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဥပဒေပညာဌာနသို့ စာပေဟောပြောပွဲများ လာရောက်ကျင်းပ ဟောပြောဖူးသည်။ ကျွန်တော်က ဥပဒေကျောင်းသားတစ်ဦးအနေနှင့် တက်ရောက်နားထောင်ခဲ့ရသည်။ ထိုကာလများကို မမေ့။ ယနေ့တိုင် သတိရနေသေးသည်။ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံမှာသာမက အခြားသော တက္ကသိုလ်များတွင်လည်း ဆရာကြီး မောင်ထင်၏ မှတ်သားနာယူဖွယ် စာပေဟောပြောပွဲများ ရှိခဲ့သည်။ မပျက်မကွက် ကျွန်တော် သွားရောက်နားထောင် မှတ်သားခဲ့သည်။

စာအုပ်နှင့်စာ

စာရေးဆရာကြီး မောင်ထင် ပြုစုရေးသားခဲ့သော စာအုပ်နှင့်စာ စာအုပ်ကို စိတ်ကူးချိုချို စာအုပ်တိုက်က ၂၀၁၇ တွင် ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းအတွက် အမှာစာတွင် ဆရာကြီး မောင်ထင်၏သား ညီကိုးက "၁၉၄၉ ခုနှစ်ကနေ ၂၀၀၂ ခုနှစ်အထိ သွေးသောက် မဂ္ဂဇင်း၊ စာပေလုပ်သား မဂ္ဂဇင်း၊ အင်းစိန် မဂ္ဂဇင်း၊ မြရည်နန္ဒာ - မိတ္ထီလာ မဂ္ဂဇင်း၊ ရွှေတံခါးမှူး မဂ္ဂဇင်း၊ ဟံသာဝတီသတင်းစာ၊ ကြေးမုံသတင်းစာနဲ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွေမှာ အဖေရေးခဲ့သမျှ ဆောင်းပါးတွေထဲက မြန်မာစာအရေးအသား၊ မြန်မာစကားပြေ အရေးအသား၊ စာရေးခြင်း အတတ်ပညာ၊ စာအကြောင်း ပေအကြောင်း၊ ကဗျာဆိုတာ စတဲ့ စာပေဆိုင်ရာ ဆောင်းပါး ၁၇ ပုဒ်ကို ရွေးချယ်ပြီး တစ်ပေါင်းတည်း စုစည်းပုံနှိပ်ထုပ်ဝေဖို့ စီစဉ်ခဲ့ကြတာ ဖြစ်ပါတယ်" ဟု ရေးသားခဲ့ပေသည်။

စာရေးဆရာကြီး မောင်ထင်က ခေတ်သစ်စာပေနှင့် စပ်လျဉ်း၍-

"ဤ၌ ခေတ်သစ်ဟု ဆိုသောအခါ စာဖတ်သူတို့သည် မိမိနှင့်အနီးကပ်ဆုံးဖြစ်သော ခေတ်ကိုသာ စဉ်းစားမိကြလိမ့်မည်။ ယခုအခါ ရေဒီယိုမှနေ၍ လွန်ခဲ့သော အနှစ် ၂၀ အထက်က ခေတ်စားခဲ့သော တေးများကို ခေတ်ဟောင်းတေးဟုဆိုကာ ပြန်လည်ဆန်းသစ်ထုတ်ဖော်နေပါသည်။ လူငယ်တို့အဖို့ ထိုအနှစ် ၂၀ ကာလသည် ကြာရှည်လှချည့်ဟု အောက်မေ့ကြလိမ့်မည်။ သို့သော် ခေတ်အဆက်ဆက်ကို မီလိုက်သောသူတို့အဖို့ကား ယင်းနှစ်ပေါင်း ၂၀ ကို မနေ့တစ်နေ့ကမျှသာဟု မှတ်ယူကြစမြဲဖြစ်သည်။ ထို့ကြောင့်ယင်းတို့ကထိုတေးများကို ခေတ်ဟောင်းတေးဟု မယူဆနိုင်ကြပါ" ဟု ရေးသားထားပါသည်။ (စာ -၇၂)

မြန်မာစကားပြေအကြောင်း

မြန်မာစကားပြေအကြောင်းနှင့်စပ်လျဉ်း၍ စာရေးဆရာကြီး မောင်ထင်က အောက်ပါအတိုင်း ရေးသားခဲ့ပါသည်-

"စကားပြေဟူသည်မှာ ပြေပြစ်သောစကားဖြစ်၏။ ဤအချက်ကို လွယ်လွယ်နှင့် အများနားလည်နိုင်ပါသည်။ ကျွန်ုပ်တို့သည် စကားတစ်လုံး၏အနက်ကို ဖော်ရာ၌ မူလဘူတဖြစ်သော အနက်ကို ထုတ်ဖော်စမြဲဖြစ်သည်။ အရင်းမူလကိုပြောသောအခါ စကားကျစ်သည်။ အဆာမပါ။ အဖွဲ့အနွဲ့မရှိ၊ အဖွင့်မလို၊ သို့သော် ပညာရှိတို့ကား လိုရင်းအနက်မှသွေဖည်၍ မသွားရလေအောင် အဓိပ္ပာယ်ကို ဖွင့်ဆိုပေးစမြဲဖြစ်သည်" ဟု ရေးသားခဲ့ပါသည်။

မြန်မာကဗျာဖွဲ့နည်းကျမ်း၌ ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်က-

"စကားပြေသည် စကားအပြေ၊ ပြေသောစကား၊ အဖုအထစ်၊ အဟောင်းအပိန်၊ အထောင့်ကင်းသောစကားကို ဆိုလိုသည်" ဟူ၍ ရှင်းပြသည်။ တစ်ဖန် ဤ၌လည်း ဦးဖိုးစိန်က ကျေနပ်လောက်ပြီဟု ယူဆခဲ့ဟန်မတူ။ ထို့ကြောင့် စကားပြေကို ဝိဂြိုလ်ပြုသောအခါ-

" စကားပြေဟူသည်ကား မပြေပြစ်သော ပါဠိအနက်ပြန် မြန်မာစကားမျိုးမှ ခွဲခြားရ၍ လင်္ကာစပ်လည်းမဟုတ်၊ တေးသီချင်းစပ်လည်းမဟုတ်၊ မြန်မာဘာသာပြောရိုးပြောစဉ်အတိုင်း ပြောဆိုရေးသားသောစကားမျိုးဖြစ်သည်" ဟူ၍ နောက်ထပ်ပြောဆိုစရာရှိသော အချက်အလက်တို့အတွက် စကားခင်းပေးခဲ့ကြောင်းကို စာရေးဆရာကြီး မောင်ထင်က ရေးသားခဲ့ပါသည်။(စာ-၈၂)

လူထုနှင့်ဆက်စပ်နေသောကဗျာ

စာရေးဆရာကြီး မောင်ထင်သည် ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ် သွေးသောက်မဂ္ဂဇင်း အမှတ် ၄၉တွင်-

"ကဗျာဆရာသည် ဟိုတောင်ဆီက မိုးကလေးညို့လာတိုင်း လွမ်းငွေ့ချည်းဝေမနေနိုင်၊ သောင်းကျန်းမှုတို့ကြောင့် စိတ်ကူးယဉ်ရာမှ ခဏခဏ လန့်၍လန့်၍ နိုးရသည်။ ထိုအခါ ကဗျာဆရာသည် စိတ်သက်သာရာရအောင် မည်သူထံ ချဉ်းကပ်ပါမည်နည်း"ဟူ၍ မေးခွန်းထုတ်ခဲ့လေသည်။

ထို့နောက် "အို---ကဗျာဆရာ လူထုထံပါးသို့ ချဉ်းကပ်ပါလော့။ လွမ်းစရာရှိလျှင် ကဗျာဆရာသည် လူထုနှင့် အတူအညီအမျှခွဲဝေ၍လွမ်းတော်မူပါတော့။ ဝမ်းသာစရာရှိလျှင် တစ်ယောက်တည်း ဝမ်းသာရသည်ထက် နှစ်ယောက်ပေါင်း၍ ဝမ်းသာရသည်က နှစ်ဆတိုး၍ ပျော်စရာမကောင်းပါလား" ဟု ရေးသားခဲ့ပါသည်။ (စာ-၁၀၉)

ထိုရေးသားချက်သည် ဆရာကြီး၏ လူထုအမြင်၊ လူထုချစ်ခင်မှု၊ လူထုလေးစားမှုများ၊ လူထုဘဝ ချဉ်းကပ်မှုများမည်မျှ အလေးထားကြောင်း ပေါ်လွင်ပေသည်။

ပြုပြင်စီရင်ခြင်းကိုခံယူနေရသော ဥစ္စာပစ္စည်း

" စာပေဟူသည်မှာလည်း သခ်ါရပင်ဖြစ်သည်။ သခ်ါရဆိုသည်မှာ သေခြင်းကိုမဆိုလိုပါ။ သခ်ါရဆိုသည်မှာ ပြုပြင်စီရင်ခြင်း သဘောတရားဖြစ်ပါသည်။ ကဗျာသည်လည်း ပြုပြင်စီရင်ခြင်းကို ခံယူနေရသော ဥစ္စာပစ္စည်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ခေတ်အလျောက် ရွှေ့လျားလာသော သဘောတရားတို့ကို တစ်ဦးတစ်ယောက်သောသူက ဟန့်တားလျှင် ရနိုင်သည်ဟုမယူဆပါ။ ဆန်းသစ်တီထွင်ချက်ကို အများကလက်ခံလျှင် ကြိုးပမ်းချက်အထမြောက်ပြီဟု ဆိုနိုင်သည်။ ဤသဘောကို ပြောရသောအခါ ကဝိပစ္စည်းဆိုသည်မှာ ကဝိတို့ကဖန်တီးလိုက်သောအရာကို အများကလက်ခံမှ ကဝိပစ္စည်းဖြစ်နိုင်သည်ကိုလည်း ကျွန်တော်စဉ်းစားကြည့်မိပါသည်" ဟု ဆရာကြီး မောင်ထင်က ရေးခဲ့ပါသေးသည်။ (စာ-၁၀၁)

ဆရာကြီး၏ အတွေးအမြင်၊ အရေးအသားများမှာ ယနေ့လူငယ်များ လေးစားစွာ မှတ်သားနည်းယူသင့်ပါသည်။ နှစ်ကာလ မည်မျှကြာညောင်းသည်ဖြစ်စေ၊ ယနေ့တိုင် နှိုင်းယှဉ်ဝေဖန်သုံးသပ်ပြီး ပညာရနိုင်သော အတွေးအမြင်များအဖြစ် မော်ကွန်းတင်ရစ်မည်ဖြစ်ပါသည်။ အလုပ်တာဝန်မျိုးစုံ၊ ဘဝမျိုးစုံဖြတ်သန်းခဲ့သော ဆရာကြီးမောင်ထင်၏ အတွေ့အကြုံများ၊ စာအုပ်စာပေပြုစုမှုများကို ပြန်လည်ဖတ်ရှုရင်း လေးစားဂုဏ်ပြုအပ်ပါသည်။

ရေးသားခဲ့သောစာအုပ်များ

ဆရာကြီးမောင်ထင်ရေးသားခဲ့သောစာအုပ်များမှာ ကိုဒေါင်း(၁၉၃၇)၊ ဘာအရေးကြီးဆုံးလဲနှင့် အာဇာနည်မိခင်ပြဇာတ်(၁၉၄၄)၊ ဝေ(၁၉၄၇)၊ ယောအတွင်းဝန်ဦးဘိုးလှိုင်၏ အတ္ထုပ္ပတ္တိ(၁၉၆၀)၊ မျိုးဖျက်ရန်သူ(၁၉၆၀)၊ ဗမာ့နိုင်ငံရေးသုခမိန်(၁၉၆၅)၊ မုန်တိုင်းထဲက နဖူးစာ(ဘာသာပြန်)(၁၉၆၅)၊ မြန်မာ့လယ်ယာမြေစနစ်(၁၉၆၆)၊ မိုပါဆွန်းဝတ္ထုတိုများ(ဘာသာပြန်)(၁၉၆၆)၊ လောကအမြင်(၁၉၆၆)၊ မောင်ထင်၏ဝတ္ထုတိုများ(၁၉၆၈)၊ ကမ္ဘာ့စာပေအညွှန်း(အိန္ဒိယ၊ အီရန်၊ အာရပ်) (၁၉၇၄)၊ မြို့အုပ်ပုံပြင် (၁၉၇၆) ကမ္ဘာ့စာပေအညွှန်း(တရုတ်၊ ဂျပန်) (၁၉၇၆)၊ ကမ္ဘာ့စာပေအညွှန်း(ဟေးဗရူး၊ ဂရိ၊ ရောမ) (၁၉၇၇)၊ အနာဂတ္တိကျမ်း(ဘာသာပြန်)(၁၉၇၇) မြင်ဝါတောင်(၁၉၇၇)၊ ကမ္ဘာ့စာပေအညွှန်း (အင်္ဂလိပ်) (၁၉၈၁)၊ ဂန္ဓဝင်သံခိပ်(၁၉၉၉)၊ မြို့အုပ်မင်းဆို ဘုံရုံကဗျာများ (၂၀၀၁)၊ အတွေးပဒေသာ (၂၀၀၂)၊ မိုးပေါ်သို့လိမ့်ကျခြင်း (ဘာသာပြန်)(၂၀၀၃)၊ စာပေရေးရာဆောင်းပါးများ (၂၀၀၄)၊ မြန်မာ့ဆယ်နှစ်လရာသီအကြောင်း(၂၀၀၅)၊ စာအုပ်နှင့်စာ(၂၀၀၆)၊ ကမ္ဘာ့စာပေအညွှန်းပေါင်းချုပ်

စာအုပ်ဆိုသည်မှာ ရေးသားပုံနှိပ်ထားသောစာရွက်များကို အအုပ်ကလေးတစ်ခု ဖြစ်အောင်တွဲ၍ ချုပ်ထားသောပစ္စည်းကို စာအုပ်ဟုခေါ်သည် . . .

(၂၀၀၈)၊ ကျွန်တော် ဘာကြောင့်စာရေးရသလဲ(၂၀၀၈)၊ ပုဂ္ဂလအဘိဓာန်(၂၀၀၉)၊ ရာပြည့်မောင်ထင် အမှတ်တရ စာစုများ (၂၀၀၉)၊ လူကြီးများဖတ်ဖို့ပုံပြင်(၂၀၀၉)၊ ရုပ်ပုံလွှာ(၂၀၁၀)၊ ရွှေးကောက်ပွဲဒဏ္ဍာရီ(၂၀၁၄)၊ အာဒီကပ္ပ (၂၀၁၆)၊ ကျွန်မဒီမိုကရေစီ(၂၀၁၇)တို့ ဖြစ်ပါသည်။

အခြေခံကောင်းလျှင်

စာပေနှင့်စပ်လျဉ်း၍ အခြေခံကောင်းလျှင် ကောင်းသည်နှင့်အမျှ တိုးတက်ကြောင်း ဆရာကြီးမောင်ထင်က ၁၇-၉-၁၉၈၉ နေ့ထုတ်လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် အောက်ပါအတိုင်းရေးသား ခဲ့သေးသည်-

"စာပေသည် အခြေခံကောင်းလျှင် ကောင်းသည်နှင့် အမျှ တိုးတက်စမြဲဖြစ်သည်။ အင်္ဂလိပ် ဥရောပစသော စာပေတို့သည် ဂရိနှင့်လက်တင်စာပေကျမ်းဂန်တို့ကို အခြေခံ၍ ဖွံ့ဖြိုးသည်။ ထိုနည်းတူပင် ကျွန်ုပ်တို့စာပေသည်လည်း ပုဂံခေတ်က ယဉ်ကျေးမှုအုတ်မြစ်ကို ချခဲ့သည့်အတိုင်း ပါဠိသက္ကတတို့၌ အခြေခံခဲ့သောကြောင့် ယနေ့တိုင် ဖွံ့ဖြိုးတိုးတက် တည်တံ့ခိုင်မာလျက် ရှိလေသည်။(စာ-၅၉)

စာအုပ်နှင့်စာ

ဤမျှဆိုလျှင် ဆရာကြီးမောင်ထင်၏ ဆိုလိုချက်၊ အရေးအသားများ၊ အတွေးအခေါ်များ၊ လူထုဘဝနှင့် နီးစပ်ပုံများကို ကြေးမုံစာချစ်ပရိသတ်တို့ အကဲဖြတ်နိုင်ကြပါပြီ။ ဆရာကြီးမောင်ထင်ရေးခဲ့သော စာအုပ်နှင့် စာအကြောင်း ဘက်စုံလေ့လာကြသော လူငယ်များအတွက် မှတ်စရာ၊ ဖတ်စရာ များလွန်စွာပေါများလှပါသည်။ မည်မျှခေတ်မီတိုးတက်သောခေတ်တွင်မဆို စာအုပ်နှင့် စာအခန်းကဏ္ဍမှာ ပျောက်ကွယ်သွားမည်မဟုတ်ပါ။ စာအုပ်စာပေလူ့မိတ်ဆွေအဖြစ် ထာဝစဉ်ရပ်တည်နေမည်သာ ဖြစ်ပါသည်။

နိဂုံး

စာရေးဆရာကြီး မောင်ထင်၏ ဘက်စုံထောင့်စုံအမြင်များဖြင့် ရေးသားခဲ့သော စာအုပ်နှင့် စာများအား လေ့လာဖတ်ရှုခံယူလျက် လေးစားမှုဖြင့် ဂါရဝပြုအပ်ပါကြောင်း . . . ။ ။

ရေသုံးစွဲမှုကို လျော့ချချွေတာနိုင်မည့် စပါးစိုက်ပျိုးနည်း

ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ မြန်မာနိုင်ငံ၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ရာသီဥတုနှင့်အညီ စိုက်ပျိုးနိုင်သည့် စိုက်ပျိုးရေးနည်းများအနက် လုပ်သားလိုအပ်ချက်နှင့် ရေသုံးစွဲမှုကို လျော့ချချွေတာနိုင်မည့် အောက်ပါစပါးစိုက်ပျိုးနည်းကို အများပြည်သူသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

မျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်း

မျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းသည် လုပ်သားလိုအပ်ချက်နှင့် ရေလိုအပ်ချက်နည်းပြီး လောင်စာဆီသုံးစွဲရန်မလိုအပ်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်ဘဲ ကုန်ကျစရိတ်သက်သာသော စီးပွားရေးတွက်ချေကိုက်သည့် နည်းစနစ်တစ်ခုဖြစ်ကြောင်း နိုင်ငံတကာဆန်စပါးသုတေသနဌာန(IRRI)က အကြံပြုထောက်ခံထားရှိပါသည်။

Drum Seeder ဖြင့်
စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်း

လယ်ယာလုပ်သားရှားပါးသောအခြေအနေနှင့် ကောက်စိုက်စရိတ်ကြီးမြင့်သည့် အခက်အခဲများကိုကျော်လွှားရန် ဝန်ကျဉ်း၍ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း ပြီးစီးနိုင်သော မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၁။ သင့်လျော်သော စပါးမျိုးရွေးချယ်ခြင်း

- ✓ စားသုံးမှုအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော ဒေသနှင့်ကိုက်ညီသည့် သက်လျင်စပါးမျိုးသန့်များကို စိုက်ပျိုးရန်ဖြစ်ပါသည်။

၂။ မြေပြုပြင်ခြင်း

- ✓ အလွန်စေးကပ်သောမြေနှင့် မညီညာသော တမန်းပြင်တွင် မျိုးစေ့ချကိရိယာအသုံးပြု၍ မရနိုင်ပါ။
- ✓ စိုက်ခင်းအား ပုံမှန်အတိုင်း ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ထွန်ယက်ပါ။
- ✓ မျိုးစေ့ချရန် သင့်တော်သော မြေအစိုဓာတ်ရှိချိန်တွင် မြေခဲမြေဩဇာထည့်သွင်း၍ ကြမ်းတုံးရိုက် မြေညှိပါ။
- ✓ စိုက်ခင်းတမန်း မြေညီညာပြီး ရေပြောင်စင်အောင်ထုတ်ပြီးမှ စိုက်ပျိုးရမည်။ (စိမ့်မြောင်း၊ပတ်မြောင်းများ ပြုလုပ်ထားရမည်။)

၃။ မျိုးစေ့ချခြင်း

- ✓ တစ်ဧကအတွက် မျိုးသန့်စပါးမျိုးစေ့ (၀.၅ - ၁) တင်း အသုံးပြုရမည်။

- ✓ စပါးစေ့များကို (၁၂)နာရီကြာ ရေစိမ်၍ ရေပေါ်ပေါ်သော မျိုးစေ့များကို ဖယ်ရှားကာ မျိုးအုပ်ရမည်။
- ✓ မျိုးစပါးကို စာပါးစပ်ပြုအနေအထားတွင် မျိုးစေ့ချကိရိယာ အသုံးပြု၍ မျိုးစေ့ချရမည်။
- ✓ မျိုးစေ့ချကိရိယာ၏ ပုံးထဲသို့မျိုးစေ့ထည့်ရာတွင် ပုံး၏ ၃ ပုံ ၂ ပုံထက် မပိုစေရပါ။ (မျိုးညှောက်ဖောက်ရာတွင် အညှောက်မရှည်စေရန်နှင့် စိုထိုင်း

မှုမများစေရန် သတိပြုရပါမည်။)

- ✓ မျိုးစေ့ချပြီးချိန်မှ (၅) ရက်အတွင်း ကြွက်၊ ငှက်၊ တိရစ္ဆာန်တို့၏ ဖျက်ဆီး

ခြင်းမှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည်။

၄။ မြေဩဇာကျွေးခြင်း

- ✓ တစ်ဧကအတွက် မြေခဲအဖြစ် သဘာဝမြေဩဇာ / နွားချေးဆွေးလှည်း ငါးစီးခန့်နှင့် (၁၅-၁၅-၁၅) ကွန်ပေါင်းမြေဩဇာ (၅၀) ကီလိုဂရမ် တစ်အိတ် အသုံးပြုပါ။

- ✓ အပင်ပွားစီးချိန်တွင် ပုလဲဓာတ်မြေဩဇာတစ်ဧက အိတ်ဝက် (အိတ်ဝက်/ဧကနှုန်း) မို့ကပ်ချိန်တွင် ပိုတက်ရှိမြေဩဇာတစ်ဧကတစ်စိတ် (၁/၄ အိတ်/ဧက)နှုန်း ထည့်သွင်းပေးပါ။
- ✓ ကောက်ရိုး၊ နှမ်းရိုး၊ စပါးခွံစသည့် သီးနှံအကြွင်းအကျန်များနှင့် နွားချေးတို့ကို မြေဆွေးပြုလုပ်၍ မြေပြင်ချိန်တွင် ထည့်ပါက အပင်၏ အနည်းလို အာဟာရဓာတ်များကို ပံ့ပိုးပေးသည့်အပြင် မြေ၏ရေထိန်းစွမ်းအားကိုပါ တိုးတက်စေသည်။
- ✓ မြေဆီလွှာဓာတ်ခွဲခန်းများတွင် မြေဆီလွှာ စမ်းသပ်စစ်ဆေး၍ ထောက်ခံချက်ပေးထားသော နှုန်းထားအတိုင်း ထည့်သွင်းအသုံးပြုသင့်ပါသည်။

၅။ ရေသွင်းရေထုတ်ပြုလုပ်ခြင်း

- ✓ ရေတော်မိုးတော်နှင့် ဆည်ရေသောက် ဒေသများတွင် ရေကိုအကျိုးရှိစွာ ခြိုးခြံချွေတာလိုပါက အသုံးပြုရန် အကောင်းဆုံးစိုက်ပျိုးနည်း ဖြစ်ပါသည်။
- ✓ ရေသွင်းရေထုတ်ကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။
- ✓ မို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေလုံလောက်စွာရရှိရန် လိုပါသည်။
- ✓ ရိတ်သိမ်းရာတွင်လွယ်ကူစေရန် ပန်းပွင့်စုံပြီးနောက်(၂၀-၂၅) ရက်အတွင်း ရေထုတ်ပေးရမည်။

၆။ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း

- ✓ မြေကို ကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းမြက်နှိမ်နင်းပါ။ (ပထမအကြိမ် ထယ်ထိုးထွန်ယက်ပြီးနောက် ပေါင်းပင်ငယ်များ ပေါက်ခါစတွင်

ဒုတိယအကြိမ် ထယ်ထိုးထွန်မွေခြင်းဖြင့် ပေါင်းမြက်နှိမ်နင်းပါ။)

- ✓ ပေါင်းနှိမ်နင်းခြင်းကို စိုက်ပြီး (၃၀ - ၄၅) ရက်အတွင်း အပြီးဆောင်ရွက်ပါ။ (တမန်းနှိုးကိရိယာကို အသုံးပြု၍ ပေါင်းမြက်နှိမ်နင်းပါ။)
- ✓ ပေါင်းသတ်ဆေးကို လိုအပ်မှအသုံးပြုပါ။
- ✓ ပေါင်းမြက်ဆိုးရွားစွာ ကျရောက်ပါက ပေါင်းပင်အမျိုးအစားပေါ်မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်းအတိုင်းတိကျစွာ လိုက်နာဆောင်ရွက်ပါ။

၇။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

- ✓ ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှု ရှိ/မရှိ ကို အမြဲမပြတ် ကွင်းဆင်းကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကို လိုအပ်မှသာ အသုံးပြုပါ။
- ✓ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာ နေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းပါ။
- ✓ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိချုံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြုခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်သင့်ပါသည်။

၈။ ရိတ်သိမ်းခြင်း

- ✓ စပါးနှံ၏ (၈၀-၈၅) ရာခိုင်နှုန်း ရင့်မှည့်ချိန် (မောင်းညှိချိန်) တွင် အလေအလွင့်အနည်းဆုံးနည်းလမ်းဖြင့် ရိတ်သိမ်းပြီး ချက်ချင်းခွဲလှေ့၍ အခြောက်ခံပါ။
- ✓ စပါးအစိုဓာတ်သည် မျိုးအတွက် (၁၃) ရာခိုင်နှုန်းနှင့် စားသုံးမည့်စပါးအတွက် (၁၄) ရာခိုင်နှုန်း လိုအပ်ပါသည်။

၉။ Seeder ဖြင့် စိုက်ပျိုးနည်း၏ အကျိုးကျေးဇူးများ

- ❖ ကြဲခင်းထက်မျိုးစေ့နှုန်းထားလျော့ချနိုင်ပါသည်။
- ❖ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေပါသည်။
- ❖ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေပါသည်။
- ❖ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေပါသည်။
- ❖ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်း ပိုမိုကြာမြင့်စေပါသည်။
- ❖ ရေကို ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ပါသည်။
- ❖ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်နှင့် အထွက်နှုန်းသိသာစွာ ကွဲပြားခြားနားမှု မရှိပါ။

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ရက်
(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေ၌ ပယ်ဖျက်ထားသော ပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"MEDIATION

89 – A

(1) The Court may make mediation to a dispute in the case which has civil nature pursuant to this section.

(2) The Court may refer the following cases for settlement through mediation:

(a) cases which are prescribed by the law or by notification issued by the Supreme Court of the Union to mediate and;

(b) cases in which the parties wish to go for mediation voluntarily.

(3) The proceeding of the mediation shall be confidential. Any communication, statement and admission made during the mediation shall not be admissible in any subsequent hearing of the same suit or any other proceeding.

(4) Where the parties to the mediation reach an agreement in order to settle the dispute, the Court shall verify the agreement and application of the parties, and pass an order or a decree as it thinks fit in accordance with the relevant provision of the Civil Procedure Code.

(5) The Supreme Court of the Union may issue rules, regulations, by-law, notifications, orders, directives, procedures and manuals, relating to mediation under this section as may be necessary.

Explanation – Mediation in this section is a dispute resolution process involving a mediator assigned by the Court who facilitate the parties to reach a mutually agreeable solution."

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း (၂)
နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် တို့နှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၈) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၁)
(ကျပ်သန်းပေါင်း)

စဉ်	၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ အရ သုံးဆိုင်ရာဥပဒေပါ အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	နောက်ထပ်ခွင့်ပြုသည့်သုံးငွေ								
				သာမန်သုံးငွေ	အတိုးဆပ်ငွေ	ထောက်ပံ့ငွေ	ငွေလုံခြုံရေးသုံးငွေ	မတ်တပ်ရပ်		အခွဲအခြေပြုများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
								ထုတ်ချေးငွေ	ချေးယူရငွေ အတွက် ပေးဆပ်ငွေ			
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
၁	၁	နိုင်ငံတော်သမ္မတ	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ	၃၀၈.၂၈၄			၂.၁၈၃.၃၃၉					၂.၄၉၁.၄၃၃
၂	၃	ပြည်ထောင်စုလွှတ်တော်	ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကက တတာဝန်ပေးသူ	၂၈၄.၄၄၃			၁၀၉.၈၈၀					၁၉၈.၃၃၁
၃	၆	ပြည်ထောင်စုတရားလွှတ်တော်ချုပ်	ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ	၁၄၃.၃၇၃			၆၇၄.၃၂၉					၈၁၈.၀၁၈
၄	၇	နိုင်ငံတော်ခဲ့ရေးပံ့ပိုးအခြေခံဥပဒေဆိုင်ရာခုံရုံး	နိုင်ငံတော်ခဲ့ရေးပံ့ပိုးအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ခဲ့ရေးပံ့ပိုးအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ	၈.၂၇၅								၈.၂၇၅
၅	၉	ပြည်ထောင်စုရှေ့နေချုပ်	ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ	၃၀၉.၈၈၈								၃၀၉.၈၈၈
၆	၁၀	ပြည်ထောင်စုစာရင်းစစ်ချုပ်	ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ	၁၅၁.၃၆၁			၁၅၁.၃၆၁					၁၅၁.၃၆၁
၇	၁၁	ပြည်ထောင်စုရာထူးဝန်အဖွဲ့	ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ	၁၇၆.၃၂၆								၁၇၆.၃၂၆
		စုစုပေါင်း		၄၆၂.၂၉၁			၃၂၁.၂၅၁					၃၂.၅၁၂.၅၀၈

(ဆက်လက်ဖော်ပြပါမည်)

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

(ခ) ဦးစီးဌာန မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် အဓိက အစိတ်အပိုင်းများနှင့် အခြားအချက်အလက်များ ပြောင်းလဲခြင်းတွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက် ပြောင်းလဲခြင်းများ စစ်ဆေးတွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုရမည်။

အခန်း(၇)

ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူ လိုင်စင်များ

၃၂။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့် လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့် လက်မှတ်အသစ်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်တို့နှင့်စပ်လျဉ်း၍ အသစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အခြားလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရန် မိမိဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သင့်လျော်သော အရာရှိများအား လိုင်စင်ထုတ်ပေးသူ အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၃၃။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင် အမျိုးအစားများကို သတ်မှတ်ရမည်။

၃၄။ (က) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ရရှိလိုသူသည် သက်ဆိုင်ရာ လိုင်စင် ထုတ်ပေးသူအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးလိုသူသည် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၅။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည်-

(က) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး -

(၁) သတ်မှတ်ချက်များနှင့်ညီညွတ်၍ စစ်ဆေးမှုအောင်မြင်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို ဦးစီးဌာနက သတ်မှတ်ထားသည့် သက်တမ်းအတိုင်း သတ်မှတ်၍ ထုတ်ပေးရမည်။

(၂) အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်းပြုနိုင်သည် -

(ကက) လုံခြုံစိတ်ချရပြီး အန္တရာယ်ကင်းရှင်းစွာ မော်တော်ယာဉ်မောင်းနှင်နိုင်စွမ်း သို့မဟုတ် ယာဉ်အကူအဖြစ် ဆောင်ရွက်နိုင်စွမ်းမရှိသော ရောဂါ သို့မဟုတ် မသန်စွမ်းမှု တစ်ခုခုဖြစ်နေခြင်း၊

(ခခ) စိတ်ကျန်းမာကြံ့ခိုင်မှု မရှိခြင်း၊

(ဂဂ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိခြင်း၊

(ဃဃ) ရာဇသတ်ကြီးပါ ယာဉ်မတော်တဆ ထိခိုက်မှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ ဖြစ်ခြင်း။

(ခ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၆။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင်ရရှိသူက အောက်ပါအကြောင်း ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းတွေ့ရှိပါက ယာဉ်မောင်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုနိုင်သည်-

(က) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ၊ နည်းဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူဖြစ်ခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူဖြစ်ခြင်း၊

(ဂ) ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်ချက်ဟောင်းမှတ်တမ်းရှိသည့်အပြင် ထိုသူ၏ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မောင်းနှင်မှု ဖြစ်ခြင်း။

၃၇။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိနှင့် ရဲအရာရှိတို့သည် ယာဉ်မောင်းလိုင်စင်ရရှိသူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ် အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သော်လည်းကောင်း ထိုသူကို ကျူးလွန်သည့်ပြစ်မှုအတွက် အမှတ်ပေး၍ အပြစ်ပေးအရေးယူသည့်စနစ် (Demerit Point System) ကို သတ်မှတ်ချက်များနှင့်အညီ ကျင့်သုံးနိုင်သည်။

၃၈။ ယာဉ်မောင်းလိုင်စင် အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူ အရာရှိသည် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ယာဉ်မောင်းလိုင်စင် ပြောင်းလဲထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၉။ ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့် လက်မှတ်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၀။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပြည်ပမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင် တင်ပြ၍ ပြည်တွင်းတွင် မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း သို့မဟုတ် စစ်ဆေးခြင်းပြု၍ ယာဉ်မောင်းလိုင်စင်ကိုဖြစ်စေ၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်ကို ဖြစ်စေ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

ရှင်းလင်းချက်။ ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ဆိုရာတွင် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ) တွင်ပါရှိသော ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများက ပြည်တွင်းယာဉ်မောင်းလိုင်စင်ကိုရယူလိုသည့်အခါ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍လည်း သက်ဆိုင်စေရမည်။

၄၁။ သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်အကူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ ၎င်း၏ယာဉ်အကူ လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုနိုင်သည်။

၄၂။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ကိုင်ဆောင်သူက သတ်မှတ်ထားသည့်စည်းကမ်းကို လိုက်နာရန် ဖျက်ကွက်မှုကို မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်အမျိုးအစား ပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း ကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

အခန်း(၈)

လုပ်ငန်းလိုင်စင်

၄၃။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၄၄။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၄၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၅။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၄၆။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၄၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင် သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၇။ လုပ်ငန်းလိုင်စင် ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ခွင့်ပြုထားသော လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၈။ လုပ်ငန်းလိုင်စင်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဦးစီးဌာနသည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူနိုင်သည်-

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း။

အခန်း(၉)

အယူခံခြင်း

၄၉။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀ ၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၃၀ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၄၉ အရ တင်သွင်းသော အယူခံမှုကိုစိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၁။ ပုဒ်မ ၅၀ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်းအကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၂။ ဦးစီးဌာနသည် ပုဒ်မ ၅၁ သို့မဟုတ် ပုဒ်မ ၅၂ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၃။ (က) ဦးစီးဌာနက ပုဒ်မ ၄၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၈ သို့မဟုတ် ပုဒ်မ ၅၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနမှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ဂ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဃ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၅၅ အရ တင်သွင်းသော အယူခံမှုကိုစိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်းအကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၈။ ဦးစီးဌာနသည် ပုဒ်မ ၅၇ သို့မဟုတ် ပုဒ်မ ၅၈ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၉။ (က) ဦးစီးဌာနက ပုဒ်မ ၄၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၈ သို့မဟုတ် ပုဒ်မ ၅၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနမှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ဂ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဃ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၅၅ အရ တင်သွင်းသော အယူခံမှုကိုစိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်းအကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၈။ ဦးစီးဌာနသည် ပုဒ်မ ၅၇ သို့မဟုတ် ပုဒ်မ ၅၈ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၉။ (က) ဦးစီးဌာနက ပုဒ်မ ၄၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၈ သို့မဟုတ် ပုဒ်မ ၅၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

စက်မှုဇုန်ဥပဒေပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

အခန်း(၁၄)

စက်မှုဇုန်လုပ်ငန်းများအား အခွင့်အရေးခံစားခွင့်ပြုခြင်း

၄၅။ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့အား ကနဦး တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန် စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းကိရိယာများ ယာယီတင်သွင်းခြင်းကို The Sea Customs Act (ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ) ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုသည်။ ဒေသဆိုင်ရာကော်မတီ၏ ထောက်ခံချက်ဖြင့် တင်သွင်းခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ရမည်။

၄၆။ ဗဟိုကော်မတီသည် အောက်ဖော်ပြပါလုပ်ငန်းများအား အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အထူးခံစားခွင့်များကို ကာလအပိုင်းအခြားသတ်မှတ်၍ ခွင့်ပြုနိုင်သည် -

(က) မှဲ့ဖြိုးမှုအားနည်းသော အရပ်ဒေသများရှိ စက်မှုဇုန် ရင်းနှီးတည်ဆောက်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် အရပ်ဒေသများ၌ အလုပ်အကိုင်အခွင့်အလမ်း အများအပြားပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) စိုက်ပျိုးမွေးမြူရေး အခြေခံထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) အရည်အသွေးပြည့်မီသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာအမျိုးမျိုးထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င) တန်ဖိုးမြှင့်တင်လျက် နိုင်ငံခြားတင်ပို့ခြင်းလုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုဖြင့် ဖန်တီးထုတ်လုပ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

အခန်း(၁၅)

စက်မှုဇုန်များအား အောင်မြင်စွာလည်ပတ်လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ခြင်း

၄၇။ ဗဟိုကော်မတီသည် တည်ထောင်ပြီး စက်မှုဇုန်များအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် ဒေသဆိုင်ရာကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

၄၈။ ဒေသဆိုင်ရာကော်မတီသည် မအောင်မြင်သော စက်မှုဇုန်များအား အောင်မြင်စွာ လည်ပတ်လုပ်ကိုင်နိုင်စေမည့် အစီအမံများရေးဆွဲရာတွင်-

(က) နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားအကြံပြုချက်များကို ရယူဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီအား အထူးစီမံချက်တစ်ရပ်ရေးဆွဲတင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

(ဂ) ကျွမ်းကျင်သူပညာရှင် သို့မဟုတ် အဖွဲ့အား ယင်းစက်မှုဇုန်နှင့်စပ်လျဉ်း၍ လေ့လာဆန်းစစ်ချက် အစီရင်ခံစာ တင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

၄၉။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်များအား အောင်မြင်စွာလည်ပတ်လုပ်ကိုင်နိုင်ရန် အောက်ဖော်ပြပါ လိုအပ်မည့်အစီအမံကို ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်နိုင်သည်-

(က) မြေအသုံးချမှု၊

(ခ) သယံဇာတအသုံးချမှု၊

(ဂ) စွမ်းအင် စနစ်တကျအကျိုးရှိထိရောက်စွာအသုံးချမှု၊

(ဃ) လူစွမ်းအားအရင်းအမြစ် အသုံးချမှု၊

(င) အုပ်ချုပ်ထောက်ပံ့မှု (Logistic)၊

(စ) ဘဏ္ဍာရေးဝန်ဆောင်မှု၊

(ဆ) အထူးစီးပွားရေးဇုန်များ၊ အခြားစက်မှုဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊

(ဇ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ချိတ်ဆက်ဆောင်ရွက်မှု၊

(ဈ) အကောက်ခွန်ကြိုးကြပ်မှု ကုန်လှောင်ရုံစနစ် (Bonded Warehouse System) ထူထောင်မှု။

အခန်း(၁၆)

စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း

၅၀။ စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လျှင် စီမံခန့်ခွဲရေးကော်မတီက အငြင်းပွားသူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။

၅၁။ ပုဒ်မ ၅၀ အရ ဖြေရှင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိပါက-

(က) ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ အငြင်းပွားမှုများကို ဆက်လက်ဖြေရှင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိလျှင် တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။

အခန်း(၁၇)

စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း

၅၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက-

(က) စီမံခန့်ခွဲရေးကော်မတီသည် ထိုသူအပေါ် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) စာဖြင့်သတိပေးခြင်း၊

(၂) သတ်မှတ်ထားသော ဒဏ်ငွေပေးဆောင်စေခြင်း။

(ခ) ဒေသဆိုင်ရာကော်မတီသည် ထိုသူအပေါ် လုပ်ငန်းယာယီ ရပ်ဆိုင်းသည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၅၃။ ပုဒ်မ ၅၂ ပုဒ်မခွဲ (က) ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အား ကျေနပ်ခြင်း မရှိသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဒေသဆိုင်ရာကော်မတီသို့ အယူခံဝင်နိုင်သည်။ ဒေသဆိုင်ရာကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၅၄။ ပုဒ်မ ၅၂ ပုဒ်မခွဲ (ခ) ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အား ကျေနပ်ခြင်း မရှိသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၁၈)

တားမြစ်ချက်များ

၅၅။ မည်သည့်ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူမျှ ပုဒ်မ ၃၄ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

၅၆။ မည်သည့်ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူမျှ ပုဒ်မ ၃၄ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များအရ အဆိုပါမြေအသုံးပြုခွင့်ပါမစ် သို့မဟုတ် ဂရန်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရပြီးနောက် လက်ရှိနေထိုင်အသုံးပြုခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

၅၇။ မည်သူမျှ စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း မပြုရ။

၅၈။ မည်သူမျှစက်မှုဇုန်အတွင်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျမရှိသော နည်းလမ်းဖြင့် စွန့်ပစ်ခြင်း၊ ရေဆိုးမြောင်းများကို ကျူးကျော်ပိတ်ဆို့ခြင်း၊ ကုန်ကြမ်းနှင့် လောင်စာများအား စနစ်တကျမရှိသောနည်းလမ်းဖြင့် ထားသိုခြင်း၊ လမ်းများပေါ်တွင် ယာဉ်ယန္တရားများ စည်းကမ်းမဲ့ရပ်နားခြင်း သို့မဟုတ် ပစ္စည်းများ စုပုံထားရှိခြင်း မပြုရ။

၅၉။ မည်သည့်ရင်းနှီးမြှုပ်နှံသူမျှ စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်သည့် ရန်ပုံငွေကို ထည့်ဝင်ရန် ပျက်ကွက်ခြင်း၊ မိမိပတ်ဝန်းကျင်သန့်ရှင်းရေးကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်း မပြုရ။

၆၀။ မည်သည့်ရင်းနှီးမြှုပ်နှံသူမျှ ဇုန်အလိုက် သတ်မှတ်ထားသော ခွင့်ပြုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရ။

၆၁။ မည်သည့်ရင်းနှီးမြှုပ်နှံသူမျှ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စုပေါင်းစနစ်ဖြင့် သန့်စင်စွန့်ပစ်ခြင်းမရှိသောစက်မှုဇုန်များ၌ မိမိအစီအစဉ်ဖြင့် သန့်စင်စွန့်ပစ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၆၂။ မည်သူမျှ စက်မှုဇုန်နယ်နိမိတ်အတွင်း လုပ်ကိုင်ခွင့်ရ ရင်းနှီးမြှုပ်နှံသူ၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် နှောင့်ယှက်ဖျက်ဆီးခြင်း မပြုရ။

၆၃။ မည်သည့်ရင်းနှီးမြှုပ်နှံသူမျှ နိုင်ငံခြားသား ကျွမ်းကျင်အလုပ်သမားနှင့် ပညာရှင်များခန့်ထားရေးဆိုင်ရာ အထောက်အထားများကို သက်ဆိုင်ရာဌာနများသို့ တင်ပြရာတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် ထိမ်ချန်ခြင်း မပြုရ။

အခန်း(၁၉)

ပြစ်ဒဏ်များ

၆၄။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ချမှတ်ရမည်။

၆၅။ ပုဒ်မ ၅၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၈ ၊ ၅၉ သို့မဟုတ် ပုဒ်မ ၆၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၆၈။ မည်သည့်ရင်းနှီးမြှုပ်နှံသူမဆို ပုဒ်မ ၆၀ သို့မဟုတ် ပုဒ်မ ၆၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သိန်း ၅၀ ချမှတ်ရမည့်အပြင် ခြောက်လထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ချမှတ်နိုင်သည်။

အခန်း(၂၀)

အထွေထွေ

၇၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၁။ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ ကော်မတီဝင်များသည် ပေးအပ်သော တာဝန်များကို ဆောင်ရွက်နေသည့်အချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၂။ ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျခံရမည်။

၇၃။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဗဟိုကော်မတီနှင့်ဒေသဆိုင်ရာကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) စီမံခန့်ခွဲရေးကော်မတီသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဒေသဆိုင်ရာကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၅။ တည်ထောင်ပြီးစက်မှုဇုန်များသည် ဤဥပဒေအရ စက်မှုဇုန်အဖြစ် သတ်မှတ်ကြေညာနိုင်ရေးအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သန်လျင်မြို့နယ်၌ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

ရန်ကုန် မေ ၂၉

မိုးရာသီ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို သက်သာသောအတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် သန်လျင်မြို့နယ်ရှိ တောင်ပိုင်းခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက တောင်သူများအား ထုတ်ချေးပေးလျက်ရှိသည်။

သန်လျင်မြို့နယ်အတွင်းရှိ တောင်သူဦးရေ ၄၇၀၀ တို့၏ လယ်ယာမြေ ဧက ၃၄၀၀၀ အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ် သန်း ၅၁၀၀ လျာထားခဲ့ပြီး မေ ၂၈ ရက်အထိ တောင်သူ ၆၆၂ ဦးတို့၏ လယ်မြေဧက ၄၇၂၁ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၇၀၈ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ပြီး ဖြစ်ကြောင်း ခရိုင်မန်နေဂျာ ဦးနေမျိုးကျော်စွာထံမှ သိရသည်။

သက်ခိုင်(သန်လျင်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွင့်နှင့်အဖွဲ့ လားရှိုးမြို့၌ ရိက္ခာနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

လားရှိုး မေ ၂၉

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီတွင် လားရှိုးမြို့မန်ဆူ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဆန် ၂ဖ အိတ်၊ ဆီ ရှစ်ပုံး၊ ဆား သုံးအိတ်နှင့် ကုလားပဲ သုံးအိတ် တို့အား မန်ဆူဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကမ္ဘောဇောဏီလီမိတက် နာယက ဦးအောင်ကိုဝင်းမိသားစုက အလှူငွေ ကျပ်သိန်း ၁၀၀၀ အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လားရှိုးမြို့ မြို့တော်ခန်းမသို့ရောက်ရှိပြီး ရှမ်းပြည်နယ်တိုက်ပွဲရှောင်စခန်း ၂၃ ခုရှိအိမ်ထောင်စု ၁၃၁၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၃၁၀၊ ဆန်အိတ် ၁၀၀၀ နှင့် ဆီပုံး ၁၀၀၊ ဆားအိတ် ၁၀၀၊ ကုလားပဲအိတ် ၁၀၀ တို့အား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လားရှိုးမြို့ နောင်ဖော့ကျေးရွာအုပ်စု လွယ်လွမ့်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားအိမ်ထောင်စု ၆၆၇ စုအတွက် ရိက္ခာထုပ်၆၆၇ထုပ်နှင့်ငွေကျပ်တစ်သောင်းစီအားလည်းကောင်း၊ မန်းပွဲကျေးရွာရှိတိုင်းရင်းသားအခြေခံအိမ်ထောင်စု ၃၆၀ အတွက် ရိက္ခာထုပ် ၃၆၀ နှင့် ငွေကျပ် တစ်သောင်းစီအားလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

သွားရောက်ကြည့်ရှု

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ဘောဇောဏီလီမိတက်မှ ငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်း ဆောက်လုပ်လျက်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးအား သွားရောက်ကြည့်ရှုခဲ့ကြသည်။ ထိုမှ

တစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နမ့်မော်ဖတောရကျောင်း သို့ရောက်ရှိပြီး တောရကျောင်းအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲအိတ်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ်၌ အခြေခံစားသောက်ကုန်များ စတင်ဖြန့်ဝေ

တောင်တွင်းကြီး မေ ၂၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သီရိမင်္ဂလာတိုက်သစ်ကျောင်းတွင် ဖွင့်လှစ်ထားသည့် အရေးပေါ်ကာလစားနပ်ရိက္ခာကူညီထောက်ပံ့ရေးစင်တာမှ ဝင်ငွေနည်းချို့တဲ့မိသားစုများအား အခြေခံစားသောက်ကုန်များကို ယနေ့နံနက် ၉ နာရီက စတင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဖြန့်ဝေ

အရေးပေါ်ကာလ စားနပ်ရိက္ခာကူညီထောက်ပံ့ရေးစင်တာအနေဖြင့် ရွှေအိုး(၁)ရပ်ကွက်ရှိဝင်ငွေနည်းချို့တဲ့အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်နှစ်ပြည်၊ ဆီ ၃၀ ကျပ်သားနှင့် ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ပဲကြော်၊ ပဲလျော်တို့ကို အိမ်ထောင်စု ၄၀၇ စုကို လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အေးမိုးမိုးမြင့်(ပြန်/ဆက်)

ဘားအံမြို့နယ်၌ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးရောင်းချ

ဘားအံ မေ ၂၉

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံကျေးရွာရှိ “နှစ်သစ်” မျိုးကောင်း၊ မျိုးသန့်မျိုးစေ့ ထုတ်လုပ်သူများ သမဝါယမအသင်းလီမိတက်က အသင်းသား ၅၇ ဦးနှင့် အသင်းသားပိုင်စိုက်ဧက ၁၁၇ ဧကပေါ်တွင် မျိုးစပါးများ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ တစ်ရာသီလျှင် ဆင်းသုခစပါးတင်း ၄၀၀၀ ထွက်ရှိပြီး တစ်တင်းလျှင် ၈၀၀၀ ကျပ်နှုန်းဖြင့် အသင်းသားများနှင့် အခြားလိုအပ်သော တောင်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချပေးနိုင်မှုများကြောင့် အသင်းသားများအနေဖြင့် မျိုးကောင်း၊ မျိုးသန့်စပါးများကို ပြင်ပမှာ မှာယူစရာမလိုဘဲ မိမိအသင်းများ၏ လိုအပ်ချက်များနှင့် ဒေသတွင်းရှိအခြားတောင်သူများ၏လိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြောင်းသိရသည်။

သတင်းစဉ်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ပခုက္ကူမြို့နယ် သမဝါယမအသင်းစုမှ စက်ရက်ကန်းများဖြင့် ချည်ထည်များ ထုတ်လုပ်

ပခုက္ကူ မေ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်သမဝါယမအသင်းစုက ကုန်ထုတ်လုပ်ငန်းခွဲအဖြစ် ဆောင်ရွက်လျက်ရှိသော မြန်မာ့ချည်ထည်ထုတ်လုပ်သည့်လုပ်ငန်းကို အနောက်ချောက်ကန်ကျေးရွာရှိ ရွှေဝတ်မှုစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းတွင် စက်ရက်ကန်သုံးစင်ဖြင့် စောင်၊ လက်သုတ်ပဝါများအား စဉ်ဆက်မပြတ်ရက်လုပ်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးသမဝါယမမဦးစီးဌာနနှင့် တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်တို့မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာလအတွင်း ရက်ကန်းလုပ်ငန်းများ လည်ပတ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော စံနှုန်းများနှင့် ဆောင်ရွက်နေခြင်း ရှိ/မရှိ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ သတ်မှတ်အရည်အသွေး စံချိန်မီ/မမီ တို့ကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်တွင်းဖြစ် ကုန်ချောစောင်နှင့် လက်သုတ်ပဝါများအား တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများနှင့် ချိတ်ဆက်၍ ဖြန့်ဖြူးရောင်းချခြင်း၊ အပြည်ပြည်ဆိုင်ရာသမဝါယမ အထိမ်းအမှတ်ပွဲတော်များတွင် ပြသရောင်းချခြင်းများအပြင် ပြင်ပပုဂ္ဂလိကများထံသို့လည်း လက်လီလက်ကား သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရာတွင် သုံးစွဲသူများက နှစ်သက်ကြကြောင်းနှင့် ပစ္စည်းများဝယ်ယူလိုပါက ပခုက္ကူမြို့နယ်သမဝါယမအသင်းစု ဖုန်း-၀၉-၄၃၀၀၈၃၀၄ ထံသို့ဆက်သွယ်မှာယူနိုင်ပါကြောင်း သိရှိရသည်။

သတင်းစဉ်

တောင်ကြီးမြို့၌ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

တောင်ကြီး မေ ၂၉

တောင်ကြီးမြို့ရှိ စက်မှုလယ်ယာဦးစီးဌာနသည် စနစ်တကျလယ်ယာမြေ ဖော်ဆောင်ခြင်းလုပ်ငန်းအား ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအမီ ကုန်းလှိုင်ကျေးရွာ၌ ဧက ၃၀၀ ကို ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် အခမဲ့ဖော်ဆောင်ပေးပြီးသည့်အပြင် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအား ထယ်တစ်ဧက ငွေကျပ် ၁၃၀၀၀၊ ထွန်တစ်ဧက ငွေကျပ် ၆၅၀၀ ဖြင့် လည်းကောင်း၊ ရိတ်သိမ်းခြွေလှေခြင်းကို တစ်ဧက ငွေကျပ် ၃၅၀၀၀ ဖြင့် လည်းကောင်း လယ်ယာဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

အရစ်ကျစနစ်ရောင်းချ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူများ ရာသီသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တောင်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်းနှင့် ရိတ်သိမ်းခြွေလှေခြင်းလုပ်ငန်းများကို တောင်သူအကျိုးပြု ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန်ရည်ရွယ်၍ တောင်သူများသို့ လက်ကိုင်ရှည်လက်တွန်းထွန်စက် ၁၄၅ စီးကို အရစ်ကျစနစ်ဖြင့် ယခုဘဏ္ဍာနှစ်တွင် ရောင်းချပေးနိုင်ခဲ့သည်။

သီတာဦး(တောင်ကြီးကိုယ်ပွား)

ဦးဌေးမြင့်ကို မြန်မာ ယူ-၁၉ ဖူဆယ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် မြန်မာ ယူ-၁၉ ဖူဆယ်အသင်းအတွက် နည်းပြသစ် ခန့်အပ်ခဲ့ပြီး လက်ရွေးစင်ဖူဆယ်အသင်းနည်းပြချုပ်ဟောင်း ဦးဌေးမြင့်ကို တာဝန်ပေးခဲ့သည်။

မြန်မာ ယူ-၁၉ ဖူဆယ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ် ပြိုင်ပွဲတွင် ရလဒ်ကောင်းခဲ့ပြီး အဆင့် (၅) နေရာရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြချုပ်နေရာတွင် နိုင်ငံခြားသားနည်းပြခန့်အပ်မည်ဖြစ်သောကြောင့် နည်း စနစ်ကော်မတီသည် ဦးဌေးမြင့်အား ယူ-၁၉ ဖူဆယ်အသင်း နည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဦးဌေးမြင့်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြချုပ်အဖြစ် ၂၀၁၆ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယနှင့် ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ်သစ်ဖြစ်သူ နယ်သာလန်နိုင်ငံသား ဗစ်တာ ဟာမန်စ်ကို စာချုပ်ချုပ်ဆိုပြီးပါက လက်ထောက်နည်းပြအဖွဲ့ဝင်များကို တာဝန်ပေးမည်ဖြစ်ကာ ဦးဌေးမြင့်ကိုလည်း နည်းပြအဖွဲ့တွင် တာဝန်ပေးဖွယ်ရှိနေပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီက ထပ်မံအတည်ပြုမည်ဖြစ် သည်။ ရွှိုင်းထက်ဇော်

ပရီမီယာလိဂ်ပြိုင်ပွဲကို ဇွန် ၁၇ ရက်တွင် ပြန်လည်စတင်မည်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် ရပ်နားထားခဲ့ရတဲ့ ပရီမီယာလိဂ်ပြိုင်ပွဲကို ဇွန် ၁၇ ရက်မှာ ပြန်လည်စတင်ကျင်းပတော့မယ်လို့ သိရပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲတွေ ပြန်လည်စတင်ချိန်မှာ အက်စ်တွန်မီလာအသင်းနဲ့ ရှက်ဖီးလ်ယူနိုက်တက် အသင်းပွဲစဉ်၊ မန်စီးတီးအသင်းနဲ့ အာဆင်နယ် အသင်းပွဲစဉ်တွေနဲ့ စတင်မှာဖြစ်ပါတယ်။

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်အပြည့်ကိုတော့ ဇွန် ၁၉၊၂၁ ရက်တို့မှာ ကျင်းပမှာဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ပွဲဟာ ပြီးဆုံးရန် ၉၂ ပွဲ ကစားဖို့ကျန်ရှိနေတာဖြစ်ပါတယ်။ ပြိုင်ပွဲအားလုံးကို တံခါးပိတ် ပုံစံနဲ့ ကျင်းပမှာဖြစ်ပြီး Sky Sports၊ BT Sport၊ BBC Sport စတဲ့ရုပ်သံတွေကနေ ထုတ်လွှင့်သွားဖို့ရှိနေတာဖြစ်ပါတယ်။

BBC Sport အနေနဲ့ ၁၉၉၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပွဲစဉ်လေးပွဲကို တိုက်ရိုက် ထုတ်လွှင့်သွားဖို့ရှိပြီး Sky Sports ကတော့ ဖိုင်နယ်ပွဲကို တိုက်ရိုက်ထုတ်လွှင့်သွားမှာဖြစ်ပြီး ၂၅ ပွဲကို တော့ Free to Air ပုံစံနဲ့ ထုတ်လွှင့်သွားဖို့လည်းရှိနေတာဖြစ်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲတွေရပ်နားထားချိန် လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားမှာ လီဗာပူးအသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှာ ဒုတိယနေရာက မန်စီးတီးအသင်းကို ရမှတ် ၂၅ မှတ်ဖြတ်ပြီး ဦးဆောင်နေကာ ဘုန်းမောက် အသင်း၊ အက်စ်တွန်မီလာအသင်းနဲ့ နော့ဝှစ်စီးတီးအသင်းတို့ဟာ တန်းဆင်းဇုန်အတွင်း ကျရောက်နေတာဖြစ်ပါတယ်။

စပိန်လာလီဂါပြိုင်ပွဲကို ဇွန် ၁၁ ရက်တွင် ပြန်လည်စတင်မည်

စပိန်လာလီဂါပြိုင်ပွဲကို လာမယ့်ဇွန်လအတွင်းမှာ ပြန်လည်စတင်ကျင်းပတော့မှာဖြစ်ပြီး လာမယ့် ဘောလုံးရာသီကိုလည်း စက်တင်ဘာလအတွင်းမှာ ပြန်လည်စတင်သွားဖို့ရှိနေတယ်လို့ စပိန်လာလီဂါဥက္ကဋ္ဌ ဂျာဗီယာတီဘတ်စ်က ပြောကြားခဲ့ပါတယ်။

စပိန်လာလီဂါပြိုင်ပွဲကို ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်နဲ့အတူ ပြန်လည်စတင်မှာဖြစ်ပြီး ပြိုင်ပွဲအားလုံးကို တံခါးပိတ်ပုံစံနဲ့ ကျင်းပသွားဖို့လည်းရှိနေတာဖြစ်ပါတယ်။ စပိန်နိုင်ငံဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်အနေနဲ့ စပိန်နိုင်ငံရဲ့ ထိပ်တန်းဘောလုံးပြိုင်ပွဲနှစ်ခုကို ဇွန် ၈ ရက်မှာ ပြန်လည်စတင်ဖို့ ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။

စပိန်လာလီဂါပြိုင်ပွဲမှာ လက်ရှိချန်ပီယံဘာစီလိုနာအသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်မှတ်ဖြတ်ပြီး ဦးဆောင်ထားကာ လက်ရှိမှာ စပိန်လာလီဂါပြိုင်ပွဲဟာ ကစားဖို့ ၁၁ ပွဲကျန်ရှိနေသေးတာလည်းဖြစ်ပါတယ်။ ဌေးကြွယ်-စုစည်းသည်

အနုပညာ

နိုင်ငံပေါင်း ၄၂ နိုင်ငံက တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ Sour Candy

အမေရိကန်ပေါ်ပ်ကြယ်ပွင့် လေဒီဂါဂါနှင့် တောင်ကိုရီးယားတေးဂီတအဖွဲ့ Black Pink တို့တွဲဖက်သီဆိုထားတဲ့ တေးသီချင်းသစ် Sour Candy ကို မေ ၂၈ ရက်က စတင်ထုတ်လွှင့်ပေးခဲ့ရာ အဆိုပါ တေးသီချင်းဟာ စတင်ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအတွင်း ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံပေါင်း ၄၂ နိုင်ငံက iTunes တေးဂီတဇယားတွေမှာ နံပါတ်(၁)နေရာမှာ ရပ်တည်နေကြောင်း စွန့်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုအောင်မြင်မှုကြောင့် Black Pink ဟာ အဖွဲ့ရဲ့ စံချိန်သစ်ကိုလည်း တင်နိုင်ခဲ့ပါတယ်။ စတင်ထုတ်လွှင့်ပြီးနောက် ရောင်းအားအကောင်းဆုံး တေးသီချင်းအဖြစ် iTunes တေးဂီတဇယား အများဆုံးမှာ နံပါတ်(၁)နေရာ ရယူနိုင်ခဲ့တဲ့ တေးသီချင်းလည်းဖြစ်လာခဲ့ကြောင်း သိရပါတယ်။

ဖန်ဘင်းဘင်းရဲ့ ဇာတ်လမ်းတွဲ မကြာမီ ပြသမည်

အခွန်ရှောင်မှုကြောင့် တရားစွဲဆိုခံခဲ့ရတဲ့ တရုတ်မင်းသမီး ဖန်ဘင်းဘင်းဟာ နှစ်နှစ်အကြာမှာ ဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖန်ဘင်းဘင်းဟာ ချင်မင်းဆက်အကြောင်း ရိုက်ကူးထားတဲ့ ရာဇဝင်ဇာတ်လမ်းတွဲမှာ အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်ထားတာပါ။ သူ့ရဲ့ ဇာတ်လမ်းတွဲ Win the World ကို ဗီဒီယိုပလက်ဖောင်း တစ်ခုဖြစ်တဲ့ Youku ကနေ ထုတ်လွှင့်ပြသသွားမှာပါ။ အဆိုပါ ဇာတ်လမ်းတွဲကို ယွမ်သန်း ၅၀၀ အကုန်အကျခံကာ ရိုက်ကူးခဲ့တာကြောင့် ရုပ်သံဇာတ်လမ်းတွေအနက် ဘတ်ဂျက်အများဆုံး သုံးစွဲရိုက်ကူးခဲ့တဲ့ဇာတ်လမ်းတွဲလည်းဖြစ်ကြောင်း သိရပါတယ်။ အေးပြည့် - စုစည်းသည်

ခြံရောင်းမည်

ပြင်ဦးလွင်တွင် ခြံကျယ်ကျယ်တွင် မိသားစုများများနှင့် နေလိုသူများအတွက် လားရှိုး-မန္တလေးလမ်း၊ ကျောချင်းကပ်၊ ပိတ်ချင်းမြောင် ဘုရားမုခ်ဦးအနီး၊ ကွန်ကရစ်လမ်းမကျယ်၊ မျက်နှာ၁၀ 120' ၊ ရှေ့နောက် 210' ၊ ဘယ်လိုမှ မရနိုင်သော သက်သာသောဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။ မြေကွက် အလွန်လှပြီး ပတ်ဝန်းကျင်ကောင်းသည်။ **ကျပ်သိန်း(800)**

ဖုန်း-09-664111664, 09-664222664, 09-664333664, 09-262192711

၂၉-၅-၂၀၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးညီညီအောင်က ဦးကျော်ကျော်(ခ)ဦးခင်ထွန်း၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် အများပြည်သူအမှန်အတိုင်းသိရှိနိုင်စေရန် စာရွက်စာတမ်းအထောက်အထားများ ညွှန်ပြ၍ ထပ်မံရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဟာဂျီဦးချစ်ဆွေ(၁၂/ကတတ(နိုင်)၀၀၄၂၇၂] အတွင်းရေးမှူးချုပ် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဒီအဖွဲ့ချုပ်(ဗဟို)၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၉-၅-၂၀၂၀ ရက်ထုတ် ကြေးမုံသတင်းစာတွင်ပါရှိသည့် ဦးကျော်ကျော်(ခ)ဦးခင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးညီညီအောင် (စဉ်-၁၄၇၆၁) တရားလွှတ်တော်ရှေ့နေ၏ ရှင်းလင်းကြေညာခြင်းမှာ လက်ရှိအခြေအနေအရ မှန်ကန်ခြင်းမရှိပါသဖြင့် အများပြည်သူ အမှန်အတိုင်းသိရှိရန် ထပ်မံရှင်းလင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဒီအဖွဲ့ချုပ်(ဗဟို)တွင် ဦးကျော်စိုးအား အတွင်းရေးမှူးချုပ်ရာထူး ခန့်အပ်၍ တာဝန်ထမ်းဆောင်စေခဲ့ရာမှ ၎င်း၏လုပ်ရပ်များကြောင့် မူလရာထူးတွင် ဆက်လက်တာဝန်ပေးဆောင်ရွက်စေရန် မဖြစ်နိုင်တော့သည့်အတွက် အနားပေးခြင်း ဦးကျော်စိုးကိုယ်တိုင် အလိုအလျောက် နုတ်ထွက်ပြီးဖြစ်ပါကြောင်း **အမှုဖွင့်ခံထားရသူများနှင့် ပူးပေါင်း၍ အဖွဲ့ချုပ်(ဗဟို)အား အသစ်ပြန်လည် ဖွဲ့စည်းနေကြောင်း ဦးကျော်စိုး၏ မရိုးဖြောင့်သော သဘောထားကို သိရှိရသည့်အတွက်လည်းကောင်း၊ အဖွဲ့ချုပ်(ဗဟို) အတွင်းရေးမှူးချုပ်ရာထူးမှ ထုတ်ပယ်လိုက်ကြောင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၏ သဘောဆန္ဒအရ အတွင်းရေးမှူးချုပ်နေရာအား တွဲဖက်အတွင်းရေးမှူးဦးချစ်ဆွေကို ရွေးချယ်တာဝန်ပေးအပ်ပြီးဖြစ်ကြောင်းကို** သက်ဆိုင်ရာ သာသနာရေးဦးစီးဌာနသို့ တင်ပြကာ ထိုသို့တင်ပြထားကြောင်း ၁၉-၃-၂၀၂၀ ပြည့်နှစ် ရက်စွဲပါစာအမှတ်(၀၂/၀၇)သာသန-၃/၁၈ ဖြင့် တရားဝင်စာ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

ကြော်ငြာခွင့်ပြုမှတ်အမှတ် တဆထ(စာနယ်ဇင်း)၁၁ / ဧ၂၁၃

ကိုင်ဝ်းရပ်ခေတ်မီမှတ်ပုံတင်အမှတ် TMR 007525(0620)

ရွှေမန်းတောင်တိုင်းရင်းဆေးဝါးစက်ရုံ – အမှတ်(၁၀၆၅–၆၆–၆၇)၊(၆၃)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ စက်မှုလမ်းမကြီး၊ တောင်ဘက်ပြိုးယိ၊ ရန်ကုန်ပြိုးဇုန် – ၀၁–၃၃၉၀၀၃၃ ခြန့်ချိရေး – အမှတ်(၁၀၂)ဝဂလမ်းရန်ကုန်ပြိုးဇုန်–(၀၀)ရပ်ကွက်၀၀၀၊ ၉၅၃၉၀၃၂၂ (၀၉)၈၅၃၉၃၃၃

ငှားမည်

စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း၊ ပန်းလိုင်အိမ်ရာရှိ Duplex ၂ထပ်တိုက်၊ အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော အိပ်ခန်း(၃) ခန်းပါ အိမ်အားငှားပါမည်။

ဆက်သွယ်ရန်–Ph:09–5015130,09–791689156

DKY ပုဂ္ဂလိက ဘိုးဘွားပြုစုရေးစင်တာမှ နွေးထွေးစွာ ကြိုဆိုနေပါတယ်။

Ph:09–771204704

ရောင်းမည်

တာမွေ၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊
ပေ(78x75)၊ RC 3½၊ ထောင့်ကွက်၊
အရှေ့မြောက်လှည့်၊ နေရာအလွန်ကောင်း၊
9800(ညှိနှိုင်း) Ph:09–253050442

ဗလငါးတန်

ဖွံ့ဖြိုးဖို့

စာအုပ်

လေ့လာစို့

China Southwest Geotechnical Investigation & Design Institute Co.,Ltd

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၀ ခုနှစ်၊ မေလ ၂၅ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ China Southwest Geotechnical Investigation & Design Institute Co.,Ltd အား ၂၈–၅–၂၀၂၀ ရက်မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဒေါ်တင့်တင့်ဝေ အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ကြပါသည်။

ကုမ္ပဏီမှရရှိရန်နှင့် ပေးရန်များကို ၂၀၂၀ ခုနှစ်၊ ဇွန်လ ၃၀ ရက်နောက်ဆုံးထားပြီး ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတွင် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြတောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဒေါ်တင့်တင့်ဝေ
China Southwest Geotechnical Investigation & Design Institute Co.,Ltd
ဖုန်း–၀၉–၇၆၇၆၁၉၀၆၀

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း)

၁။ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီ (H.S.D)၊ ပရီမီယမ်ဒီဇယ်ဆီ (P.H.S.D) နှင့်ဓာတ်ဆီ (Octane–92) (၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွက်)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၂–၇–၂၀၂၀ ရက် (၁၄:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟို ပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်)၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၁–၆–၂၀၂၀) ရက်မှစ၍ (၃၀–၆–၂၀၂၀)ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁–၈၆၁၀၂၃၁ နှင့် ၀၁–၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

လုံးချင်း/ဖြတ်တွက်မျှားအား			အငြိမ်စရောင်းမည်
၁။ဗဟန်း။ဝက်ဘာလမ်း	(55x110)	1RC	1Sqft 3L
၂။ဗဟန်း၊ ရွှေတောင်ကြား	(65x100)	2BN	12900L
၃။လိုင် – အေးရိပ်မွန်အိမ်ရာ	(80x80)	2RC	12500L
၄။ဗဟန်း၊ သံလွင်လမ်း	(63x94)	1RC	12000L
၅။မရက၊ မဝိုးရိပ်ကျောင်းလမ်းမ	(50x150)	2RC	9800L
၆၊ကမာရွတ်၊ သံလွင်လမ်း	(40x70)	မြေ	9500L
၇။မရမ်းကုန်း၊ ရွှေနှင်းဆီလမ်းမ	(60x100)	1RC	8500L
၈။သုဝဏ္ဏ၊ VIP - I	(82x80)	2RC	8500L
၉။စမ်းရောင်း။ ပန်းလိုင်အိမ်ရာ	(30x70)	2½RC	6600L
၁၀။ဘောက်ထော်-ပြည်သာယာ	(50x60)	1RC	6500L
၁၁။အင်းစိန် - လမ်းသစ်လမ်းမ	(60x30)	3RC	5500L
၁၂။သဃ်နိုးကျွန်း။ မလိခအိမ်ရာ	(44x61)	မြေ	4000L
၁၃။တ/ဥ(၄)ရပ်ကွက်	(40x60)	1PT	1950L

ဖုန်း - 09 5185534, 09 5040160, 09 5173690

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ပေါ်ရပ်ကွက်
စွေးအနီး၊ ကျောင်းအနီး၊ ကွန်ကရစ်လမ်းဘေး
မီးရှို့၊ ညှိနှိုင်းစွေး
ပေ(၄၀x၆၀)= ၁၀၀ သိန်း
ပေ(၄၀x၅၀)= ၈၅ သိန်း
ပေ(၂၅x၅၀)= ၅၅ သိန်း
ဖုန်း–၀၉–၄၂၁၁၆၁၁၉၈၊
၀၉–၄၅၀၃၇၈၃၇၇

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၆)လမ်း၊ အမှတ်(၆၅၀)၊ ၂–လွှာ၊ (မှန်ခန်း) တိုက်ခန်းတွင် နေထိုင်သော ဒေါ်အမီးနာ မှတ်ပုံတင်အမှတ်(LTA–၀၀၇၉၁၄)ကိုင်ဆောင်သူ၏ လွဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အမီးနာသည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၆)လမ်း၊ အမှတ်(၆၅၀)၊ ၂–လွှာ၊ (မှန်ခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၁၁–၁၀–၂၀၁၅ရက်တွင် ဦးစိုးဂန်း [၁၂/လမန(နိုင်) ၁၂၅၉၁၃]ထံမှ "တိုက်ခန်းအရောင်းအဝယ်သဘောတူစာချုပ်" ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဝယ်ယူသည့်အချိန်မှစ၍ ယနေ့ထက်တိုင် အထက်ပါတိုက်ခန်းတွင် အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်လျက်ရှိကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်မှာ ဒေါ်အမီးနာတစ်ဦးတည်းသာဖြစ်ပြီး အခြားမည်သူမှ ပိုင်ရေးဆိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဒေါ်ဥမ္မာခင်	**ဒေါ်စင်မာမင်း**
LL.B,D.I.L,D.M.L	**LL.B,D.B.L,D.I.L**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်–၁၄၄၄၅၅/၁၇–၅–၂၀၁၈)	**(စဉ်–၁၁၆၅၁/၁၅–၁၂–၂၀၁၆)**

အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း–၀၉–၄၂၀၀၃၁၃၂

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
၂၀၂၀ ခုနှစ် တရားမအထွေထွေမူအမှတ်–၂၅

ကွယ်လွန်သူ ဦးစောစံမွန်းနှင့် နော်ရွှေအိတို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း သည့်အမှု–

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃/သမိုင်း၊ မြေကွက် အမှတ်–၄/၃၊ ဧရိယာ(၁.၀၀)ဧကရှိ လ/နာ၃၉၅၅၂၆၊ မြေပိုင်မြေ၏ မခွဲမစိတ်ရသေးသော မြေ၏ အရှေ့မြောက်ဘက်ခြမ်း၊ အကျယ်ပေ(၃၀x၆၀)ရှိသော (၀.၀၄၈)ကေခန့်ပေါ်ရှိ အမှတ်၁၂/က၊ ဦးဘအိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစောစံမွန်းနှင့် နော်ရွှေအိတို့၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ သေတမ်းစာဖြင့် ပူးတွဲသည့် အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးသော်တာမွန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ရက် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်တွင် ဆိုင်ဆိုကြားနားရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစောစံမွန်းနှင့်နော်ရွှေအိတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိ သူတို့အား အဆိုပါ အမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော် မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလ ပြည့်ကျော် ၄ ရက်) ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်ထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ–၂၈၃နှင့်အညီ ယခုမိန့် ကြားဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးသော်တာမွန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၀ ခုနှစ်၊ မေလ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိမော်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ (၇/ဇ)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့်ပတ်သက်သော်လည်းကောင်း၊ အမှတ်(၈၅) The Central Residence, (Tower-1)(Block-2), Level-12, Unit-J, Floor Area-(1286 Sqft) ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် တိုက်ခန်းအတွင်းရှိအထိုးခံစားခွင့်အရပ်ရပ်အား Margu Landmark Development Company Limited မှ ဦးကျော်ထူး (၁၂/သကဃ(နိုင်)၀၄၇၇၂၂)ထံ လက်ရှိထားရာမှ ဝယ်ယူပိုင်ဆိုင်ထားကြောင်း ပြန်လည်ရောင်းချပိုင်ခွင့် စီးခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချသည်ဟုဆိုသော်လည်း လာသမျှ ကွန်မိုတို့၏ မိတ်ဆွေမှ အပြုအပိုင်ဝယ်ယူရန် ရောင်းချသည်ထက်ပိုမိုသောငွေကြေးအချို့ကို ပေးချေထားကြပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်နိုင်လုံခိုပိုမာသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

အထောက်ခံရှေ့နေ	တရားလွှတ်တော်ရှေ့နေများ	
ဒေါ်ခင်မိမိဝင်း	ဒေါ်မိုးမိုးအေး	ဒေါ်သဝဏ်အေးဝင်း
(LL.B)(စဉ် ၄၈၂၄၈)	(LL.B,D.B.L,D.M.L,D.I.L)	(LL.B,D.I.L)(စဉ် ၉၅၃၄၃)
	WIPO,DL.181Switzerland(စဉ် ၈၅၅၈)	DL-181(WIPO)Geneva

တိုက်ဆမှတ်(၃၈)၊ အခန်းအမှတ်(၃၀၁)၊ ၃လွှာ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - 09799991090, 09799991095, 09775560071
Email : rabbitfamilyrealestate123@gmail.com
Website : www.rabbitfamily.com

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စောဘွားကြီးကုန်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၉/၂၄)နေ ဦးလှသောင်း–ဒေါ်သန်းညွှန့်တို့၏ သားဖြစ်သူ မောင်သူရသိန်း[၁၂/အစန(နိုင်)၁၉၅၂၉(၆၅)]သည် မိဘ၏ ဆုံးမမှုကိုမနာခံခြင်း၊ မိဘနှင့်မိသားစုဝင်များကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို တာဝန်ယူမည်မဟုတ်ပါ။

မိဘ ဦးလှသောင်း–ဒေါ်သန်းညွှန့်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်နိုးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၄/ဘဝမြင့် (မလိခအိမ်ရာ)၊ မြေကွက်အမှတ် (၄၇/ဖ၅)၊ ၄၇/(၆၆)၊ ၄၇/(၆၇)၊ မြေကွက်တည်နေရာအမှတ်–(၁,၂,၃)၊ ၎ဝါ(၂) လမ်း၊ Block No–(TH_ . B_)၊ မလိခအိမ်ရာ၊ သဃ်နိုးကျွန်းမြို့နယ် (မဟာရွှေတောင် ကုမ္ပဏီလိမိတက်) အမည်ပေါက် လိုင်စင်မြေကွက် (၃)ကွက်အား (၂၆–၁၁–၂၀၀၇) ရက်စွဲပါ မြို့ရွာနှင့်အိုးအိမ်မွဲ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် မဟာရွှေတောင်ကုမ္ပဏီလိမိတက်အမည်ဖြင့် လိုင်စင်မူရင်းများ၊ (အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေကွက် မြေပုံသာပါရှိ)၊ မဟာရွှေတောင်ကုမ္ပဏီလိမိတက်ထံမှ ဦးသိန်းစံ ဝယ်ယူထားသည့် (၅–၆–၂၀၁၂)ရက်စွဲပါ မြေကွက်အရောင်းအဝယ်စာချုပ်၊ ဦးသိန်းစံထံမှ ဦးစိုးမျိုးမြင့် ဝယ်ယူသည့် (၂၈–၆–၂၀၁၇) ရက်စွဲပါ အရောင်းအဝယ်စာချုပ်တို့တင်ပြ၍ ဝယ်ယူထားသူ ဦးစိုးမျိုးမြင့် [၁၃/လရန(နိုင်)၀၀၀၃၃၀]မှ ဂရန်သစ် လျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်တွင်ကျော်အမှတ်(၃၅၅)၊ မြေကွက်အမှတ်(၉၇၅)ဟု ခေါ်တွင်ထောက်အမှတ်(၂)၊ သုခုမလမ်းနှင့် အရှေ့မင်းလမ်းထောင့်၊ ဆရာစံထောင်(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ မြေအကျယ်အဝန်း (၂၈ပေx၄၀ပေ)၊ ဧရိယာ(၀.၀၁၈)ဧက၊ (၀၀၀)တွေ့ရန်းပေရှိ နှစ်(၆၀) ပြေငွားဝန်ရန်ရှိမြေတွင်းနှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အတွင်းမိစ္စာ ပွင့်အရပ်ရပ် အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် ဦးတိုး(ခ)ဦးဌေးနီ (၁၂/ဗဟန(နိုင်)၀၉၂၉၈၈) အမည်ဖြင့်အမည်ပေါက် မှတ်သားတော်ရှိခြင်းအမည်ပေါက်ကိုယ်တိုင်မှမိမိတင်ဒီးတည်းသာလျှင် ထရာဗေင်လက်မှိုပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းဝယ်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ဖိတ်ဆွေထဲသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတ အပြီးအပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေတံဆိပ်ခေါင်းအမှုအရ အချို့ကိုသာ ပေးသွားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင် မူအထောက် အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန် ပါကအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည် အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်–၀၀၄၀၆)
တရားလွှတ်တော်ရှေ့နေ

အမှတ် (၅၄၄/ခ) သဒ္ဓါလမ်း(၂၀) (၄) ရပ်ကွက် ဗောဂဠဟ္ဂလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊
၀၉–၄၃၀၁၀၄၆၅၅ ၊ ၀၉–၇၉၅၅၀၁၀၈၆၃ ၊ ၀၉–၇၉၆၆၃၀၈၀၁၂

သင့်သွေးဖြင့် အသက်ကယ်ပါ

တော
တောင်
ပျက်ပြုန်း
မြေဆီ
သဉ်း၏

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၁၄၄/က)၊ အလျားပေ(၂၀)x အနံပေ(၆၀)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ် ရပ်တို့ကို ဦးရွှေလှအောင်[၁၂/အစန(နိုင်)၁၇၅၂၂၂] မှ လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ထွန်းမြင့်[၁၂/အစန(နိုင်) ၂၁၆၉၃၂]မှ စရန်ငွေအဖြစ် တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာရွက် စာတမ်းအထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မင်းမင်းဖိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၀၈၄၁)
ရှေ့နေများရုံးခန်း၊ တောင်ပိုင်းခရိုင်တရားရုံးရှေ့၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၉၂၅၄၅၅၇၊ ၀၉-၆၉၂၀၆၉၅၈

"၂၈-၅-၂၀၂၀ ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာ-၂၈ တွင် ကြော်ငြာထားသော ဦးခင်ထွန်း၊ ဒေါ်မြင့်မြင့်သန်းနှင့် ဒေါ်စုစုလှိုင်တို့၏ အမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာချက်အပေါ်ပြန်လည်ရှင်းလင်း ကြော်ငြာခြင်း"

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၇၄)နေ ဒေါ်သောင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ဦးသန်းကြည်[၁၄/ကပန(နိုင်)၀၀၆၅၁၀]သည် ဒေါ်သောင်းကြည်[၁၄/ကပန(နိုင်)၀၀၆၅၁၁] နှင့် ကျုံပျော်မြို့တွင် ၃၁-၃-၁၉၈၅ရက်မှစ၍အကြောင်လင်မယားအဖြစ်အတူတကွပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ၁၉၉၈ခုနှစ်ခန့်က ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၇၄)ဟု ခေါ်တွင်သော မြေပေါ်တွင် (၇)ထပ်တိုက်တည်ဆောက်ပြီးစီးသဖြင့် ဦးသန်းကြည်နှင့် ဒေါ်သောင်းကြည်တို့သည် ကျုံပျော်မြို့မှ ရန်ကုန်မြို့ရှိအထက်ပါတိုက်အသစ်တို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်စဉ် ဦးသန်းကြည်သည် ၂၇-၄-၂၀၂၀ရက်တွင် ကွယ်လွန်သောအခါ ဒေါ်သောင်းကြည်နှင့် ဦးသန်းကြည်၏ ပထမအိမ်ထောင်မှ သားသမီးများဖြစ်ကြသော ဦးခင်ထွန်း၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်စုစုလှိုင်တို့က ဦးသန်းကြည်၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး ကို အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြပါသည်။ ဦးသန်းကြည် ကွယ်လွန်ပြီးနောက် ၎င်း၏ ကျန်ရစ်ပစ္စည်းအဖြစ် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-အိပ်ချ်)၊ မြေကွက်အမှတ်(V)၊ Class-၁၁၀ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဦးသန်းကြည်နှင့် ဒေါ်သောင်းကြည်တို့၏ လက်ထက်ပွားဖြစ်သော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၇၄)တိုက်၏ မြေညီထပ်(ခေါင်းရင်း)၊ ပထမထပ်(ခေါင်းရင်း)၊ ဒုတိယထပ် (ခေါင်းရင်း)၊ တတိယထပ်(ခေါင်းရင်း)စသည့်တိုက်ခန်း (၄)ခန်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ကျန်ရစ်ခဲ့သည့်အပေါ် ဇနီးဖြစ်သူ ဒေါ်သောင်းကြည်ကလည်း ပိုင်ရေးဆိုင်ခွင့်ရှိသူ တစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဒေါ်သောင်းကြည်၏ ခွင့်ပြုချက်၊ သဘောတူညီချက်ရယူခြင်းမပြုဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတစ်စုံတစ်ရာကိုမျှ မပြုလုပ်ရန် အသိပေးအပ်ပါသည်။ ဒေါ်သောင်းကြည်နှင့် ဦးခင်ထွန်း၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်စုစုလှိုင်တို့အကြား ယနေ့အချိန်ထိ အမွေစီမံခန့်ခွဲရယူခဲ့ကြခြင်းမပြုရသေးကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်သောင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာမျိုးထက်(LL.B.,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၈၈)
အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၇၀၉၉၆၊ ၀၉-၇၉၉၁၁၆၁၈၃

facebook

ရိုင်းစိုင်းမှုများကို တိုင်ကြားနိုင်ပါသည်



အကယ်၍ သင်သည် Facebook ပေါ်တွင်
တစ်စုံတစ်ယောက်က စည်းကမ်းများနှင့် မကိုက်ညီသော
ကိစ္စများ တစ်ခုခုလုပ်နေကြောင်း မြင်တွေ့ယုံကြည်လျှင်
ကျွန်ုပ်တို့ထံ Report လုပ်သင့်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းကြည်
တရားလွှတ်တော်ရှေ့နေ /အထက်တန်းပြ (ငြိမ်း)
အသက် (၇၅) နှစ်

သူငယ်ချင်း ဒုတိယဈေးကြီးအောင်နိုင်သူ-ဒေါက်တာဝင်းချို့ချို့အောင်တို့၏ဖခင်ဖြစ်သူ ဦးဝင်းကြည်သည် ၂၂-၅-၂၀၂၀ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ် တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၂၇) ကျောင်းဆင်းအရာရှိမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်ဌေး အသက်(၆၃)နှစ်သည် ၂၄-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သော မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံမွေးမြူရေး
ဝန်ထမ်းဟောင်းများအသင်း
MELSA

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး၃၀ဒေအမိန့်-၅၊ နည်း၃၀ဒေ-၂၀)
ကြည့်မြင်တိုင်ဖြို့နယ် တရားရုံးတော်
၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

မနှင်းနှင်းဝေ **တရားလို** နှင့် ကိုလင်းအောင် **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ စိန်စိဂုဏ်ရောင်လမ်း၊ အမှတ်(၃၀၂)နေ တရားပြိုင် ကိုလင်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို က လင်မယားကွာရှင်းပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စက်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေ နှင့် ပါစေ၍ ဖြစ်စေ ၂၀၂၀ ခုနှစ်၊ ဇွန်လ (၂၆) ရက် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း (၇)ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီတိတိတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှုင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်က အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင့်က ထုချေတင်ပြအဓိပ္ပါလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

သင်က ထုချေလွှတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ မေလ (၂၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စည်သူကျော်)
တွဲဖက်မြို့နယ်တရားကြီး(၂)
ကြည့်မြင်တိုင်ဖြို့နယ်တရားရုံး

(၁၃) နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
ဦးမျိုးမြင့် (ပြည်)
ခရိုင်မီးသတ်တာဝန်ခံ (ငြိမ်း)

ချစ်သောကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သည်မှာ ၃၀-၅-၂၀၂၀ ရက်နေ့တွင် (၁၃) နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ကြီးမားလှသော ဖေကြီး၏မေတ္တာ၊ စေတနာ၊ ကျေးဇူးတရားများကို အစဉ်အောက်မေ့လျက် ဖေကြီးအတွက် ရည်စူး၍ လစဉ်ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ Covid-19 ကာကွယ်ထိန်းချုပ်ကုသရေးအတွက် အလှူငွေလှူဒါန်းခြင်း စသည့် ကောင်းမှုအစုစုအတွက် အမျှပေးဝေပါတယ်။ ဖေကြီး အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ...

ဖေကြီးကို အစဉ်လွမ်းဆွတ်သတိရအောက်မေ့လျက်
ချစ်ဇနီး - ဒေါ်တင်တင်ဝင်း (ခ) ဒေါ်ဘောဘီဦး
သမီးကြီး - ဦးလှအောင် -ဒေါ်တင်လေးမြင့်
သမီးလတ် - ဦးသီဟ-ဒေါ်တင်မိုးမြင့်
သမီးငယ် - ဗိုလ်မှူးချုပ်ထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး
သမီးထွေး - ဦးဇော်မိုး-ဒေါ်ဆင့်ဆင့်မျိုး
သားငယ် - ဦးကျော်မျိုးသူ-ဒေါ်သကြိန်ဖြိုးနှင့် ချစ်မြေး၊ မြစ်များ

၁၃နှစ်ပြည့် အောက်မေ့သတိရခြင်း
ဦးပါစီမောင်မောင်
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ ကွယ်လွန်ခဲ့သည်မှာ ၃၀-၅-၂၀၂၀ နေ့တွင် (၁၃)နှစ်ပင်ပြည့်ငြားသော်လည်း ဆရာ၏ ပေးဆပ်၍ မကုန်သော ကျေးဇူးတရားများအား မိသားစုနှင့်အတူ ထပ်တူထပ်မျှ အောက်မေ့ သတိရလျှက် ရှိပါသည်။

ဦးကြည်စိုး-ဒေါ်ကြည်ကြည်လွင်နှင့်
သမီး-မခိုင်သက်ဆု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးရင်မောင်သန်း (ငြိမ်း)
ကြည်း-၁၀၂၂၊ OTS-30
အသက် (၈၀)

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်ခင်မျိုးနွယ်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးရင်မောင်သန်း (ငြိမ်း)သည် ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ် တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာ သုဂတိသို့ လားပါစေ။

OTS(30) သူငယ်ချင်းများ

GOAL® အမည်အမှတ်တံဆိပ်ဖြင့် Vitamin E.Oil (Hair Care Capsule) များ တရားဝင်ထုတ်လုပ်ဖြန့်ဖြူးနေကြောင်း ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အနော်ရထာလမ်း၊ တိုက်အမှတ်(၁၀၇/၁၀၉)(ဝါဝါဝင်းအိမ်ရာ)၊ အခန်းအမှတ် (၆၀၂)တွင် တည်ထောင်ထားသော F.M. Industrial & Construction Co.,Ltd ၏ လွှဲအပ်ချက်အရ ကြေညာသည်မှာ-

F.M. Industrial & Construction Co.,Ltd သည် မြန်မာနိုင်ငံဈေးကွက်အတွင်း(Vitamin E) (Vitamin B5) Hair Care Capsule များကို လွန်ခဲ့သော (၂၀၀၆) ခုနှစ်ကတည်းက ဆံကေသာသန့်စွမ်းမှုနှင့် ပျော့ပျောင်းနူးညံ့မှုအတွက် အရည်အသွေးကောင်းမွန်သော ကုန်ကြမ်းများကို ပြည်ပမှတင်သွင်းလျက် GOAL® အမည်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူရောင်းချခဲ့ပါသည်။ အထူးသဖြင့် GOAL® အမည်အမှတ်တံဆိပ်(Vitamin E Oil) ပစ္စည်းများသည် မြန်မာပြည်တစ်ဝန်းဈေးကွက်များတွင် သုံးစွဲသူများအကြား အမည်ဂုဏ်သတင်းကောင်း ရရှိထားပြီးဖြစ်သည့်အပြင် ယင်းကုန်အမှတ်တံဆိပ်ကို မိမိကုမ္ပဏီ၏ မူပိုင် အသုံးပြုခွင့်အတွက် တရားဝင်မှတ်ပုံတင်သွင်းထားပြီးလည်းဖြစ်ပါသည်။

GOAL® အမည်အမှတ်တံဆိပ် Vitamin E Oil သည် ''ENJOY''အမှတ်တံဆိပ်အား တုပထုတ်လုပ်ခြင်းဖြစ်သည်ဟု စွပ်စွဲလျက် ကုမ္ပဏီအပေါ် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၂၇၂/၂၀၁၄ အမှုအား ဦးဘင်သစ်ဆိုသူက စွဲဆိုခဲ့ရာ၊ ယင်းအမှု၌ မိမိတို့ကုမ္ပဏီအပေါ် GOAL® အမည်အမှတ်တံဆိပ် Vitamin E Oil ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးမှုမပြုစေရန် ထာဝရတားမြစ်မိန့်ထုတ်ဆင့်ခြင်းခံခဲ့ရပါသည်။

သို့ရာတွင် အဆိုပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၏ ထာဝရတားမြစ်မိန့်အား ရန်ကုန်တိုင်းဒေသ ကြီးတရားလွှတ်တော်ရုံး၊ တရားမအယူခံမှုအမှတ်-၃၆၂/၂၀၁၇ အမှုတွင် (၂၈-၉-၂၀၁၈)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရ ပယ်ဖျက်ခဲ့ပြီးဖြစ်သည့်အပြင် အဆိုပါ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမအယူခံမှုအမှတ်-၈၈၁/၂၀၁၈အမှု၌ (၉-၁၀-၂၀၁၉)ရက်စွဲပါ ဒီကရီဖြင့် ဆက်လက်အတည်ပြုပြီးဖြစ်ပါသည်။ ထို့ကြောင့် GOAL® အမည်အမှတ်တံဆိပ်ဖြင့် Vitamin E Oil ထုတ်လုပ်ဖြန့်ဖြူးခြင်းမပြုစေရန် ထုတ်ဆင့်ထားသော ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၏ ထာဝရတားမြစ်မိန့်သည် လုံးဝပျက်ပြယ်သွားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ F.M. Industrial & Construction Co.,Ltd. သည် GOAL® အမည်အမှတ်တံဆိပ်ပါ Vitamin E Oil များကို မူလအရည်အသွေး စံချိန်စံနှုန်းအတိုင်း မြန်မာနိုင်ငံတစ်ဝန်းဈေးကွက်များသို့ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပြီဖြစ်သည့်အပြင် GOAL® အမည်အမှတ်တံဆိပ်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှု ဆံကေသာ ပျော့ပျောင်းနူးညံ့မှု၊ ခရမ်းလွန်ရောင်ခြည် ကာကွယ်နိုင်မှုနှင့် ဆံပင်ဆံသား ရေရှည်သန့်စွမ်းမှုအတွက်မိဘပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ အားပေးဝယ်ယူ အသုံးပြုနိုင်ပြီဖြစ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးသန်းစိုး(ထွန်း)	**ဒေါ်မူယာ**	**ဦးဇော်ဇော်နိုင်အောင်**	**ဦးဇေရဲမင်း**	**ဒေါ်ငုဝါ**
B.A(Eco),H.G.P.R.L.,D.B.L	**LL.B,Dip:in Business Law**	**LL.B**	**LL.B**	**(LL.B,D.B.L)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၅၄၉၃)	**(စဉ်-၆၆၆၀)**	**(စဉ်-၁၁၄၆၁)**	**(စဉ်-၅၀၉၂၃)**	**(စဉ်-၅၀၄၀၉)**

အမှတ်(၁၇၅/ဘီ)၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဦးသိန်းထွန်း
အသက်(၉၂)နှစ်
အထက်တန်းစာရေး(ငြိမ်း)၊ ရန်ကုန်တိုင်း ပညာရေးမှူးရုံး

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အထက်၊ အမှတ်(၂၇၄)၊ အခန်း(၁၁)နေ (ဒေါ်သန်း)၏ ခင်ပွန်း၊ ကိုမျိုးသန်း-မခင်စန်းဝေ၊ ကိုအောင်ကိုကို-မသင်းသင်း တို့၏ ဖခင်၊ မောင်ကျော်နိုင်သူ၏ အဘိုး၊ ကိုမျိုးသိန်း-မနှင်းနှင်းတို့၏ ဦးလေးသည် ၂၈-၅-၂၀၂၀ ရက် ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင် ၏ ဆန္ဒအရ ၂၉-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်ပြီးစီးပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး
ဒေါ်မြမြမြင့် (Dolly)
အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်နေ (ဦးတင်မြင့်-ဒေါ်ခင်ခွန်)တို့၏သမီးကြီး၊ [ဗိုလ်မှူးကြီး ကြည်ညွှန့်(ငြိမ်း)၊ အင်းတိုင် တပ်နယ်မှူး၊ တပ်မှူး-ပင်မစစ်လက်နက်ပစ္စည်းတပ်)]၏ဇနီး၊ ဒေါ်ဖြူဖြူသန့်(အလက-၂၊ ဒဂုံ)၊ ဗိုလ်မှူးအောင်ဖြိုးသန့်(ငြိမ်း)(Chief Officer M.T.M Shipping)၊ ဦးထွန်းနိုင်ဦး-ဗိုလ်မှူးသီရိထွန်း (ငြိမ်း) (ရောဂါဗေဒပါရဂူ) တို့၏ချစ်လှစွာသောမိခင်၊ ဒေါ်ကိတာသူ့ထက်ထွန်း(ခေတ္တာ-UK)၊ မောင်ဝင်းထွဋ်အောင် (နောက်ဆုံးနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မောင်ဇွဲထက်ထွန်း(Purdue University – ခေတ္တာ USA)၊ မောင်မိုးထွဋ်အောင် (ဒုတိယနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်) တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်မြမြမြင့် (Dolly) အသက် (၇၉) နှစ်သည် ၂၉-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လဲ့လဲ့ဆွေ (ပဲခူး၊ သက္ကလ)
Golden Venus
အသက်(၆၉)နှစ်

သက္ကလမြို့နေ (ဦးအေးသိုက်-ဒေါ်အုန်းကြည်)တို့၏ သမီး၊ (ဦးရဲလွင်-ဒေါ်ခင်အုန်း(မြင့်)တို့၏ ညီမ၊ ဦးဇော်လွင်-ဒေါ်မာလာဆွေ၊ ဒေါ်နီလာဆွေ၊ ဒေါ်သီတာဆွေ၊ ဒေါ်နွယ်နီဆွေ၊ ဦးရဲထွဋ်နိုင် (UMFCCI DAWEI)-ဒေါ်သန့်စင် (MD DAWEI DRAGON Co.,Ltd.)၊ ဦးကျော်ရဲထွန်း (KYT စက်သုံးဆီရောင်းဝယ်ရေး)-ဒေါ်သက်သက်ဦး၊ ဒေါ်ချောစုဆွေတို့၏ အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ်(၂၅)၊ သုံးလွှာနေ ဦးအောင်ခိုင် (ဟိုတယ် ခရီး/ငြိမ်း)၏ ဇနီး၊ ကိုခိုင်လင်းအောင် (UK)-မသင်ဇာအောင်၊ ဦးစိုးထွန်း-မဆွေမွန်အောင် (Director မြတ်ဘုန်းသစ် Co.,Ltd.)၊ Dr.ဇော်ထူး-မကလျာအောင် (Director Brighthome Co.,Ltd.)၊ ကိုအောင်မင်းထွဋ် (NUHS S'Pore)-မစောဥမ္မာမြင့်တို့၏ မိခင်၊ မောင်ပြည့်စုံဖြိုး၊ မောင်ခန့်ဇင်အောင်၊ မောင်မြင့်မိုရ်ဟိန်း၊ မောင်ကောင်းခန့်ထွဋ် တို့၏ အဘွား သည် ၂၅-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမြတ်စိုး
Chance Key Co.,Ltd
အသက် (၄၆) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ အာသာဝတီ(၅)လမ်း၊ အမှတ်(၂၅၆)နေ (ဦးစန်းခင်-ဒေါ်စောကြည်)တို့၏မြေး၊ (ဦးစိန်မြင့်-ဒေါ်အေးမြင့်)တို့၏သားကြီး၊ ဦးမျိုးအောင်-(ဒေါ်ကျင်ရီ)တို့၏ သားသမက်၊ ကိုမြတ်မိုး၊ ကိုရဲမျိုးလွင်တို့၏အစ်ကိုကြီး၊ ဒေါ်စုစုမြင့်၏ချစ်လှစွာသော ခင်ပွန်း၊ မဖြူစင်သန့်၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၉-၅-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအသေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်အောင်
ဟိုတယ်ခရီး (ငြိမ်း)
အသက် (၆၉) နှစ်

သူငယ်ချင်း ဒေါ်ခင်အုန်းမြင့် (ဒုရဲမှူး-ငြိမ်း)၏ခင်ပွန်းသည် ၂၇-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

နယ်ဖြစ်ခုံရဲအုပ်လောင်း(၉/၈၄) သင်တန်းဆင်း
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ရာသက်ပန်အသင်းသားနှင့် အလုပ်အမှုဆောင်ဟောင်း၊ အသင်းဝင်အမှတ်(၇၁၁၃) ဦးမျိုးခိုင် (ကုမုဒြာနှင့် မော်ဒန်ဂျာနယ် ဓာတ်ပုံသတင်းထောက်) အသက် (၅၆) နှစ်သည် ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အသင်းသူ/အသင်းသားများမှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့နှင့် အသင်းသား/အသင်းသူများ
မြန်မာနိုင်ငံဓာတ်ပုံအသင်း

ဒေါ်တင်လှိုင်
အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၈၁-ခ)နေ (ဒုဗိုလ်မှူးကြီးခုံကြွယ်) ၏ ဇနီး၊ (ဒေါက်တာဌေးကြွယ်-ဒေါ်ခင်အေးသွင်)၊ ဦးဌေးအောင်-ဒေါ်နုနုလွင်၊ ဦးကျော်ဇင်-ဒေါ်အေးအေးမူ၊ (ဦးတင်ထွန်း)၊ ဦးခင်မောင်ကြီး-ဒေါ်မြမြသန်း၊ ဗိုလ်မှူးခင်မောင်လေး (ငြိမ်း)-ဒေါ်ခင်ယုမော်၊ ဗိုလ်မှူးကျော်နိုင်(ငြိမ်း)-ဒေါ်ခင်မိမိကြွယ်၊ ဒေါ်ခင်စန်းကြွယ်၊ ဦးရဲမြင့်(USA)တို့၏ကျေးဇူးရှင်မိခင်ကြီးသည် ၂၈-၅-၂၀၂၀ ရက်တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမျိုးသန့်(ခ)ဦးဆန်နီ
လဝက ဦးစီးအရာရှိ (ငြိမ်း)
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်
အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅) ရပ်ကွက်၊ မဟော်ဂနီလမ်း၊ တိုက်(၂၀၃)၊ အခန်း (၄)နေ (ဦးတင်မောင်-ဒေါ်ခင်မြ)တို့၏သား၊ (ဒေါ်မြသောင်း)၏မောင်၊ ဦးတင်ဝင်း-ဒေါ်ခင်ဝင်းရီတို့၏အစ်ကို၊ ဒေါ်မြင့်မြင့်ဝင်း (သမဝါယမဝန်ကြီးဌာန)၏ခင်ပွန်း၊ ကိုကျော်စိုးဦး(ဘောလုံးနည်းပြ-ဧရာဝတီအသင်း)-မဆွေဇင်ဝင်းသန့် (Eva Airline)၊ မမေဇင်ဝင်းသန့်၊ ကိုမျိုးဇင်သန့်(Marine Engineer)-မချောစုယဉ်(ကျန်းမာရေးအကြံပေး၊ World Vision)၊ ကိုဖြိုးဇင်သန့်(Marine Engineer) – မခင်မိမိလတ်၊ ကိုပြည့်ဇင်သန့်(Marine Engineer)တို့၏ချစ်လှစွာသောကျေးဇူးရှင်မွေး သဖခင်ကြီး၊ မဖူးမေအိမ်စည်၊ မောင်အံ့ထူးသန့်တို့၏ ဘိုးဘိုးကြီး၊ တူ/တူမ သုံးယောက်တို့၏ချစ်လှစွာသောဘကြီး ဦးမျိုးသန့်သည် ၂၉-၅-၂၀၂၀ ရက် နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ခန်းမဆောင်(၁/ခ)၊ ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတိုးမြင့်
လ/ထ ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ငြိမ်း)
မဝတအတွင်းရေးမှူးဟောင်း(ဒဂုံမြို့သစ်မြောက်ပိုင်း)
အသက်(၇၆)နှစ်

သန်လျင်မြို့နေ (ဦးတင်မောင်-ဒေါ်အုန်းကြည်)တို့၏ သား၊ ကျောက်တန်းမြို့နေ (ဦးချစ်တင်-ဒေါ်လှညွှန့်)တို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အမှတ်(၈၅၂)နေ ဒေါ်ရင်ဌေး၏ ချစ်လှစွာသောခင်ပွန်း၊ သန်လျင်မြို့နေ (ဦးမြင့်သန်း)၊ ဦးခင်ဝင်း-ဒေါ်အေးအေးတို့၏ အစ်ကို၊ ဦးခင်မောင်သစ်-ဒေါ်သင်းသင်းဦး၊ (ဦးမျိုးကျော်)တို့၏ ချစ်လှစွာသောဖခင်၊ မဖူးပွင့်ကေခိုင်၏ ချစ်လှစွာသော အဘိုး ဦးတိုးမြင့် သည် ၂၈-၅-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်အောင် (ဟိုတယ်ခရီး-ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သဃ်နိုးကျွန်းမြို့နယ်၊ တိုက်(၇)၊ သုံးလွှာ(B)၊ ဇမ္ဗူသိရိလမ်း၊ ဗိုလ်ကံညွှန့်ရပ်ကွက်နေ (ဦးအောင်ကြည်-ဒေါ်ခင်မေ)တို့၏ သား၊ ဒေါ်ခင်အုန်းမြင့်(ဒု-ရဲမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ငွေးငွေးအောင်)၊ (ဦးတိုးအောင်)၊ ဒေါ်ထူးထူးအောင်၊ ဒေါ်သန်းသန်းအောင်၊ ဒေါ်ချိုချိုအောင်၊ (ဦးအောင်ခင်)တို့၏ အစ်ကို၊ ဦးဟိန်းသီဟအောင်-ဒေါ်အိမွန်ဝင်း၊ ရဲအုပ်ရာဓာလင်း(ယူးယစ်)-ဒေါ်သင်းသီရိအောင် (အလက-ခွဲ)ရွှေကူမြို့နယ်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး သည် ၂၇-၅-၂၀၂၀ ရက် နံနက် ၄:၃၀ နာရီတွင် သဃ်နိုးကျွန်းမြို့နယ်၊ စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ ရက်နေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစံသိန်း
အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်၊ မန်းဘခိုင်လမ်း၊ အမှတ်(၁၀၄၁/ခ)နေ (ဦးထွန်း-ဒေါ်လုံးရှင်)တို့၏ သား၊ (ဦးထွန်းရွှေ-ဒေါ်ခင်ညို)တို့၏ သားသမက်၊ ဒေါ်သင်းသင်းစိုး (အမက-၇၊ တ/ဒ-ငြိမ်း)၏ ခင်ပွန်း၊ မောင်ဘုန်းခိုင်(ခေတ္တာ-Japan)၏ဖခင် ဦးစံသိန်းသည် ၂၇-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် သဃ်နိုးကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဘုရားအမှူးပြုလုပ်သော ပင့်သံဃာတော် အရှင်မြတ် တို့အား ဆွမ်းအစရှိသော ဒါတမ္မဝတ္ထုအစုစုဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက် သွန်းချအမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
ဘဒ္ဒန္တစန္ဒိမာ မဟာထေရ်မြတ်ကြီး
သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ်

ဘုရားတပည့်တော်တို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖြစ်တော်မူသော ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဘိုးဦးစိန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယကဖြစ်တော်မူ၍ သူရဲသမိန်ဂိုဏ်းလုံးဆိုင်ရာ သုဓမ္မာမဟာနိကာယဥက္ကဋ္ဌ၊ သာသနဓဇသီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟုသုဿုတဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်ဖြစ်တော်မူသော သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ် ဘဒ္ဒန္တစန္ဒိမာ မဟာထေရ်မြတ်ကြီး သည် (သာသနာတော်နှစ် ၂၅၆၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်)၊ အင်္ဂါနေ့ ည ၇:၁၅ နာရီတွင် ဘဝနတ်ကျောင်းစံမြန်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ/ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမများ

ဦးကိုကိုလတ် (CDC-11971)
CE-8, MMMC (Myanmar Five Star Line)
အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ မြို့ပြအိမ်ရာမြောက်ခြမ်းတိုက်(၃)၊ အခန်း(၁၆)၊ ရုစ်မိုင်လမ်းဆုံနေ (ဦးသောင်းတင်-ဒေါ်အုန်းကြည်)တို့၏သား၊ ဒေါ်ခင်ကြွယ်၏ခင်ပွန်း၊ ကိုဖြိုးဇေလတ်၊ မသီရိဆုလတ်-ကိုနိုင်သူမောင်၊ ကိုဇာနည်လတ်၊ မရတနာဆုလတ်-ကိုသက်ပိုင်မျိုးတို့၏မွေးသဖခင်၊ မောင်ထူးခန့်မျိုး၏ အဘိုးသည် ၂၈-၅-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိဟ်ပြီးစီးပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကျော်စည်သူဘို DSA အပတ်စဉ်(၅၀)
ကြည်း-၅၁၁၀၆ လေကြောင်းရန် ကာကွယ်ရေးတပ်ရင်း
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၇၅)နေ [ဦးစန်းမြင့်(ခ)ဦးဝင်းဗိုလ်])-ဒေါ်မြမြအေး (ဒေဝဒဟ ကုမ္ဗဏီလီမိတက်)တို့၏ သားကြီး၊ ဦးခင်မောင်ဆွေ-ဒေါ်အေးမိစံတို့၏ သားသမက်၊ မောင်အောင်သီဟ-မသိမ့်သီရိအောင်၊ မောင်ဟိန်းခန့်ဇော်ဗိုလ်တို့၏ အစ်ကိုကြီး၊ မမြတ်နိုးဆွေ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ကောင်းထက်ကျော်၏ ဖခင် ဗိုလ်ကြီးကျော်စည်သူဘိုသည် ၂၉-၅-၂၀၂၀ (သောကြာနေ့) နံနက် ၄ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်၌ တရားနာပြီး မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံစစ်သချိုင်း၌ ဂူသွင်း သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တပ်တွင်းအရာရှိ အိမ်ထောင်သည်လိုင်း (ဗိုလ်ကြီးကျော်စည်သူဘို)-မမြတ်နိုးဆွေတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

သစ်တောမှန်လျှင် အသုံးဝင်အစဉ်ထာဝရထိန်းသိမ်းကြ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်ဒါယကာကြီး
ဦးခင်မောင်ဝေ (ခ) ကိုဝေ
Seaman (Bosun), C.D.C No. 17610
အ.ထ.က(၁) မင်္ဂလာတောင်ညွှန့်ကျောင်းသားဟောင်း
အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓနုကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၉၁)၊ ခြောက်လွှာနေ (ဦးချွေညွှန့်-ဒေါ်စိန်နေး)တို့၏သား၊ (ဦးစော)-ဒေါ်ဝင်းတင်တို့၏ သားသမက်၊ ဒေါ်နွဲ့နွဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုလေး (Seaman)၊ (ဒေါ်မြသန်း)တို့၏ညီ/မောင်၊ (ဦးတင်ကြည်-ဒေါ်အေးအေးသန်း)တို့၏အစ်ကို၊ မောင်ကောင်းဇံ(Taihua Shipping)-မအိသက်မွန်(အထက်တန်း ရွှေနေ့)၊ မောင်ပြည့်စုံ(Wanhai Shipping)-မဆုဝေနွယ်(ကမ္ဘာ့ရတနာဘဏ်)၊ မသိဂီအောင်၊ မဖူးပွင့်ဟန်တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဦးဇော်ဝင်း (UZ. TATTOO)-ဒေါ်မြင့်မြင့်လေး(ဒုလဝကမှူး၊ ဘားအံ)၊ ဦးမြင့်သိန်း(Uniteam Shipping)-ဒေါ်သင်းသင်းမော်၊ မောင်စိုးလင်းအောင်-မအေးမိခိုင်(ခေတ္တာ-ထိုင်း)၊ မောင်ဇော်မင်းဦး-မနှင်းရည်စိုး၊ (မောင်စိုးသီဟ)၊ မောင်သန်းစိုးအောင်(CTI)-မဓာလီနွယ်၊ မနှင်နိုင်အေးတို့၏ဦးလေး၊ Tianai ဂျူနီယာပြည့်စုံတို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၉-၅-၂၀၂၀ (သောကြာနေ့) နံနက် ၄ နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မအေးမွန်မွန်သက်
မြန်မာနိုင်ငံသားများဘဏ်
အသက် (၃၈) နှစ်

ရန်ကုန်မြို့နေ (ဦးငွေစိုး)-ဒေါ်ကြည်ကြည်စုတို့၏သမီး၊ မနှင်းထက်ထက်လွင် (CB Bank)၏ညီမ၊ မောင်ကျော်ရဲခေါင်-မငြိမ့်ငြိမ့်ထွန်းတို့၏အစ်မသည် ၂၉-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ်(၇၃)၊ ၅ရွှစ်လွှာ(B)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၉-၃-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ၃၁-၅-၂၀၂၀ ရက်နေ့ မြန်မာစံတော်ချိန် ၂၃:၅၉ နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ၁၅-၆-၂၀၂၀ ရက်နေ့ မြန်မာစံတော်ချိန် ၂၃:၅၉ နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် မေ ၂၉

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၅၂ ဦးနှင့် ကနေဒါ၊ ဂျာမနီ၊ နော်ဝေ၊ ကာတာ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတို့မှ မြန်မာနိုင်ငံသား ၄၂ ဦး စုစုပေါင်း ၉၄ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Myanmar Airways International-MAI ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့အတူ မြန်မာနိုင်ငံ၌ပိတ်မိနေသော ထိုင်းနိုင်ငံသားများအား ဗန်ကောက်မြို့သို့ ပြန်လည်ပို့ဆောင်သည့် Myanmar Airways International-MAI ကယ်ဆယ်ရေးလေယာဉ်၏ အပြန်ခရီးစဉ်တွင် ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၄ ဦးတို့အား ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

တာဝန်ယူဆောင်ရွက်ခဲ့

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာအစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိပိတ်မိနေသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၂၅၉၆ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

တာချီလိတ်မြို့၌ ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၇၅ ဦး ဆက်လက်ဝင်ရောက်

တာချီလိတ် မေ ၂၉

ထိုင်းနိုင်ငံမှ နေရပ်ပြန်မြန်မာနိုင်ငံသား ၇၅ ဦးသည် ယနေ့ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ် ၂ မှ ဆက်လက်ဝင်ရောက်ခဲ့သည်။

ပြန်လည်လက်ခံ

ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသားများကို ကန့်သတ်စောင့်ကြည့်နိုင်ရန်အတွက် မိုးကုတ်ဝိပဿနာတရားစခန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ စစ်ဆေးပြီးချိန်အထိ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်စေလွှတ်မည်

ယနေ့ပြန်လည်ဝင်ရောက်လာကြသူအားလုံးကို နှာခေါင်းနှင့် အာခေါင်တို့ဖတ် ချက်ချင်းရယူပြီး အဖြေကို အမြန်ဆုံးသိရှိနိုင်ရန် ပို့ဆောင်သွားမည်ဖြစ်သည်။ ရောဂါပိုးမရှိပါက နေရပ်သို့ ချက်ချင်းပြန်လည်စေလွှတ်မည်ဖြစ်ပြီး မိမိအရပ်ဒေသတွင် ကန့်သတ်စောင့်ကြည့်မှုဖြင့် ဆက်လက်နေထိုင်ရမည်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းထံမှ သိရသည်။

ယာဆေး(ပြန်/ဆက်)

ကြေးမုံ ယနေ့ ဖတ်စရာ

ဇူလိုင်လတွင် စာသင်ကျောင်းများ ပြန်ဖွင့်မည့်အပေါ် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၁၀

တောင်ကိုရီးယား၌ ပိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာသဖြင့် စာသင်ကျောင်းများ ပြန်လည်ပိတ်ခဲ့ရ

စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတကာ ခရီးသွားလာမှုအခြေအနေ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ လျော့ကျနိုင်ဖွယ်ရှိ

စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅